

စာပေဗိမာန်စာမူဆုရ

# မြန်မာ့နှဲ

# နှဲ ဦးမြကြီး

၊ ကော့မှူး ၊

၁၉၉၂ ခုနှစ် စာပေဗိမာန်စာမူဆု
မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ ပထမဆုရ

# မြန်မာ့နှဲ

နှဲဦးမြကြီး (ကော့မှူး)

အဖုံးပန်းချီ- မြတ်ဟန်

ကက်သလစ်သာသနာ
ရန်ကုန်မြို့

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

# မာတိကာ

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | စကားနိဒါန်း | ၇ |
| ၁။ | ပလွေ၊ နဲ တူရိယာများ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း | ၈ |
| ၂။ | ပလွေ၊ နဲ ပြုလုပ်ပုံ | ၁၂ |
| ၃။ | မြန်မာ့နဲ အမျိုးအစားများအလိုက် အသုံးပြုပုံ | ၂၀ |
| | (က) နဲကြီး | ၂၀ |
| | (ခ) သံလတ်တံနဲ | ၂၇ |
| | (ဂ) သံထီးတံနဲ | ၃၀ |
| | (ဃ) ဝံသာနုနဲ | ၃၆ |
| | (င) သံကျပ်တံနဲ | ၃၈ |
| | (စ) သံကပ်တံနဲ | ၃၉ |
| | (ဆ) စီရှပ်သံနဲ | ၄၁ |
| ၄။ | နဲမှုတ်ပုံမှုတ်နည်းစနစ်များ | ၄၇ |
| ၅။ | ဂီတဝိုင်းများတွင် ပါဝင်သော နဲ၏အခန်းကဏ္ဍ | ၅၆ |
| ၆။ | နဲနှင့် နဲကိုအခြေခံ၍ ပြုလုပ်ထားသော လေမှုတ်တူရိယာများ နှိုင်းယှဉ်ချက် | ၆၆ |
| ၇။ | ထင်ရှားကျော်ကြားခဲ့သော မြန်မာ့နဲပညာရှင်ကြီးများ | ၆၈ |
| ၈။ | နဲ အဓိကထား မှုတ်ရသော သီချင်းစာသားအချို့နှင့် သင်္ကေတများ | ၆၉ |
| | ကိုးကားသောကျမ်းများနှင့် စာအုပ်များ | ၇၀ |

# စကားနိဒါန်း

မြန်မာ့တူရိယာဝိုင်းများထဲတွင် နှဲသည် အထူးအရေးပါ၍ အသုံးတွင်ကျယ်သော ဂီတပစ္စည်း တစ်ခု ဖြစ်လေသည်။

မြန်မာနှဲကိုမှုတ်၍ မြန်မာပြည်တွင်း၌သာမက နိုင်ငံရပ်ခြားတိုင်းပြည်များမှပင် မြန်မာ့ဂီတ ဂုဏ်ကို ဖော်ဆောင်ခဲ့သူပီပီ မိမိမြတ်နိုးသော၊ တန်ဖိုးထားသော နှဲနှင့်ပတ်သက်သမျှ အကြောင်းအရာ များကို လေ့လာမှတ်သားထားမိသမျှ မှတ်တမ်းတင်ထားခဲ့ချင်သည့်ဆန္ဒ၊ မြန်မာနှဲ၏ အနုပညာတန်ဖိုး ကို နားလည်သဘောပေါက်ပြီး နှဲပညာကို လေ့လာလိုက်စားသူ များပြားလာစေချင်သည့် စေတနာ တို့၏ နှိုးဆော်မှုတို့ကြောင့် ဤစာမူကို ရေးသားတင်ပြရခြင်းဖြစ်သည်။

ဂန္ဓဗ္ဗအတတ်ဟူသည် တီးမှုတ်သီဆို ကခုန်ခြင်း၊ ကဗျာလင်္ကာ ဖွဲ့ဆိုခြင်းအတတ်ပင်ဖြစ်လေ သည်။ ယင်းအတတ်ပညာကို မြန်မာ့စာပေကျမ်းဂန်များ အရ ရှေးအခါကပင် တန်ဖိုးထား နေရာပေးခဲ့ ကြောင်း သိရှိရသည်။

အရိုးကို အရွက်မဖုံးစေရအောင် မြန်မာ့ဂီတ အရသာ အဆိအနှစ်တို့ကို မြန်မာ့တိုင်းရင်းဖြစ် မြန်မာ့တူရိယာတို့ဖြင့် ဖော်ထုတ်ရာတွင် နှဲသည် အဓိက တူရိယာပစ္စည်းတစ်ခု ဖြစ်လေသည်။

မြန်မာတို့၏ တူရိယာဂီတပစ္စည်းများ၌ အခြေခံအားဖြင့် သံစဉ်ခုနစ်ပါး ရှိပေသည်။ မြန်မာ တို့သည် လိုအပ်သော သံစဉ်တို့ကို ရနိုင်စေရန် အတီးအမှုတ်တူရိယာများကို မြန်မာပြည်တွင်းဖြစ် ပစ္စည်းများဖြင့် စိတ်တိုင်းကျ ပြုလုပ်နိုင်ခဲ့လေသည်။ မြန်မာတို့၌ မူရင်းသံစဉ် ခုနစ်ပါးသာ ရှိသော် လည်း ဆင့်ပွားတီထွင်ယူခြင်းအားဖြင့် ယနေ့ နိုင်ငံတကာသုံးသံစဉ် တစ်ဆယ့်နှစ်မျိုးစလုံးကို မြန်မာ တူရိယာ အတီးအမှုတ်ပစ္စည်းများမှ ရရှိလာသည်။ ထို့ကြောင့် မြန်မာ့တေးဂီတ မြန်မာ့သံစဉ်စစ်စစ် တေးသွားများကို တိုင်းရင်းဖြစ် မြန်မာတူရိယာတို့ဖြင့် တီးမှုတ်သောအခါ ဌာန်ကရိုဏ်းကျနစွာ ပြည့်စုံမှု ရှိခဲ့သလို နိုင်ငံခြားသံစဉ်များတွင်ပါသည့် ကြားသံခေါ် အသံဝဲများကို တီးမှုတ်သည့်အခါတွင်လည်း အဆင်ပြေ ချောမွေ့မှု ရှိနေခဲ့ခြင်းဖြစ်သည်။

မြန်မာပြည်တွင်းဖြစ်ပစ္စည်းများကိုသာ အသုံးပြု၍ ပြုလုပ်ထားသော မြန်မာ့နှဲအကြောင်း နှစ်ပေါင်းများစွာ ကိုယ်တိုင်ကိုယ်ကျ လေ့လာမှတ်သားထားခဲ့သမျှကို ကစ်ဆင့်ပြန်လည် တင်ပြရင်း နှဲဆရာကြီးများဖြစ်ကြသော ဦးသာကျင်၊ ဆရာညွန့်၊ မြန်မာညွန့် ဦးချစ်မောင်၊ ဦးစိန်ဗလ၊ ဦးကျော်စိန်၊ ဆိုင်းဆရာကြီး ဦးစိန်နွဲ့၊ ဂီတသုတေသန ပညာရှင် ဆရာ သန်းလျှင်ဦး၊ မြဦးနှင့်တကွ သင်ဆရာ၊ ကြားဆရာ၊ မြင်ဆရာများဖြစ်ကြသည့် မြန်မာ့ဂီတပညာရှင်ကြီးများအားလုံးကို ဦးညွှတ်ကန်တော့ လိုက်ပါသည်။

## အခန်း (၁)

# ပလွေ၊ နဲ့ တူရိယာများဖြစ်ပေါ်လာပုံ သမိုင်းကြောင်း

မြန်မာ့ရှေးဟောင်းတူရိယာ ၃၇ မျိုးရှိရာ စည် ၁၃ မျိုး၊ ကြေး ၁၀ မျိုး၊ တပိုး ၈ မျိုးနှင့် အငြိမ့် ၆ မျိုးတို့ဖြစ်သည်။

တပိုးရှစ်မျိုး ဟူသည်မှာ ခရာမြှာ၊ ခရာကောက်ဒုလောင်း လက်တံရှည်ဖက်လိပ်၊ ချည်ချောင်း၊ ပလွေနှင့် နဲ့တို့ဖြစ်ကြသည်ဟု စာရေးဆရာ ခေတ္တရာ မောင်မောင်က ရေးသား ဖော်ပြခဲ့လေသည်။

ဆောင်းပါးရှင် ဦးရည်စိန်ကလည်း အေဒီ ၈၀၂ ခုနှစ် ပျူယဉ်ကျေးမှု အကအဖွဲ့ တရုတ်ပြည်သွားခဲ့စဉ်က ခရုသင်းသည်လည်း လေမှုတ်တူရိယာထဲတွင် ပါဝင်ကြောင်း ရေးသားခဲ့လေသည်။

ပလွေသည် အရိုးခံ အတွင်းအခင်ပါသော လေမှုတ်တူရိယာဖြစ်သည်။ နဲ့သည်ကား တိုးတက်တီထွင်ထားသော အပြင်အခင်ပါ လေမှုတ်တူရိယာဖြစ်သည်။

ပလွေတွင် ခင်ပလွေ၊ ကျော်ပလွေဟူ၍ နှစ်မျိုးရှိသည်။ ယင်းသို့နှစ်မျိုးရှိသည့်အနက် ခေတ်သုံးသည် ခင်ပလွေဖြစ်သည်။ ခင်ပလွေကို အရင်းပေါက်မှ မှုတ်ရသည်။ ခင်ပလွေ၏ မှုတ်ပေါက် အတွင်းဘက်၌ အခင်ရှိသည်။ ကျော်ပလွေ၌ အခင်မရှိ။ မှုတ်ပေါက်ကို အထက်၌ ဖောက်၍ထားသည်။ မှုတ်သည့်အခါတွင် လေကို အထက်မှကျော်၍ သွင်းရသဖြင့် ကျော်ပလွေဟု ခေါ်ဟန်ရှိသည်။

ပုဂံမြို့ ကျန်စစ်မင်းတည်ထားသည့် အာနန္ဒာလိုဏ်အတွင်း ဗုဒ္ဓဝင်ကျောက်ချပ်တစ်ခုတွင် ဘုရားလောင်းအား ဖျော်ဖြေနေဟန် အမျိုးသမီးများအနက် အရုပ်တစ်ရုပ်မှာ ကျော်ပလွေကို မှုတ်နေဟန်ဖြစ်သည်။ တစ်ဖန် တရုတ်ပြေးမင်းတည် မင်္ဂလာစေတီစဉ့်ချပ်များအနက် တေမိကို ကချေနှင့် အလိုစမ်းဟု ရေးထားသောအချပ်တွင် အမျိုးသမီးရုပ်တစ်ရုပ်မှာလည်း ကျော်ပလွေကို ပင် မှုတ်နေဟန်ဖြစ်သည်။ ထိုကြောင့် ပုဂံခေတ်၌ ပလွေကို သုံးစွဲလျက်ရှိကြောင်း သိရပေသည်။

နဲ့နှင့် ပလွေမှာ ရှေးပဝေသဏီကာလကပင် အိန္ဒိယ၊ အီရန်၊ အီဂျစ်၊ ဣသရေလ၊ ဆီရီးယား၊ ဗဗီလိုနီးယား စသော အနောက်နိုင်ငံတို့ နှင့် အရှေ့ဘက် တရုတ်ပြည်တို့တွင် သုံးစွဲလျက်ရှိကြောင်း တူရိယာသမိုင်းများ၌ တွေ့ရသည်။

| | ဘာသာ | စကား | အနက် |
|---|---|---|---|
| ၁။ | တရုတ် | လု (အေ)၊ လုအွေ | ပလွေ |
| ၂။ | ထိုင်း | ပီ | ပလွေ |
| ၃။ | ရှမ်း | ပီ | ပလွေ |
| ၄။ | တိဗက် | ပီပီ | ပလွေ |
| ၅။ | မြန်မာ | ပီပီ | မှုတ်စရာ |
| ၆။ | ကချင် | ပျီ | ပလွေ |

အထက်ပါပုဒ်တို့ကို ဆင်ခြင်သော် မြန်မာအခေါ် ပလွေ၊ ပွေ့ သည် ရှမ်း၊ ထိုင်း၊ တိဗက်၊ မြန်မာအခေါ် ပီ၊ ပီပုဒ်တို့နှင့် တရုတ်အခေါ် လု (အေ)၊ လု (အွေ) တို့ကို ပေါင်းစပ်သဖြင့် ရအပ်သော စကားဖြစ်တန်ရာသည်ဟု မြန်မာပညာရှိ ဦးဖိုးလတ်က မြန်မာစကားအဖွင့်ကျမ်းတွင် လေ့လာတင်ပြထားခဲ့သည်။

လေမှုတ်တူရိယာကို သံစုံထွက်စေရာ၌ လေလျှောက်ရသောပြွန်အခေါင်း၏အလျား၊ အကျယ် ပမာဏအားဖြင့် လိုရာအသံကိုရအောင် ဖန်တီးပြုလုပ်ထားပေသည်။ ပလွေနှင့် နဲ့တို့တွင် လက်နှိပ်ပေါက်များရှိရာ ထိုအပေါက်ကိုလိုက်၍

အခင်ရင်းမှဖွင့်လျှပ်ရာအပေါက်အထိ မြွန်ရှည်ပမာဏသည် သတ်မှတ်သော အသံတစ်သံကို ပေါ်ထွက်စေပေသည်။ အသံများသည် အရင်းမှ အဖျားသို့ မြွန်အလျားရှည်လျှင် ရှည်သလောက် ဘယ်အသံကြီးများသို့ အသံကျသွားလေ့ ရှိပေသည်။

နံသည် ပလွေကို အရင်းခံ၍ တိုးတက်တီထွင်ထားသော တူရိယာပစ္စည်းဖြစ်ပေသည်။

ကမ္ဘာ့ပန်တျာ သုတေသနဆရာကြီးများ၏ အဆိုအရ အေရှမိုင်းနားနှင့် အာရေဗီးယားကြားရှိ နိုင်ငံများမှ နံသည် စတင်ပေါ်ပေါက်လာသည်ဟု သိရပေသည်။ ထိုတိုင်းပြည်များမှတစ်ဆင့် ခရစ်တော် မပေါ်မီ နှစ်ပေါင်း ၁၅၀၀ လောက်က အီဂျစ်ပြည်သို့ ပြန့်ပွား ရောက်ရှိလာသည်ဟု ဆိုလေသည်။ အီဂျစ်လူမျိုးများမှတစ်ဆင့် ရှရှလူမျိုးများထံ ရောက်ရှိပြီးနောက် ခြောက်ရာစုခေတ်လောက်တွင် ရှရှလူမျိုးများ၏ အနုပညာများသည် အာရှအရှေ့တောင်ပိုင်း ဒေသများသို့ ကူးစက်ပြန့်ပွားလာခဲ့ရာမှ အိန္ဒိယနိုင်ငံသို့လည်း ရောက်ရှိကာ ထိုမှတစ်ဆင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်ဟု ယူဆရပါသည်။

နှစ်လုံးတွဲ ဆူမေရီးယန်းနံများသည် ခရစ်မပေါ်မီ နှစ်ပေါင်း ၂၈၀၀ ခန့်ကတည်းက ပေါ်ပေါက်ခဲ့ကြောင်း ဝီလီအေပယ် ပြုစုသော ဟားဗတ် ဂီတအဘိဓာန်တွင် ရေးသားဖော်ပြထားပေသည်။ ထိုနှစ်လုံးတွဲနံနှင့် ဆင်တူသော တူရိယာပစ္စည်းများသည် အီဂျစ်၊ ဣသရေလ၊ ဂရိနှင့် ရောမတို့တွင် တွေ့ရှိရကြောင်းကိုပါ ဖော်ပြထားသည်။ အရှေ့တိုင်းနှင့် အရှေ့ဘက်စွန်းတိုင်းပြည်များတွင် နံကိုအသုံးပြုရာတွင် အနောက်တိုင်းမှ မှုတ်သလို နံခင်ကို နှုတ်ခမ်းလွှာနှစ်လွှာကြားထား၍ မှုတ်ခြင်းမဟုတ်ဘဲ နံခင်ကို ပါးစပ်တွင်ထည့်၍ မှုတ်သည်ဟူ၍လည်း ဖော်ပြထားပေသည်။

နံကို တရုတ်ဘာသာဖြင့် စောနဟူ၍လည်းကောင်း၊ မွန်ဂိုဘာသာဖြင့် စုဂုနဲ ဟူ၍လည်းကောင်း၊ သက္ကတဘာသာဖြင့် သာနာဟီ ဟူ၍လည်းကောင်း၊ မွန်ဘာသာဖြင့် သဏော ဟူ၍လည်းကောင်း၊ အာရဗီပါရှင်း ဘာသာဖြင့် ဆားနေး ဟူ၍လည်းကောင်း၊ အိန္ဒိယပြည်မြောက်ပိုင်း ဟိန္ဒီဘာသာဖြင့် ဆားနေးသို့မဟုတ် ရှနဲ ဟူ၍လည်းကောင်း ခေါ်ဝေါ်ရာ မြန်မာ ဘာသာ သနဲ ပုဒ်သည် ဟိန္ဒီဘာသာ ရှနဲသို့မဟုတ် ဆားနေး၊ မွန်ဘာသာ သဏော ပုဒ်တို့နှင့် တူသည်။

မြန်မာနိုင်ငံတွင် အင်းဝခေတ်သို့ရောက်သောအခါ သနဲ၊ နံဟူသော စပ်အင်းများကို ပျို့ကဗျာများတွင် တွေ့လာရပေပြီ။ သနှင့်ဆမှာ ပြောင်းလဲနိုင်သော အက္ခရာအသံများဖြစ်ရာ သနဲဟု ခေါ်ဝေါ်ရာမှ အလွယ်သို့ပြောင်းကာ နံဟု မြန်မာတို့က သတ်မှတ်ခေါ်ဝေါ်ဟန်တူသည်။

ပုဂံမြို့ ရွှေစည်းခုံစေတီရင်ပြင် မြောက်ဘက်ကြေးဂူတိုက် သစ်သားတံခါးရွက်တွင် နံမှုတ်နေဟန် ပန်းပုရုပ်တစ်ရုပ်ကို တွေ့ရပြီး ယင်းအရုပ်မှာ လွန်စွာရှေးကျပေသည်။ ထို့ကြောင့် နံကို ပုဂံခေတ်အခါတွင်လည်း ဆက်လက်အသုံးပြုလျက် ရှိကြောင်း သိရှိနိုင်ပေသည်။

စာပေအထောက်အထားများအရ သုဝဏ္ဏသျှံသစ္စာခန်းပျို့တွင် "**ညှင်းစောင်းနံမြွေ၊ ဦးမို့ဦးမို့ ခြေမှု**" ဟု ထည့်သွင်းစပ်ဆိုထားသည်ကို တွေ့ရပေသည်။

တစ်ဖန် နေမိဘုံခန်းပျို့တွင်လည်း "**တံပိုးသံကျာ၊ စိန်ခရာလည်း၊ နှစ်မြွာကွေးလည်း၊ ကျူးမြည်လျက်၊ ပိတ်ကျည်သနဲ၊ ရင်နဲပဒွင်၊ စည်းသံလွင်လွင်နှင့်**" ဟူ၍ ဖွဲ့ဆိုထားသည်ကို လေ့လာရပေသည်။

တစ်ဖန်မဟာသီလပျို့ထဲတွင်လည်း "**ငါးသွယ်ပဒွင်း၊ သံလွင်ဒုံမင်း၊ စောင်းညှင်းစန္ဒရား၊ ပတ္တလားအိမ်ရှင်၊ ပျော်ရွှင်ပွယ်နိုး၊ မြွေတံပိုးကာ၊**

မုရိုးခရာ၊ ကြော်ကြာခွက်ခွင်း၊ ညှင်းညှင်းမြည်ဟိန်း၊ မုဒိန်းကြေးနင်း၊ ခရုသင်းကျာကျာ၊ နှဲသာငေါ်ငေါ်၊ ပလွေကျော်အောင်၊ လက်ပိုက်စောင်းနှင့်၊ မိကျောင်းလက်အုပ်၊ စည်းစုတ်မြှောက်စည်၊ တံရှည်တံမြှာ၊ သပြေသာက၊ ဆိုင်ရာရွှန်းရွှန်း" စသဖြင့် တူရိယာပစ္စည်း အမျိုးအမည်အတော်များများကို ထည့်သွင်းစပ်ဆိုထားရာတွင်လည်း နှဲဟူ၍ တိတိကျကျ ပီပီပြင်ပြင် ခေါ်ဝေါ်သုံးစွဲထားသည်ကို တွေ့ရှိရပေသည်။

အင်းဝခေတ်တွင် မွန်နှဲ၊ မြန်မာနှဲဟူ၍ နှစ်မျိုး တီးမှုတ်သည်ဟု ဆိုပါသည်။

ဆိုင်းနှင့်စောင်းမှလွဲ၍ အတီးသံစုံတူရိယာတို့၏ သံစဉ်ခုနစ်ခုတို့မှာ တစ်သံစီတိကျစွာ ညှိထားသောအသံများဖြစ်သောကြောင့် တီးခတ်လိုက်သည့်အခါတွင် တစ်သံစီတိကျပြတ်သားကွဲပြားစွာပေါ်ထွက်လာသည်။ အမှုတ်သံစုံတူရိယာတို့၏ သံစဉ်ခုနစ်ခုတို့မှာလည်းအတီးသံစုံတူရိယာများကဲ့သို့ပင် ပတ်တစ်လုံး နှဲတစ်ပေါက် တိကျသော အသံများရအောင်မှုတ်နိုင်သည့်အပြင် တစ်ခြမ်းသံ၊ တစ်စိတ်သံများကိုလည်း စုံလင်စွာမှုတ်နိုင်ပေသည်။

တူရိယာဂီတသံစဉ်များကို မှည့်ခေါ်ရာတွင် တစ်ပေါက်သံ နှစ်ပေါက်သံဟူသော ဝေါဟာရများကို အသုံးပြုတတ်ကြပေသည်။ ယင်းတစ်ပေါက်သံ၊ နှစ်ပေါက်သံဆိုသည်မှာ နှဲ၊ ပလွေတို့၏ အပေါက်များမှ ဖြစ်ပေါ်လာသောအသံများကို အမှီပြု၍ ခေါ်ဆိုကြခြင်းဖြစ်ပေသည်။ ကြေးသံ၊ မောင်းသံတို့မှာ နှဲကြီး၏အသံများဖြင့် ညှိထားခြင်းဖြစ်ပြီး ထိုမှတဆင့် ပတ်လုံးများကို အသံညှိယူရခြင်း ဖြစ်သည်။ နှဲမှဖြစ်သော အသံများကို အကြောင်းပြုကာ ပတ်သံ၊ ကြေးသံ၊ မောင်းသံတို့မှစ၍ တူရိယာများကို တီးမှုတ်ရာတွင် သံစဉ်များကို လေးပေါက်သံ၊ ငါးပေါက်သံ စသည်ဖြင့် အလွယ်တကူ ခေါ်ဝေါ်အသုံးပြုကြပေသည်။

အခန်း (၂)

# ပလွေ၊ နှဲပြုလုပ်ပုံ

နှဲအဖြစ်သို့ ဆင့်ပွားတီထွင်ယူခဲ့သည့် မူလအခြေခံဖြစ်သည့်ပလွေပြုလုပ်ပုံကို ဦးစွာတင်ပြလိုပါသည်။

## (က) ပလွေပြုလုပ်ပုံ

ရှေးခေတ်က ပလွေကို ကြိမ်၊ ဝါး၊ ကြေးတို့ဖြင့် ပြုလုပ်ခဲ့သည်။ ယခုခေတ်တွင်မူ ကြေးနှင့်ကြိမ်ကို အသုံးမပြုတော့ဘဲ ဝါးနှင့် ပလတ်စတစ်ပိုက်များကိုသာ အသုံးပြုပေသည်။ ပလွေ၏ အချိုးအစားမှာ ဝါး၊ ကြေး သို့မဟုတ် ပလတ်စတစ်ပိုက်တို့၏ အဝကျယ်ကိုလိုက်ပြီး လက်ပေါက်ဖောက်ရသည်။

ရှေးက ပလွေတွင် လက်ပေါက် ၇ ပေါက်၊ သရပေါက် ၁ ပေါက်၊ ပင်လယ်ကူးပေါက် ၁ ပေါက်နှင့် အမှေးပေါက် ၁ ပေါက်၊ စုစုပေါင်း ၁၀ ပေါက် ဖောက်ရသည်။ ယခုခေတ်တွင် အမှေးပေါက် ၁ ပေါက် မဖောက်တော့ဘဲ စုစုပေါင်း ၉ ပေါက်သာ ဖောက်ကြသည်။ ထို့ကြောင့် ရူးရှရှ စွာတာတာရှိသောအသံ ပျောက်ကွယ်သွားလေသည်။

ပလွေ လက်ပေါက်ဖောက်ရာတွင် ပလွေပြုလုပ်မည့် ဝါး၏အချင်းဝန်း သို့မဟုတ် လုံးပတ်အလျားကို တိုင်းထွာပြီး သုံးချိုး ချိုးရသည်။ အောက်ဘက်မှ နှစ်ချိုးအကွာတွင် အောက်ဆုံးလက်ပေါက်ကို ဖောက်ရသည်။ ထိုအပေါက်မှ အထက်သို့ ပြုလုပ်မည့် ဝါး၏ အချင်းအကွာအဝေးအတိုင်း အပေါက်များကို တစ်ဆင့်ပြီးတစ်ဆင့် ဖောက်ရသည်။ စုစုပေါင်းလက်ပေါက် ခုနစ်ပေါက် ဖောက်ရသည်။ လက်ပေါက်များဖောက်ပြီးနောက် အထက်အပေါ်ဆုံးနှစ်ပေါက်ကြား အောက်ဘက်တွင် သရပေါက် တစ်ပေါက်ကို ဖောက်ရသည်။ အထက်ဆုံးလက်ပေါက်မှာ



ဝါးပလွေကြီး၊ ကြေးပလွေ၊ ဝါးပလွေ၊ ပိုက်ပလွေ (ခင်ပလွေ)၊ ကျော်ပလွေ

ဝါး၏ အကွာအဝေးတွင် ပင်လယ်ကူးပေါက်၏ ဗဟိုချက်ကို ထားရသည်။ အမှုတ်ပေါက်မှာ ပလွေ၏ ပင်လယ်ကူးပေါက်နှင့် လက်ပေါက် အထက်ဆုံးအပေါက်ကြားတွင် ဖောက်ရသည်။

## (ခ) နဲ့ပြုလုပ်ပုံ

နဲ့မှာ နဲ့ကြီး၊ နဲ့ကလေးဟူ၍ နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတွင် နဲ့ကြီးသည် မူလအသံတွင်ရာတွင် ပဓာနဖြစ်သည်ဟု ဆိုကြသည်။

နဲ့တွင် အင်္ဂါအစိတ်အပိုင်းခြောက်ခု ပါဝင်သည်။

(၁) နဲ့ခင်၊
(၂) သပွတ်တံ (တံပွတ်တံ) သို့မဟုတ် နဲ့ကျည်ပွတ်၊
(၃) နဲ့တံ သို့မဟုတ် နဲ့လုံး သို့မဟုတ် နဲ့ရိုး၊
(၄) နဲ့ခြေ သို့မဟုတ် နဲ့အော်လဲ၊
(၅) ပါးကွယ် သို့မဟုတ် ဒနောတို့ ဖြစ်ကြသည်။

နဲ့ပြုလုပ်ရာတွင် လိုအပ်သည့် အကြမ်းထည်ပစ္စည်းများနှင့် အသုံးအဆောင်ကိရိယာတို့မှာ ဖော်ပြပါအတိုင်းဖြစ်သည်-

(၁) မိမိပြုလုပ်မည့် နဲ့တံ၏ အတိုင်းအထွာအရ လိုအပ်သည့် အသားမာသစ်သားချောင်း၊
(၂) နဲ့ဖောက်စူးမှား၊ အူစူး (ခေတ်အခေါ် ခိုးစူး၊ ရှေးအခေါ် ရသေ့စူး) သုံးမြှောင့်စူး၊ လေးမြှောင့်စူးနှင့် ကော်ပတ်စူးများ၊
(၃) နဲ့ခင် ပြုလုပ်ရန် ထန်းရွက်၊
(၄) နဲ့ခင်အတွက် ထန်းရွက်ကိုလှီးဖြတ်ရန် မောင်းချဓားငယ်၊
(၅) လှီးဖြတ်ပြီး ထန်းရွက်ကို အသားသေအောင် ဖိရန် ဘိ၊
(၆) ချည်ကြိုးကျစ်ရန် ဝါးမျှင်။

### (၁) နဲ့ခင်

နဲ့အခင် သို့မဟုတ် လျှာခင် သို့မဟုတ် နဲ့ခင်ဟု ခေါ်သောပစ္စည်းကို နဲ့၏တံပွတ်တံ အဖျားတွင် စွပ်ထားရသည်။

နဲ့ခင်ကို ထန်းရွက်ဖြင့် ပြုလုပ်ရသည်။ ထန်းရွက်မှာ ထန်းဖိုရွက်၊ ထန်းမရွက်ဟူ၍ နှစ်မျိုးရှိသည်။ ထန်းဖိုရွက်မှာ အကြောပြောင်နေပြီး နဲ့ခင်ပြုလုပ်ရန် ပို၍ကောင်းမွန်သည်။ ထန်းမရွက်မှာ အကြောကြီးပြီး ထန်းဖိုအရွက်လောက် နဲ့ခင်ပြုလုပ်ရန် မကောင်းပေ။ ထန်းရွက်ချင်းတူလျှင် အညာပိုင်းဒေသ မိုးခေါင်ရေရှားရပ်ဝန်းရှိ သဲမြေနှင့် ကျောက်မြေတို့ ရောစပ်သည့်နေရာတွင် ပေါက်သောထန်းပင်မှ အရွက်က ပို၍ကောင်းပေသည်။

အညာအရပ်တွင် ပေါက်ရောက်သောထန်းရွက်ကို သုံးခြင်းအားဖြင့် နဲ့ခင်ကို ရေနှင့်ထိလျှင် သို့မဟုတ် အငန်နှင့်ထိလျှင် ပျော့ပျောင်းသွားခြင်း မရှိတတ်သောကြောင့် ဖြစ်သည်။ ထန်းရွက်နုလွန်းလျှင်လည်း မကောင်း၊ ရင့်လွန်းလျှင်လည်း မကောင်းပြန်ပေ။ သက်တမ်း ၄၉ ရက်သားရှိသည့် ထန်းရွက်သည် နုလည်းမနုလွန်း၊ ရင့်လည်း မရင့်လွန်းသောကြောင့် နဲ့ခင် ပြုလုပ်ရာ၌ အကောင်းဆုံး ဖြစ်ပေသည်။ ထိုထန်းရွက်ကို ကျိုးတောင်ညိုသို့မဟုတ် ကျိုးမနားရွက် သို့မဟုတ် ကျိုးညိုတောင်ဟုခေါ်သည်။ ထန်းဖူးအောက် ထန်းလက်ကြားတွင်ရှိသော အရွက်ဖြစ်သည်။ ထိုထန်းရွက်ကို ခုတ်ယူပြီး မန်ကျည်းရွက်ကြမ်း သို့မဟုတ် မန်ကျည်းမှည့် သို့မဟုတ် ကင်ပွန်းချဉ်ရွက် စသည့် ရရာအချဉ်တစ်မျိုးမျိုးဖြင့် သုံးလေးရေ ပြုတ်ပစ်ရသည်။ ထိုသို့ပြုတ်သောအခါတွင် အောက်ဆုံးမှ အချဉ်ကိုခံပြီး အလည်တွင် ထန်းရွက်ထည့်ကာ အပေါ်ဆုံးတွင် အချဉ်တစ်ထပ် ထပ်ထည့်အုပ်ပြီး ပြုတ်ရသည်။ အချဉ်ရည်ဖြင့် အထပ်ထပ် ပြုတ်ပစ်လိုက်သောအခါတွင် အဖန်ရေများ ထွက်သွားတော့သည်။ အချို့က ပြုတ်သောအခါ

ထန်းရွက်အရောင် လှပလာစေရန် နန္ဒင်း သို့မဟုတ် ဆေးရွက်ကြီး၏ အရိုးကို ထည့်ပြုတ်တတ်ကြသည်။

ပြုတ်ပြီး နပ်သောအခါ နေရောင်တွင် အခြောက်လှန်းရသည်။ ခြောက်သော် ကျပ်ခိုးစင်ပေါ်တွင် ကျပ်ခိုးစွဲအောင် နှစ်လ၊ သုံးလခန့် တင်ရသည်။ ကျပ်ခိုးတင်ရာတွင် မီးခိုးဝအောင် မျှတစွာ လှန်ပေးရသည်။ ကျပ်ခိုးတင်ခြင်းမှာ ပိုးမထိုးစေရန်နှင့် သုံးရာတွင် ကြာရှည်ခံစေရန် ဖြစ်သည်။ ထို့ပြင် နှဲခင်အဖြစ် အသုံးပြုရာတွင် ပါးစပ်တွင်တပ်၍ မှုတ်ရလေရာ ထန်းရွက်အလွှာကလေးများ ကြားထဲသို့ တံတွေးများ ဝင်သွားတတ်သည်။ ထိုအခါ အသံပျက်သွားပြီး အသံထွက် မကောင်းတော့ပေ။ ကျပ်ခိုးတင်ပြီးသားထန်းရွက်မှာ တံတွေးမဝင်နိုင်သဖြင့် အသံမှာ အစဉ်ကြည်လင် ပီသပြီး ကြာရှည်အသုံးခံလေသည်။

ထန်းရွက်၏အလယ်တွင် အရွက်ရိုးတစ်ခုရှိသည်။ ထိုအလယ်ရိုးကို ဓားဖြင့်လှီးဖယ်လိုက်လျှင် အရွက်နှစ်ရွက် ရရှိပါသည်။ ထိုနှစ်ရွက်ထဲမှ မိမိနှင့်သက်သည့် တစ်ရွက်ကိုယူကာ အရှည်ခြောက်လက်မ ခွဲယူ၍ အလယ်ခေါင်ကိုချိုးပြီး တစ်ဖက်သုံးခေါက် ခေါက်ရပါမည်။ နှစ်ဖက်စလုံးခေါက်သောအခါ ခြောက်ခေါက်ရပါမည်။ အချို့ကလည်း တစ်ဖက် လေးခေါက် ခေါက်သည်။ နှစ်ဖက်ခေါက်သောအခါ ရှစ်ခေါက်ရသည်။ ခြောက်ခေါက်လည်း သို့မဟုတ် ရှစ်ခေါက်လည်း သုံးသည်။ အခြားနည်းတစ်ခုမှာ အညာခေါက်ဟု ခေါ်သောနည်းဖြစ်သည်။ ယင်းနည်းမှာ ကျပ်တင်ပြီး ထန်းရွက်၏ အလယ်မှအရိုးကို ဖယ်ထုတ်ခြင်း မပြုဘဲ အရှည်လေးလက်မဖြတ်၍ ထိုအရိုးကို အလယ်ဗဟိုထားပြီး တစ်ဖက် သုံးခေါက်၊ နှစ်ဖက်ပေါင်း ခြောက်ခေါက် ခေါက်၍လည်း အသုံးပြုကြသည်။ ထိုနည်းမှာ အထူအပါး ကိုက်ညီသည့်အပြင် ထန်းရွက်လည်း အကုန်သက်သာပေသည်။

အထက်ပါအတိုင်း ထန်းရွက်ကို မိမိအလိုရှိသလို ခြောက်ခေါက် သို့မဟုတ် ရှစ်ခေါက်ခေါက်ပြီး အသားသေသွားစေရန် ထန်းရွက်ဘိထဲတွင် ဖိညှပ်ထားရသည်။ ထိုကဲ့သို့ မပြုလုပ်နိုင်လျှင် လေးလံသော အရာဝတ္ထုတစ်ခုခုဖြင့် အပေါ်မှ ခပ်ကြာကြာဖိထားလျှင်လည်းရပေသည်။ ကြာ၍ အသားသေသွားသည့်အခါကျမှ ပြန်၍ထုတ်ယူကာ ရေခပ်နွေးနွေးတွင် စိမ်ရပြန်သည်။ ပျော့ပျောင်းနူးညံ့မှု အနေတော်ရှိလာသည့်အချိန်တွင် ဓားငယ်ဖြင့် လှီးဖြတ်၍ အခင်ပုံစံ ပြုလုပ်ရလေသည်။

ခေါက်ပြီးထန်းရွက်ကို အခင်ပုံ လှီးဖြတ်ရာတွင် အောက်ခြေမှစ၍ ထန်းရွက်ကို ဓားဖြင့်ထစ်ပြီး ချည်ကြိုးကို ဘူးလည်သီးခတ်၍ ထန်းရွက်ခြောက်ခေါက်ရှိသည့်အနက် တစ်ဖက်သုံးခေါက်ကြားထဲသို့ တံကျင်တံ ထိုးထည့်ထားကာ ပထမအဆင့်အနေဖြင့်လှီးရသည်။ ထို့နောက် ထန်းရွက်ခြောက်ခေါက်စလုံးကို တံကျင်တံအရင်းမှနေ၍ ဓားအပြားဖြင့် ရိုက်ပြီးမှ ဒုတိယအဆင့်အနေဖြင့် ချည်ကြိုးဖြင့် ဘူးလည်သီး ပြန်ခတ်နည်းဖြင့် ဆက်၍ချည်ကာ မိမိကြိုက်နှစ်သက်သော နှဲ၏ အခင်ပုံကိုယူပြီး လှီးဖြတ်ရပေသည်။

နှဲ၏ အခင်ပုံစံမှာ လေးငါးမျိုးရှိသည်။ အချို့က ကြေးစည်ပုံ၊ အချို့က ဘောင်စောင့်၊ အချို့က ဇလားပုံ၊ အချို့က ငှက်တော်အမြီးပုံ၊ အချို့က မြင်းခွာပုံ၊ အချို့က ထိပ်တိတိ စသည်ဖြင့် မိမိနှစ်သက်ရာ ပုံသဏ္ဌာန် ရရှိအောင် လှီးဖြတ်ယူနိုင်ပေသည်။ တံကျင်တံကို ထိုးသွင်းထားနှင့်သဖြင့် နှဲအခင်ကို ခုတ်လှီးပြီးသောအခါ လေကြောင်းပါပြီးသည့် နှဲအခင်ကို ရနိုင်သည်။ လေကြောင်းပါသော နှဲခင်မှသာ နှဲသံကို မပေါ်ထွက်နိုင်တော့ပေ။ ထိုအခါ တံကျင်တံဖြင့် နှဲခင်ကြားသို့ ထိုးသွင်းကာ လေကြောင်းပြန်ဖော်ပေးရသည်။

နှဲခင်ချည်သော ကြိုးမှာ မြန်မာချည်ဖြစ်သည်။ ဝါမှ ချည်မျှင်ရအောင်လုပ်ပြီး ထိုချည်မျှင်ကို တစ်လက်မ၏ ရှစ်ပုံတစ်ပုံခန့်ထူအောင်

လေးလွန်းတင် ကျစ်ရသည်။ သို့မှ ချည်ရာတွင် အချိုးကျ၍ ခိုင်မြဲသည်။ ကြိုးကောင်းမှ အသံကောင်းသည်။ ကြိုးမာမာကျစ်ထားလျှင် နှဲသံမာသည်။ ပို၍မြည်သည်။ ကြိုးပျော့ပျော့ကျစ်ထားလျှင် နှဲသံပျော့သည်။ နွဲ့သည်။ ဆိုင်းဝိုင်းကြီးနှင့် တွဲဖက် တီးမှုတ်သည့်အခါ ကြိုးအမာကို ကြိုက်ကြသည်။ စောင်း၊ ပတ္တလား စသည့် တူရိယာများနှင့် တွဲဖက်တီးမှုတ်သည့်အခါမူ ကြိုးအပျော့ကို ကြိုက်ကြသည်။

အသံမာကို မှုတ်ရခြင်းမှာ လွယ်ကူသည်။ အသံပျော့ကို မှုတ်ရခြင်းမှာ ခက်ခဲသည်။ နှဲသင်စ သင်တန်းသားများသည် အသံမာကို စတင်၍ အမှုတ်ကျင့်ရသည်။ အလေ့အကျင့်များလာသည့် အခါကျမှ အသံပျော့ကို မှုတ်နိုင်သည်။ နှဲသံ နွဲ့အောင် မှုတ်နိုင်သည်။

နှဲခင်ကို ကြိုးဖြင့်ချည်ရာတွင် ပထမဦးဆုံး နှဲခင်အောက်ဆုံးအရစ်ကိုမူ ဘူးလည်သီးပြန်ခတ်နည်းကို အသုံးပြု၍ချည်သည်။ ကြိုးစ နှစ်စကို သင့်တော်၍ ကြည့်ကောင်းသော အနေအထားတွင် ချန်ထားရသည်။

ချည်ကြိုးကို နမောဗုဒ္ဓကြိုး ဟူ၍လည်း ခေါ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ရှေးနှဲဆရာကြီးများသည် နှဲခင်အောက်ဘက်ကို ပထမဦးဆုံး ဘူးလည်သီးခတ်နည်းဖြင့် ချည်ရာတွင် နမောဟု ရွတ်ဆိုပြီးအထက်ဘက်ကို ဘူးလည်သီးပြန်ခတ်နည်းဖြင့် ချည်ရာတွင် ဗုဒ္ဓ ဟု ရွတ်ဆို၍ ချည်ခဲ့ကြသည့်အတွက်ဖြစ်သည်။

နှဲခင်ကို မြန်မာ့ရာသီဥတုနှင့် ကိုက်ညီသည့် အပူအအေး ညီမျှသော ထန်းခေါက်ဖာကလေးထဲတွင် ထည့်ကာသိမ်းရသည်။ သို့မဟုတ်က ဓာတ်ပျက်သွားတတ်သည်။ ဓာတ်ပျက်သွားသည့်အခါ အသံပါ ပျက်သွားတတ်ပေသည်။

## (၂) နှဲသပွတ်တံခေါ် နှဲကျည်ပွတ်

နှဲသပွတ်တံသည် အထက်ကျဉ်း၊ အောက်ကျယ် အခေါင်းပါသည့် ကိရိယာဖြစ်သည်။ နှဲသပွတ်တံကို အလေးချိန် တစ်ပဲသားခန့်ရှိ ရွှေ၊ ငွေ၊ သံမဏိ၊ ကြေးနီ၊ ကြေးဝါ အစရှိသည့် သတ္တုတစ်မျိုးမျိုးဖြင့် ပန်းထိမ်တွင်အပ်၍ပြုလုပ်လေ့ရှိကြသည်။ ရှေးက သစ်သားဖြင့်လည်း ပြုလုပ်ကြသည်။ သို့သော် တံတွေးအငန်ဓာတ်ကြောင့် နှစ်ကြာလာသည့် အခါကျိုးသွားတတ်သည်။ ထို့ကြောင့် ယခုခေတ်တွင် အသုံးမပြုကြတော့ပေ။ သံမဏိမှာ တာရှည်ခံသဖြင့် အသုံးများကြသည်။ ကြေးနီသပွတ်တံ



နှဲဖောက်ရန် သစ်သားချောင်းနှင့် ပွတ်တင်ပြီးသော နှဲလုံး

မှာ အသံထွက် ထိုင်းသည်။ အသံပျော့သည်။ ကြေးဝါသပွတ်တံမှာ အသံထွက် အနည်းငယ် မာသည်။ မနွဲ့ပါ။ ငွေသပွတ်တံမှာ အသံထွက် စွာသည်။ ဖြာသည်။ သွက်သည်။

သပွတ်တံများကို ပြုလုပ်သည့်အခါ အပေါ်တွင် တစ်ချိုး၊ အောက်တွင် သုံးချိုး ထားရပေသည်။

နှဲကလေးတွင် သပွတ်တံ၏ အလျားသည် တစ်လက်မခွဲခန့်ရှိပြီး နှဲကြီးတွင် သပွတ်တံ၏ အလျား နှစ်လက်မခွဲခန့် ရှိပေသည်။ နောက်တစ်နည်း နှိုင်းယှဉ်ပြရလျှင် နှဲလေးသပွတ်တံသည် နှဲလေးလက်ပေါက်တစ်ပြန် အလျားရှိပြီး နှဲကြီးသပွတ်တံသည် နှဲလေး လက်ပေါက်၏ အလျားနှစ်ပြန် ရှိလေသည်။

သပွတ်တံ၏ အလယ်တွင် ကြေး သို့မဟုတ် ငွေဖြင့် ခြေကျင်းပတ်ပေးထားပြီး အောက်ခြေအဝကျယ်မှ ခြေကျင်းအထိ အပ်ချည်ဖြင့် ခပ်ထူထူပတ်ပေးရသည်။ အပ်ချည်ဖြင့် ပတ်ပေးရခြင်းမှာ နှဲခင်ထည့်သည့် ထိပ်ပေါက် လေလုံစေဖို့ဖြစ်သည်။ ခြေကျင်း ပတ်ပေးရခြင်းမှာ ပတ်ထားသည့်ကြိုး မပြေဘဲ မြဲမြဲနေစေရန် ဖြစ်ပေသည်။

**(၃) နှဲတံ သို့မဟုတ် နှဲရိုး သို့မဟုတ် နှဲလုံး**

နှဲတံကို အများအားဖြင့် မာကျောပြီး အသွေးအရောင်ကောင်းသော ရှားသား၊ ပိတောက်သား၊ သစ်ကနက်သား၊ ယင်းတိုက်သား၊ ပျဉ်းကတိုးသား၊ ကျွန်းသား စသည်တို့ဖြင့် ပြုလုပ်လေ့ရှိကြပေသည်။ ယင်းတိုက်သားနှဲတံမှာ အသံသွင်းရာတွင် အသံကောင်းသဖြင့် အသုံးများသည်။ ကျွန်းသားမှာ အသံသိပ်မမြည်သောကြောင့် အသံသွင်းရာတွင် များစွာမသုံးပေ။ ပျဉ်းကတိုးသား နှဲတံကိုမူ နွေကာလ အလွန်ပူပြင်း ခြောက်သွေ့သောအခါများတွင် ရေစုပ်စုပ်ထည့်ပေးရသည်။ ရှေးက ဆီးသားဖြင့်လည်း ပြုလုပ်ကြသည်။ အသုံးအများဆုံးမှာ ရှားသားဖြစ်ပေသည်။ ရှားမှာ အနီနှင့်အနက်ဟူ၍နှစ်မျိုးရှိသည်။ အသားမာကိုနှဲတံပြုလုပ်ရာတွင် အသုံးပြုရသည့်အကြောင်းမှာ အသားပွများက အသံထွက် မကောင်းသောကြောင့်ဖြစ်သည်။ ကြိမ်နှဲတံကို နှဲဆရာ ဦးကျော်စိန်က တီထွင်အသုံးပြုခဲ့သေးသည်။ အချို့က ထင်းရှူးသားနှင့်လည်း နှဲတံ ပြုလုပ်ကြသည်။ ထိုထင်းရှူးသားမှာ အဆီမထုတ်ရသေးသော အသားဖြစ်ရပါမည်။ ထင်းရှူးသားနှဲတံကို အသုံးအလွန်နည်းပေသည်။

နှဲတံပြုလုပ်ရာတွင် မိမိရွေးချယ်ထားသည့် သစ်သားကို မိမိအလိုရှိသည့် နှဲတံအလိုက် အလျားကို တိုင်း၍ ဖြတ်တောက်ယူရသည်။ လုံးပတ်မှာ တစ်လက်မခွဲပတ်လည် ဖြစ်ရမည်။ ထို့နောက် ထိုသစ်ချောင်း၏ အလယ်အူစူးခေါ် အူကြောင်းကို ဖောက်ရပါသည်။ အူကြောင်း ထိုးပြီးပါက ထိုအူကြောင်းအတိုင်း ထွင်းစူးဟုခေါ်သည့် သုံးမြှောင့်စူး သို့မဟုတ် လေးမြှောင့်စူးဖြင့် အတွင်းသို့ ခြစ်ယူရသည်။ စူးကို တွင်ဟုခေါ်ပြီး တွင်ကျယ်လျှင် အသံကုန် မြည်ပေသည်။ တွင်ကျန်နေပါက အသံထွက်မကောင်းဖြစ်တတ်သည်။ အတွင်းဘက်အူကြောင်းချောအောင် ကော်ပတ်စူးဖြင့်လည်း စားပစ်ရသေးသည်။ ထိုသို့ အူကြောင်းကို ချောအောင် ဖောက်လုပ်ပြီးစီးပါက ဘေးအပြင်ဘက်ကို မိမိအလိုရှိသည့် လုံးပတ်အတိုင်း ချောမွတ်နေအောင် ပွတ်တိုက်စားပစ်ရသည်။ နှဲလုံးမှာ လိုအပ်သည်ထက်ပို၍ ကြီးနေလျှင် အသံထွက် ထိုင်းမှိုင်းတတ်သည်။ နှဲလုံးကို သင့်တော်သလောက်သာ ပြုလုပ်သည်။ မကြီး မသေး ပြုလုပ်မှသာ နှဲအသံထွက် ကောင်းမွန်သည်။ နှဲတံ၏ အလျားမှာမူ ဒေသတစ်ခုနှင့်တစ်ခု အနည်းငယ် ကွဲပြားခြားနားမှု ရှိတတ်ပေသည်။ နှဲကြီး၏ နှဲတံအလျားသည် နှဲကလေး၏ နှဲတံအလျားထက် ပို၍ရှည်လေ့ရှိသည်။

နှဲတံ၏ ပုံသဏ္ဍာန်မှာ အရင်းတွင်သေး၍ အဖျားကြီးသွားလေ့ရှိသည်။ ယနေ့ခေတ်သုံး

ပလတ်စတစ်ပိုက်သုံး နဲ့တံများမှာမူ တစ်သမတ်တည်း အဖြောင့်ဖြစ်သည်။

နဲ့တံအလယ်ရှိအူကြောင်းထိပ်ဘက်အပေါက်၏အချင်းမှာ ကျောက်တံတစ်ချောင်းစာသာရှိပြီး အောက်ဘက်ထိပ်ဝ၏ အချင်းမှာ လက်ညှိုးတစ်လုံးစာခန့် ကျယ်သည်။ ထိုသို့ ကျဉ်းရာမှ ကျယ်သွားအောင် အသားမာသစ်လုံးကို စနစ်တကျ ဖောက်ရသည်မှာ မလွယ်ကူလှပေ။

နဲ့၏ လက်ပေါက်များကို ဖောက်ရာတွင်လည်း အချိုးကျ ပြုလုပ်ထားသော မီးရဲရဲကင်ထားသည့် သံချောင်း (စူး) ဖြင့် ထိုးကာဖောက်ရပေသည်။ ထိုစူးများသည် မြနေအောင် သွေးထားသည့် ဓားသွားကဲ့သို့ ပြတ်နေရသည်။ လက်ပေါက်များ ဖောက်ရာတွင် နဲ့တံအလျား၏ အလယ်ဗဟိုကို ပထမဦးဆုံး တိုင်းရသည်။ ထိုအလယ်ဗဟိုနေရာသည် နဲ့သံ ခုနစ်သံ၏ အလယ်သံထွက်ရာ အလယ်ပေါက် တည်ရှိရမည့် နေရာမှန်ဖြစ်လေသည်။ ထိုမှတစ်ဆင့် အထက်ပေါက်များနှင့် အောက်ပေါက်များကို စနစ်တကျ တွက်ချက်ထား၍ ခုနစ်ပေါက်စေ့အောင် ဖောက်ယူရသည်။ လက်ပေါက်များကို တိုင်းထွာရာတွင် လက်ပေါက်တစ်ခု၏ အလယ်ဗဟိုမှ နောက်လက်ပေါက်တစ်ခု၏ အလယ်ဗဟိုတည့်တည့် တိုင်းထွာမှတ်သားရပေသည်။ ထိုသို့တိုင်းထွာရာတွင် တစ်ခါတစ်ရံ ကွာခြားမှု အနည်းအပါး ရှိတတ်သည်။ ရှေးက လက်ပေါက်များဖောက်ရာတွင် လင်းမြွေမြီးဟုခေါ်သော အထက်မှအောက်သို့ ယောင်ယောင်ကလေးကြီးပြီး ဖောက်ကြသည်။

ယခုခေတ်ပိုင်းတွင်မူ လက်ပေါက်များ၏ အရွယ်အစားကို အားလုံး တစ်ညီတည်း တစ်တိုင်းတည်း ဖောက်ကြသည်က များလေသည်။

ဤနေရာတွင် ယနေ့လူသုံးအများဆုံး ၁၁ လက်မတစ်မူး သို့မဟုတ် ၁၁ လက်မနဲ့ခေါ် သံထီးတံနဲ့၏ နဲ့ရိုးအူကြောင်းဖောက်နည်းနှင့် သရပေါက်၊ ဗျည်းပေါက်ဟုခေါ်သည့် လက်ပေါက်များ ဖောက်နည်းကို အသေးစိတ် တင်ပြလိုပေသည်။

သံထီး ဘနဲ့ ပြုလုပ်ရန် လျာထားတိုင်းထွာဖြတ်ယူထားသည့်အသားကို ပထမဆုံး အူကြောင်းထိုးရသည်။ အူကြောင်းထိုးပြီးက လင်းမြွေမြီးပုံစံရှိသော လေးမြှောင့်စူးဖြင့် အတွင်းသို့ ခြစ်ယူ၍ အူကြောင်းကို ချောမွတ်စေရသည်။ ထိုသို့ဖောက်ပြီးပါက နဲ့ခင်တပ် မှုတ်ကြည့်ရသည်။ ထွက်လာသည့်အသံသည် လေးပေါက်သံကိုက် ဖြစ်ရသည်။

ထို့နောက် အတွင်းသို့ သင်အူကြိုး သို့မဟုတ် အပ်ချည်ကြိုးဖြင့် အတွင်းတိုင်း တိုင်းယူရသည်။ အပြင်မှ တိုင်းလျှင်လည်း ရသည်။ သို့သော် အတွင်းတိုင်းက ပိုမိုတိကျသည်။ အတွင်းဘက်အရှည်ကို တိုင်းပြီးပါက ထိုကြိုးကို ပြန်ထုတ်ကာ ခေါက်ချိုး ချိုးချလိုက်ရသည်။ နဲ့တံထိပ်မှ ထိုခေါက်ချိုး ချိုးထားသည့်ကြိုးစကို ချကြည့်ပါ။ ကျသည့်နေရာသည် သံထီးတံနဲ့၏ သံမှန်ပေါက် ဖောက်ရမည့်နေရာဖြစ်ပေသည်။

ထိုကြိုးခေါက်ချိုး ချိုးထားသည့်နေရာကို သံမှန်ပေါက်မှ တိုင်းပါက အပေါ်ဘက်အစွန်းသည် ငါးပေါက်သံ ဖောက်ရမည့်နေရာဖြစ်ပြီး အောက်ဘက် အစွန်းသည် လေးပေါက်သံဖောက်ရမည့်နေရာဖြစ်သည်။

တစ်ဖန် ပထမဦးဆုံး တိုင်းယူထားသည့်ကြိုးအရှည်ကို အချိုးသုံးချိုး အညီအမျှချိုးပြီး အပေါ် ငါးပေါက်သံမှ အောက်သို့ချကာတိုင်းလျှင် ကြိုးအစွန်းစ သည် ခုနစ်ပေါက်သံ ဖောက်ရမည့်နေရာဖြစ်သည်။ ထိုသုံးချိုးအညီ ချိုးထားသောကြိုးကို ပင်ယူ၍ အောက်လေးပေါက်သံမှ အပေါ်သို့ တိုင်းလျှင် ကြိုးအစွန်းစနေရာသည် နှစ်ပေါက်သံ ဖောက်ရမည့်နေရာပင်ဖြစ်သည်။

ထိုသုံးချိုးညီချိုးထားသောကြိုးကို သံမှန်ပေါက် နေရာမှတိုင်းလျှင် အပေါ်အစွန်းစသည် ခြောက်

ပေါက်သံ ဖောက်ရမည့်နေရာဖြစ်ကာ အောက်အစွန်းစသည် သုံးပေါက်သံ ဖောက်ရမည့်နေရာဖြစ်သည်။

ငါးပေါက်သံနှင့် ခြောက်ပေါက်သံကြားအလယ်တည့်တည့်နဲရိုး၏ အောက်ဘက်တွင် လက်မပေါက်တစ်ပေါက်ကိုဖောက်ရန် လျာထားရသည်။

ရှေးက သံထိုးတံနဲကို အထက်ပါနည်းအတိုင်းတွက်ချက်၍ လက်ပေါက်များကို ဖောက်ခဲ့ကြသည်။

အပေါ်အပေါက် ခုနစ်ပေါက်ကို ဗျည်းပေါက်ဟု ခေါ်ပြီး အောက်ဘက်ရှိ လက်မပေါက်တစ်ပေါက်ကို သရပေါက်ဟုခေါ်သည်။ သရပေါက်သည်လည်း ဗျည်းပေါက်များနှင့် အရွယ်အစား အတူတူပင်ဖြစ်သည်။ မြန်မာစာရေးထုံးတွင် ဗျည်းနှင့်သရပေါင်းမှ အသံဖြစ်သကဲ့သို့နဲတွင်လည်း ဗျည်းပေါက်ခေါ် လက်နှိပ်ပေါက်နှင့်သရပေါက်ခေါ် လက်မပေါက်တို့ နှစ်မျိုးတွဲမှအသံဖြစ်ပေါ်စေသည်။ သရပေါက်သည် နဲကြူရာတွင်လည်းကောင်း၊ အထေ့အငေါ့တွင်လည်းကောင်း၊ အဆွဲအငင်တွင်လည်းကောင်း အထူးအသုံးကျပေသည်။

လက်နှိပ်ပေါက်များကို တစ်ညီတည်းထား၍ဖောက်လျှင် နဲကြီးရော နဲကလေးပါ တစ်လက်မ၏ လေးပုံတစ်ပုံ အချင်းအားဖြင့် ဖောက်လေ့ရှိသည်။

## (၄) နဲခြေ သို့မဟုတ် နဲအော်လံ

နဲခြေမှာ ကတော့ပုံသဏ္ဍာန်နှင့်လည်းတူသည်။ အော်လံပုံသဏ္ဍာန်နှင့်လည်း တူသည်။ နဲခြေဟု ခေါ်ကြခြင်းမှာလည်း နဲကို ထောင်ထားလိုက်သည့်အခါ ထိုအော်လံပုံသဏ္ဍာန်ရှိသောအရာကလေးက အောက်ဆုံးဘက်၌ ရှိနေပြီးခြေထောက်ကဲ့သို့ ထောက်ထားပေးနိုင်သောကြောင့်ဖြစ်သည်။

နဲလေး၏ အော်လံမှာ သူ့နဲရိုးနှင့် လိုက်ဖက်စွာ ခပ်သေးသေး ပြုလုပ်လေ့ရှိကြပြီး နဲကြီး၏အော်လံကိုမူ နဲကြီး၏နဲရိုးနှင့် ညီညွတ်အောင် ပိုမိုကြီးမား ရှည်လျားစွာ ပြုလုပ်လေ့ရှိကြသည်။ နဲအော်လံခေါ် နဲခြေ၏ အလယ်လောက်တွင် အလှအပအဖြစ် ဖောင်းရစ်တစ်ရစ် ပါသည်။ အပေါ်မျက်နှာဝတွင် နဲရိုးနှင့်ဆက်၍ ကြိုးဆိုင်းထားနိုင်ရန် ဖောင်းရစ်တစ်ရစ်ပါသည်။

နဲတံနှင့် နဲအော်လံခေါ် နဲခြေကိုတွဲထားသည့်ကြိုးများကို ရှေးကပန်းဖွားများဖြင့်လှပစွာ ပြုလုပ်ထားလေ့ရှိသည်။ နဲကြီးခြေတွင်ဘေးနှုတ်ခမ်းပါးသည်။ ထိုနှုတ်ခမ်းထည့်ထားခြင်းမှာ နဲကြီးကိုနဲအင်္ဂါရပ်များ ပြည့်စုံသွားအောင် အစိတ်အပိုင်းအားလုံး စုံစုံလင်လင် တပ်ဆင်ပြီး ထောင်ထားလိုက်ပါက လဲကျမသွားဘဲ ခိုင်ခိုင်မတ်မတ်ထိန်းထားနိုင်ရန်ဖြစ်သည်။

နဲခြေကို ရှေးက ဝါးနီးကိုရက်၍ မှန်စီရွှေချကာပြုလုပ်လေ့ရှိခဲ့သည်။ ယခုခေတ်တွင်မူ သံ၊ ကြေးနီ၊ ကြေးဝါ စသည့်သတ္တုများကို နီကယ်ရည်စိမ်၍ အသုံးပြုကြသည်။

နဲခြေကို နဲတံအဖျားတွင် တပ်သည်။ နဲခြေအပေါ်မျက်နှာအဝရှိ ဖောင်းရစ်တွင်ကြိုးပတ်၍ထိုကြိုးဖြင့် နဲရိုးကို တွဲဆိုင်းတပ်ဆင်လိုက်ခြင်းဖြင့်နဲရိုးနှင့် နဲခြေဆက်ပြီးသား ဖြစ်သွားသည်။ နဲခြေတပ်၍မှုတ်လျှင် ထွက်လာသည့် နဲသံကိုထိန်းပြီးသားဖြစ်သည့်အပြင် သံရှိန်ပို၍ အားကောင်းကာညက်ညောသွားစေပေသည်။ ထို့အပြင် အသံပို၍အဝေးသို့ ပိုမိုရောက်ရှိစေနိုင်သည်။ ရှေးကရုံအတွင်းမဟုတ်ဘဲ အပြင်တွင်မှုတ်လျှင် နဲခြေမပါ၍ မဖြစ်ပေ။ ယခုခေတ်တွင်မူ အင်အားကောင်းသော အသံချဲ့စက်များ သုံးလာကြသဖြင့်နဲခြေမတပ်ဘဲ မှုတ်လာကြတော့သည်။ အသံလွှင့်ရာတွင်လည်း နဲမှာမြည်လွန်းသဖြင့် အသံဖမ်းခွက်နှင့် ခပ်ဝေးဝေးသို့ ဆုတ်၍ ခပ်အုပ်အုပ်မှုတ်ရသောကြောင့် နဲခြေကိုမသုံးကြတော့ပေ။

## (၅) ပါးကွယ် သို့မဟုတ် ဒနော

ပါးကွယ်ကို ရှေးက နှဲဆရာကြီးများ အသုံးပြုခဲ့ကြသည်။ ပါးကွယ်ကို ကြေး၊ ငွေ အစရှိသော သတ္တုပြားများဖြင့် အဝိုင်းပုံသဏ္ဌာန်ပြုလုပ်ထားသည်။ အချင်းအားဖြင့် လေးလက်မခန့် ရှိလေသည်။ ထိုသတ္တုပြားအဝိုင်း၏ အလယ်ကောင်တည့်တည့်တွင် အပေါက်ဖောက်ထားရသည်။ နှဲတံအပေါ်ဘက်၌ ဖောင်းရစ်နှစ်ခုရှိရာတွင် အပေါ်ဆုံးဖောင်းရစ်ကို အရစ်ထပ်မံပြုလုပ်ပြီး ပါးကွယ်ကို နှဲတံတွင် အံဝင်ခွင်ကျ စွပ်ထည့်ထားရပေသည်။ ဤကဲ့သို့ နှဲတံတွင် ပါးကွယ် စွပ်ထည့်ထားလိုက်သည့်အခါ နှဲမှုတ်သည့်အခါ ပါးဖောင်းခြင်း၊ လည်ပင်းအကြောများထောင်ခြင်း စသည်များကို ပရိသတ်က မမြင်ရတော့ပေ။ ပါးကို အကာအကွယ်ပြုထားပေးသည့် ပစ္စည်းဖြစ်သဖြင့် ပါးကွယ်ဟုခေါ်ခြင်းဖြစ်ပေသည်။ ထိုနည်းကို နှဲဆရာကြီး ဦးထိအောင် စသည့် ရှေးနှဲဆရာကြီးများ တီထွင်အသုံးပြုခဲ့ကြပေသည်။ ယခုခေတ်တွင်မူ ယင်းပါးကွယ်ကို အသုံးမပြုကြတော့ပေ။ လုံးဝပျောက်ကွယ်သွားပါလေပြီ။

နှဲ၏အင်္ဂါအစိတ်အပိုင်းများကို အထက်ဖော်ပြပါ နည်းများအတိုင်း သေချာစွာပြုလုပ်၍ စနစ်တကျ တပ်ဆင်လိုက်သောအခါ အင်္ဂါပြည့်စုံသည့် မှုတ်စရာနှဲကို ရရှိလာပေသည်။

## အခန်း (၃)

# မြန်မာ့နဲ့ အမျိုးအစားများအလိုက် အသုံးပြုပုံ

မြန်မာတို့၏ ဂီတတူရိယာပစ္စည်း နဲ့မှာ နဲ့ကြီး နှင့် နဲ့ကလေးဟူ၍ နှစ်မျိုးနှစ်စားခွဲခြား၍ ရနိုင်ပေသည်။ နဲ့ကြီးမှာ နဲ့ကလေးထက် ဘယ်သံကျ၍ အသံကြီးပေသည်။ ထို့ပြင် နဲ့စွမ်းပြသူ နဲ့ပညာရှင်ကြီးများ မှတ်လေ့ရှိသော နဲ့အငယ်စားကလေးများ ရှိသေးသည်။ ယင်းနဲ့အငယ်စားကလေးများကို မုံရွာမြို့နယ် ပတ်ဝန်းကျင်တွင် ရွှေချိုးဖြူနဲ့ဟု ခေါ်လေသည်။ ယင်းနဲ့၏အလျားမှာ လက်တစ်ညှိုးခန့်သာရှိပေသည်။

နဲ့အမျိုးအစားများကို သုံးစွဲသောခေတ်အလိုက် အတိအကျခွဲခြားသော် ခုနစ်မျိုးရှိပေသည်။

(က) နဲ့ကြီး
(ခ) နဲ့လတ် (သုံးချောင်းပိတ်သံမှန်)
(ဂ) နဲ့ကလေး (သံထီးတံ၊ လေးချောင်းပိတ်သံမှန်)
(ဃ) ဝံသာနုနဲ့
(င) သံကျပ်တံ (ငါးချောင်းပိတ်သံမှန်)
(စ) သံကပ်တံ (ခြောက်ချောင်းပိတ်သံမှန်) နှင့်
(ဆ) ယနေ့ခေတ်သုံး စီရှပ်တံတို့ ဖြစ်ပေသည်။

### (က) နဲ့ကြီး

မြန်မာနိုင်ငံတွင် နဲ့ကြီးကို သုံးစွဲခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါလေပြီ။ "ကြာ၊ အိုး၊ အံ၊ ပုဂံတည်" ဟူသော အမှတ်ပြုစကားအရ



နဲ့အမျိုးမျိုး



နှဲကြီး

မြန်မာသက္ကရာဇ်(၂၁၁)ခုနှစ်တွင် နှဲကြီးစတင် ပေါ်ပေါက်ခဲ့ကြောင်းသိရှိရပေသည်။

နှဲကြီးကို ပထမဆုံး အသုံးပြုခဲ့သည်မှာ နန်းတွင်း၌သာဖြစ်သည်။ ရှေးမြန်မာမင်းများ လက်ထက် ဘုရင်မင်းမြတ်ကို စက်ရာတော်မှ နှိုးသည့်အခါ အသုံးပြုလေသည်။ နှဲကြီးတစ်ခု တည်းကိုသာ မှုတ်ခြင်းဖြစ်ပေသည်။ ထို့အပြင် ဘုရင်များ မျက်နှာတော်သစ်ချိန်နှင့် နားနေချိန် များတွင်လည်း နှဲကြီးကို မှုတ်ရလေ့ရှိကြောင်း နှဲဆရာကြီး စစ်ကိုင်း ဦးသာကျင် ပြောကြားခဲ့သည် ကိုမှတ်သားရဖူးပေသည်။ ယင်းနှဲဆရာကြီး စစ်ကိုင်း ဦးသာကျင်မှာ မြန်မာတို့၏နောက်ဆုံးဘုရင် ဖြစ်သည့် သီပေါမင်းကို နယ်ချဲ့အင်္ဂလိပ်တို့က ကြက်ကလေး ငှက်ကလေးပမာ ခေါ်ဆောင်သွား ပြီး အိန္ဒိယပြည်တွင် အိမ်နိမ့်စံဘဝဖြင့် ထားထား သည့်အချိန်၌ မြန်မာပြည်မှ ဂီတအနုပညာရှင် များ သွားရောက်ဖျော်ဖြေခဲ့ရာတွင် ပါဝင်ခဲ့သူ ဖြစ်၏။ သီပေါမင်းတရားက ဟာသကျော်ခေါင် ဘွဲ့ ချီးမြှင့်ခြင်းခံခဲ့ရသည့် နှဲဆရာကြီးပင်ဖြစ်ပေ သည်။

ယခုခေတ်တွင်မူ နှဲကြီးကို သာမန်အရပ်သူ အရပ်သားများ၏ အလှူမင်္ဂလာပွဲများတွင် အသုံး ပြုခြင်းများပေသည်။ ဗြောစည်၊ ရေကင်း၊ နရီ၊ သပြေ၊ ရတု အစရှိသော တေးသွားများ တီးမှုတ် ရာတွင် နှဲကြီးက ဦးဆောင်ခေါ်၍ တီးမှုတ်ရပေ သည်။

ရဟန်းခံရှင်ပြု အလှူမင်္ဂလာပွဲများကျင်းပ၍ အလှူဝင်သည့်အချိန်တွင် ဗြောကိုတီးရာတွင် နှဲကြီးသည် အဓိကအကျဆုံး အသုံးဝင်ဆုံးဖြစ်ပေ သည်။ အလှူဝင်ချိန် ဗြောကိုတီးရာ၌ ဗုဒ္ဓမြတ်စွာ ဘုရား၏ ဂုဏ်တော်၊ တန်ခိုးတော်များကို ဖွဲ့နွဲ့ သီကုံးထားသည့် သီချင်းများကို မှုတ်ကြရပေ သည်။ ပုံစံအားဖြင့် ထူးမခြားနားကဲ့သို့သော ဗုဒ္ဓ ရောင်ခြည်တော်ဘွဲ့များဖြစ်ပါသည်။ ဗြောတီးရာ တွင် ပထမဆုံး နှဲကြီးဖြင့် ဗြောခံတီးလုံး တီးပြီးမှ ဘုရားနှင့်စပ်လျဉ်းသော သီချင်းကြီး သီချင်းခံများ ကို တီးမှုတ်ကြလေသည်။

ဗြောတစ်ပိုဒ်တီး၊ နှဲကြီး တစ်ပိုဒ်မှုတ်ဖြင့် တီးချက်တီးကွက်များကို နှေးနှေးတစ်ခါ၊ မြန်မြန် တစ်လှည့် တီးပြီးသည့်အခါနှဲကြီးက ရေလည်စိမ် မှုတ်ရပေသည်။ နှဲကြီး ရေလည်စိမ်မှုတ်သည် ဆိုခြင်းမှာ နှဲကြီး တစ်လက်တည်း အစွမ်းပြ မှုတ်ခြင်း ဖြစ်သည်။ ထိုသို့ ရေလည်စိမ်မှုတ်ရာ တွင် နှဲကြီးဆရာက သူ့စုဆောင်း သိုမှီးရရှိထား သမျှသော အလှူနှင့်ပတ်သက်သည့် သီချင်းများ ကို တီးမှုတ်လေ့ရှိကြပေသည်။ ဗြောတီးရာတွင်

စည်တို များများတီးလျှင် အလွန်ကြည်နူးစရာ ကောင်းလှပေသည်။

ရှင်လောင်း ထုတ်သည့်အချိန်တွင်လည်း အဆိုပညာရှင်က အလှူမင်္ဂလာပွဲနှင့် ဆီလျော်သော သီချင်းကြီး၊ သီချင်းခံများကို သီဆိုရပေသည်။ ဥပမာ ယသော်ဓရာ နန်းတောင်ညာသားရာဟုလာ အစချီသည့် ဘုရားလောင်းတောထွက်ခန်းကိုဖွဲ့သော သီချင်းမျိုးကို သီဆိုလေ့ရှိကြသည်။ အဆိုပညာရှင်နှင့် နဲကြီးပညာရှင်တို့ အချီအချ အပေးအယူပြုကာ သီဆိုတီးမှုတ်ရခြင်းဖြစ်သည်။ ရှင်လောင်းထုတ်ခြင်းဆိုသည်မှာ ရပ်ရွာအတွင်းသို့ ရှင်လောင်းလှည့်ကာနီး ရှင်လောင်းများ ဆင်၊ မြင်း၊ ယာဉ်ပေါ်သို့ မရောက်သေးသည့်အချိန် သင်္ကန်းပရိက္ခရာကိုင် မိဘဆွေမျိုးသားချင်းများနှင့် ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် အပျို၊ လူပျိုများ တန်းစီနေရာယူနေကြသည့်အချိန်ဖြစ်ပေသည်။

တစ်ဖန်ရှင်လောင်းလှည့်ရာမှအပြန် ရှင်လောင်းသွင်းသည့်အခါတွင်လည်း အချိန်ရှိလျှင်ရှိသလို သီဆိုတီးမှုတ်ရပြန်သည်။ ထိုအချိန်သည်လည်း အဆိုပညာရှင်နှင့်နဲကြီးဆရာတို့ ပညာစွမ်းပြကြသည့်အချိန် ဖြစ်ပေသည်။ အဆိုပညာရှင်က တစ်ပိုဒ်သီဆိုလိုက် နဲကြီးက ထိုအပိုဒ်ကိုမှုတ်လိုက်၊ နဲကြီးမှုတ်နေချိန်တွင် အဆိုရှင်က ဆိုခဲ့သော သီချင်း၏ နောက်ခံဇာတ်ကြောင်းခေါင်းစဉ်?ပွတ်ကို ရှင်းလင်းပြောပြလိုက်နှင့် အချီအချ ဆိုကြ မှုတ်ကြသည်ကို ကြားရသည်မှာ အလွန်တရာ ကြည်နူးဝမ်းမြောက်စရာကောင်းသလောက် လွမ်းစရာကောင်းလှပေသည်။

နဲကြီးမှာလည်း အပေါ်ဘက်၌ လက်ပေါက် ခုနစ်ပေါက်ရှိကာ အောက်ဖက်တွင် သရပေါက်ဟုခေါ်သော လက်မဖြင့်ဖွင့်ပိတ်ကစားရသည့် အပေါက်တစ်ပေါက် ရှိပေသည်။ နဲကြီးတွင် အပေါက်အကုန်ပိတ်လျှင် သံမှန်သို့မဟုတ် အမှန်ဟုခေါ်သော အသံထွက်လေသည်။ ထိုအသံမှာ ယခုခေတ်အခေါ် (စီ) သံပင် ဖြစ်သည်။ တစ်ဖန် နဲကြီးလက်ပေါက် အကုန်ဖွင့်လျှင် သံမှန်ကိုပင် ပြန်၍ ကျပေသည်။ ယင်းနဲကြီးလက်ပေါက် ခြောက်ချောင်းပိတ်ကစ၍ မှုတ်ပြီး လက်ချောင်း ခုနစ်ချောင်းပိတ်သို့ရောက်အောင် တျော၊ တျာ လှည့်ပတ်ပြီးမှုတ်ရသည်ကို နရီးသို့မဟုတ် နရီဟု ခေါ်လေသည်။

ရေကင်းသံမှုတ်မည်ဆိုပါကအထက်ပါအတိုင်း နရီမှုတ်ပြီး ရေနှင့်ပတ်သက်သော ဖောင်ငယ်၊ ဖောင်လား၊ ဖောင်ဆိုက် စသည့် ကြိုးသီချင်းများကို တီးမှုတ်ရလေသည်။ ဖောင်ငယ်ဆိုပါက ဇေယျာပျိုကြိုး၊ ဖောင်လားဆိုပါက ဘုံဆောင်မြင့်ကြိုး၊ ဖောင်ဆိုက်သို့မဟုတ် ဖောင်သိမ်းဆိုပါက စိမ်းလဲ့လဲ့ညိုပြာကြိုး စသည့်သီချင်းများ တီးမှုတ်ရပေသည်။

သပြေကို တီးမှုတ်လျှင်မူ ယင်းနဲကြီး လက်ပေါက်နှစ်ချောင်းပိတ် တစ်နည်းအားဖြင့် သုံးပေါက်ဟုခေါ်သည်။ အသံမှစ၍ တျော၊ တျာ လှည့်ပြီး စံရာတောင်ကျွန်း ကြိုးသီချင်းကို မှုတ်ရပေသည်။ တျော၊ တျာလှည့်ပုံမှာ ပထမ သုံးပေါက်မှ စထွက်ပြီး ငါးပေါက်သို့ရောက်ကာ ယင်းမှ တစ်ဆင့် ခုနစ်သံသို့ရောက်သည်။ ခုနစ်သံမှ သံမှန်သို့ရောက်ကာ သံမှန်မှ နှစ်ပေါက်သို့ရောက်သည်။ ယင်းမှ လေးပေါက်သို့ရောက်အောင်မှုတ်ကာ သီချင်းကို ငါးပေါက်သံချပြီးသောအခါကျမှ သီချင်းကိုပြန်၍စမှုတ်ရပေသည်။ ဤနေရာတွင် နဲကြီးစိမ်ကာ နဲကြီးဆရာများ နဲစွမ်းပြကြလေသည်။

ဗလာဆိုင်းများတွင်မူ နဲကြီးကို ဒေသအလိုက် အသုံးပြုကြပေသည်။ ညဘက်ဧည့်ခံများတွင် ဆိုင်းဝိုင်းကြီးမှ ခုနစ်သံချီခေါ် ပတ်စာထည့်လျှင် နဲကြီးဆရာက နဲကြီးဧည့်ခံအနေနှင့် ဘုရားရှိခိုးစာများကို အပီမှုတ်ကာ နဲစွမ်းပြကြလေသည်။ တစ်ခါတစ်ရံ ကြက်ဖတည်ငင် တောကိုဝင် အစရှိသဖြင့် တီးမှုတ်၍ ကြက်တွန်သံကို အပီမှုတ်ပြ

ကြသည်။ တစ်ခါတစ်ရံ ကြက်မ ဥဥခါနီး ကြက်တင်းထဲသို့ဝင်ချိန် တင်းခေါ်သံများကိုလည်း တကယ့်ကြက်မတင်းခေါ်သံဟု ထင်ရအောင် မှုတ်ပြတတ်ပေသေးသည်။ ထိုကဲ့သို့ အပီမှုတ်ခြင်းများကို ခရစ်သက္ကရာဇ် ၁၉၂၁ ခုနှစ်ပိုင်းအတွင်းက ထင်ရှား ကျော်ကြားခဲ့သော ကွယ်လွန်သူ နဲ့ဆရာကြီး ဦးထိအောင်က အပိုင်နိုင်ဆုံးဖြစ်ပေသည်။ အခြားဆရာကြီး နှစ်ဦးမှာလည်း ထိုကဲ့သို့ ဒေသသဘာဝအလိုက် အပီမှုတ်ခြင်းများကို စွမ်းကြပေသည်။ ထိုဆရာကြီးနှစ်ဦးမှာ မော်လမြိုင်ကျွန်းမှ နဲ့ဆရာကြီး ဦးကံဆိုင်နှင့် ပန်းတနော်မြို့သား နဲ့ဆရာကြီး ဦးချစ်ဖေတို့ဖြစ်ကြပေသည်။

ဆိုင်းဝိုင်းနှင့် နဲ့ကြီးမှာ အလွန်လိုက်ဖက်ညီ၍ အပေးအယူမျှသော အတွဲများဖြစ်ပေသည်။ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်ခန့်ကဆိုလျှင် ဆိုင်းဝိုင်း၌ နောက်ထခေါ် နောက်ထိုင်နှစ်ဦးသာ ရှိပေသည်။ တစ်ဦးက စည်းတီး၍ ကျန်တစ်ဦးက ဝါးလက်ခုပ်ခေါ် ထောင်ဝါးကို တီးရသည်။ ထောင်ဝါးဆိုသည်မှာ ဝါးနက်ဝါးကို အဆစ်တစ်ဆစ် နှစ်ဆင့် ပြန်ခုတ်ယူပြီး လက်နှစ်ဘက်ကိုင်၍ရအောင် ပြုလုပ်ထားသောဝါးဖြစ်ပေသည်။ ထိုနောက်ထိုင်နှစ်ဦးအနက် တစ်ဦးက စာပေကျမ်းဂန်များကို ကျွမ်းကျင်စွာ တတ်မြောက်သူဖြစ်ပြီး ကျန်တစ်ဦးက ပထမလူကို အထောက်အကူအဖြစ်နှင့်သော်လည်းကောင်း၊ ရယ်မောစရာ ပြောဆိုသူအဖြစ်နှင့်သော်လည်းကောင်း အကွက်ဆင်ထားကာ သီဆိုသွားသည့်သီချင်းကို ပြန်လည် ပြောဆိုနိုင်စွမ်း ရှိရလေသည်။ နောက်ထိုင်တစ်ဦးက ဆိုသွားသည့်သီချင်းကို နဲ့ကြီးဆရာက နဲ့ကြီးဖြင့် ပြန်လည်မှုတ်ပြလေ့ရှိသည်။ နဲ့ကြီး မှုတ်ပြနေသည့် အချိန်တွင် ဆိုင်းနောက်ထိုင်က နဲ့ကြီးဆရာမှာ မည်သူမည်ဝါဖြစ်ကြောင်း၊ သီချင်း၏အဓိပ္ပာယ်မှာ မည်သို့စသဖြင့် နဲ့ဆရာကို အမွှန်းတင်ကာ ချီးမွမ်းခန်းဖွင့်ရပေသည်။

ညဘက် ဧည့်ခံဆိုင်းများတွင် ည ၈ နာရီ၊ ၉ နာရီခန့်တွင် ဆိုင်းဝိုင်းထဲသို့ ဝိုင်းခေါင်းဆောင်ဝင်ကာ ပတ်စာတပ်လေ့ရှိသည်။ ထိုအချိန်တွင် ကပြားချီခေါ် နဲ့၊ ကြေး၊ မောင်း အစရှိသည့်ပစ္စည်းများဖြင့် တီးမှုတ်ကြသည်။ ထိုသို့တီးမှုတ်ရာတွင် အပိုးတီးလုံးခေါ် သံမှန်တီးလုံးများကို တီးမှုတ်ကြသည်။ ဆိုင်းဝိုင်းထဲတွင် ပတ်စာတင်နေချိန်ဝယ် နဲ့ကြီးဆရာက နဲ့စွမ်းပြမှုတ်ကာ ဦးဆောင်ထားလေသည်။ နဲ့စွမ်းပြပြီးချိန်တွင်မှ တီးလုံးတီးကွက်များကို ပြန်လည်၍ တီးလေ့ရှိကြပေသည်။ ဆိုင်းဝိုင်းထဲမှ လက်ယာဘက် ခြောက်ပေါက်လုံးသို့ရောက်သည်နှင့်တစ်ပြိုင်နက် နဲ့ဆရာက ဦးဆောင်ပြီး ခြောက်ပေါက်သီချင်းများဖြင့် အဆုံးသတ်လေသည်။ ဆုံးသည်နှင့်တစ်ပြိုင်နက်တည်း ဆိုင်းဝိုင်းမှ ခြောက်ပေါက်ချီသီချင်းကိုတီးကာ ဆိုင်းလက်စွမ်းပြ တစ်နည်းအားဖြင့် ပတ်စာရေစာ စုံညီပြီဖြစ်ကြောင်းပြသပြီး ခြောက်ပေါက်ပျိုးနှင့် သီချင်းတစ်ပုဒ်နှစ်ပုဒ် တီးပေး၍ အဆုံးတွင် ဆိုင်းနောက်ထများ စကားပြောနိုင်ရန် ဆိုင်းဝိုင်းကို ရှန်းပေးလိုက်၏။ ထိုအခါ ဆိုင်းနောက်ထများက ဆိုင်းမှာ မည်သူ၊ နဲ့က မည်ဝါ စသည်ဖြင့် ပရိသတ်နှင့် မိတ်ဆက်စကားပြော၍ ဆိုင်းခေါင်းဆောင်နှင့် နဲ့ဆရာတို့ကို ဂုဏ်တင်ပြောဆိုကြလေသည်။ ထိုသို့ပြောဆိုပြီးသည့်နောက် ဆိုင်းအခေါ် အပိုးပိုင်းသို့ ရောက်လေသည်။ အပိုးဆိုသည်မှာ ပတ်စာပိုးခြင်းကို ခေါ်လေသည်။ အချို့က ငါးပေါက်သို့ ပြောင်းကြသည်။ တီးသည့်အခါ များသောအားဖြင့် ဆိုင်းဆရာ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင် ရေးသား စပ်ဆိုထားသော ဆိုင်းတီးကွက်များကိုသာ တီးလေ့ရှိကြသည်။ သူတစ်ပါး စပ်ဆိုထားသည့် ဓာတ်ပြားထဲမှ သီချင်းများကို တီးခဲလှပေသည်။

ဟသ်ာတမြို့မှ အလင်္ကာကျော်စွာဘွဲ့ရ ဆိုင်းဆရာကြီး ဦးဟန်ပ၏ ညီအရင်းဖြစ်သူ ဆိုင်းဆရာကြီး ဦးလှဖေက သူ့ကိုယ်ပိုင်ဉာဏ်ဖြင့်

တီးလုံးတီးကွက် တေးသွားများကို ရေးသားခဲ့ရာ ယခုတိုင် ပျောက်ပျက်မသွားသေးဘဲဆက်လက်၍ ယခုတိုင် တီးမှုတ်နေကြသေးသည်။ ထိုသို့ ခြောက်ခေါက်ချိုး၊ အပိုးချိုနှင့် ငါးပေါက်ချိုသီချင်း တီးကွက်များဆုံးသည်နှင့် ည ၁၂ နာရီခန့်တွင် ဝိုင်းကိုသိမ်းလေ့ရှိကြသည်။ ယခုခေတ်မှာကဲ့သို့ နံနက်လင်းအားကြီး ၃ နာရီ၊ ၄ နာရီအထိ မတီးကြပေ။

ယခုနောက်ပိုင်းခေတ်တွင် ဖုံကြီးသံတွင်လည်း နဲကြီးကို ထည့်သွင်း အသုံးပြုကြသည်။ ဖုံကြီးသံ၏ မူလပင်ရင်း ဂီတပစ္စည်းများမှာ ဖုံကြီးနှင့် လင်းကွင်းတို့သာဖြစ်သည်။ လင်းကွင်းက မင်းသား၊ ဖုံကြီးက မင်းသမီးဖြစ်ပြီး ထိုနှစ်ဦးဖြင့်သာ စတင်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ဖုံကြီးသံကို ကောက်စိုက်ဆင်းရာ လယ်ကွင်းများထဲတွင် တီးမှုတ်ကြသည်ဟု ပြောစမှတ်ပြုထားကြပေသည်။ ရှေ့ဘိုကောက်စိုက်ဖုံကြီးသံမှာ ဖုံကြီးသံသီချင်းကို ဆိုပြီးပါက ယင်းသီချင်းကို ဆိုပြီးပါက ယင်းသီချင်းကို နဲကြီးဖြင့် စာသားအတိုင်း ပြန်၍လည်မှုတ်ပြီး နဲကြီးဖြင့်ပင် ပြန်၍ ချရပေသည်။

မခေါက်ဖြောတီးရာတွင်လည်း နဲကြီး၏ အခန်းမှာ အရေးပါ အရာရောက်လှပေသည်။ မခေါက်ဖြောမှာ အဆိုနှင့်အပြောကို ဦးစားပေးသည်။ မခေါက်ဖြော တီးရာတွင် သက်ဆိုင်ရာ အဆိုပညာရှင်က သိဒ္ဓတ္ထမင်းသား တောထွက်ခန်းကို ဖွဲ့ကာနွဲ့ကာ တန်ဆာဆင်၍ သီဆိုသည်။ နောက်သီချင်း၏ နောက်ခံဇာတ်ကြောင်းနှင့် အဓိပ္ပာယ်ကို ရှင်းလင်းပြောကြားသည်။ ထိုသို့ အဆို၊ အပြောအဆုံးတွင် နဲဆရာကြီးက သူစုဆောင်း သိုမှီးထားသမျှသော နဲကြီးပညာကို အစွမ်းပြ မှုတ်ရပေသည်။ မယ်မဒ္ဒီ သစ်သီးရှာ ထွက်ခန်းကို ဆိုကာပြောကာပြုနေချိန်တွင်လည်း ဖြောက အမိန်းတီးလိုက်၊ အဆူတီးလိုက်ဖြင့် နဲကြီးဆရာနှင့် အဆိုပညာရှင်တို့ကို နောက်မှ နေ၍ ထောက်ပံ့ ပို့ပေးရပေသည်။ ထို့အတူ ဖြော၏ နောက်တွင် သွယ်တန်းထားသည့် မောင်းကြီးများ၊ ကြေးစည်များကလည်း ယင်းတို့နှင့် ဆီလျော်သည့် ဆိုင်ရာဆိုင်ရာအကွက်များ တွင်ဝင်၍ အဆိုသဘောမျိုး တီးပေးကြရသည်။

စည်းတီးရာတွင် နဲကြီးပါဝင်ရသည်။ စည်းတီးရာတွင် စည်းချက်သက်သက်လည်းတီးသည်။ ဖြောနှင့်လည်းတွဲ၍တီးရသော တီးချက်များဖြစ်ပေသည်။ စည်းကိုးလုံးဟု ခေါ်ကြသော်လည်း စည်းကြီးကိုးလုံး ပါဝင်သည်မဟုတ်ပေ။ စည်းတစ်လုံး နှစ်လုံးလောက်သာ ထည့်ပြီး ဖြောနှစ်လုံး သုံးလုံးထည့်ပြီး ပလုတ်တုတ်တစ်လုံး၊ စည်းဝါးလင်းကွင်းကြီးနှင့် နဲကြီးများလည်းပါဝင်သည်။ စည်းကိုးလုံးဟုခေါ်သည်မှာ နဲကြီး တျောတျာလှည့်၍ နှစ်ကြိမ်မြောက်တွင် စည်းတီးချက်မှာ ကိုးချက်နှင့်ကိုက်ညီရသောကြောင့် ဖြစ်သည်။ စည်းကိုး လုံးဟုခေါ်ကြသော်လည်း တီးချက်မှာ ဖြောတီးချက်ပင်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အလှူမင်္ဂလာပွဲများတွင် တီးရသည့် တူရိယာ ပစ္စည်းများဖြစ်၍ အလှူအစမှ အလှူအဆုံး ရေစက်ချသည်အထိ တီးရသောကြောင့် ဖြစ်ပေသည်။ ဤတီးချက်မှာ ရိုးရိုးသာမန် အရပ်သူ အရပ်သားများ လှူသောအလှူတွင် တီးရသည့်တီးချက်ဖြစ်ပေသည်။ မင်းမျိုးမင်းနွယ်များ၏ အလှူများတွင်မူ ဖြောကို ရေစက်ချ အမှုပေးဝေချိန်တွင် "ရွှေဘုန်းတော်ကြီးလှ ထီးတစ်ရာ ထွက်ရာဇိန်၊ နေလသမှိန်၊ ဝှန်းရှိန်ရှိန်မိုး၊ ကမ္ဘာကို ချီလို့စိုး" ဟုနဲကြီးဆရာက ပထမဆုံးအစချီ၍ မှုတ်ရသည်။ ထိုသို့ နဲကြီးနှင့် အစချီမှုတ်ပြီးမှ ဘုန်းတော်ဘွဲ့သီချင်းများကို စတင်သီဆိုရသည်ဟု နဲဆရာကြီး ဟာသကျော်ခေါင်ဘွဲ့ရ စစ်ကိုင်း ဦးသာကျင်နှင့် နဲဆရာကြီး ဝိဇ္ဇာညွှန့် ခေါ် ဆရာညွှန့်တို့က ပြောပြခဲ့ကြဖူးသည်ကို ရေးယူမှတ်သားထားခဲ့ခြင်း ဖြစ်ပေသည်။

နဲကြီးတွင်ဖြစ်စေ၊ နဲလတ်တွင်ဖြစ်စေ၊ သံထိုးတံတွင်ဖြစ်စေ ယင်းတို့တွင် ဌာန်များရှိပေသည်။

ဌာန်မှာ ၇ ပါးရှိပေသည်။ ထိုဌာန်များသည် မြန်မာ့ဂီတ အခြေခံအုတ်မြစ်များဖြစ်ပေသည်။

(၁) လည်ချောင်းအရပ်မှဖြစ်သည့် ကဏ္ဌဌာန်ခေါ် မဇ္ဈိမအသံ တစ်နည်း ကြိုးကြာသံသည် ပုလဲပေါက်နှင့် ညီမျှသော စိသံဖြစ်သည်။

(၂) အာစောက်အရပ်မှဖြစ်သည့် တာလုပ်ဌာန်ခေါ် နိသာဒအသံ တစ်နည်း ဆင်တောပေးသံသည် ညှင်းလုံးပေါက်နှင့် ညီမျှသော ဒီသံဖြစ်သည်။

(၃) လျှာထိပ်အရပ်ဖြစ်သည့် မုဒ္ဒဌာန် ခေါ် ဒေဝတအသံတစ်နည်း ခြောက်သွယ်ညွှန့်ပေါက်နှင့်ညီမျှသော အီးသံဖြစ်သည်။

(၄) သွားအရပ်မှဖြစ်သည့် ဒန္တဌာန်ခေါ် ပဉ္စမအသံ တစ်နည်း ဥသြသံသည် အောက်ပြန်ပေါက်နှင့် ညီမျှသော ဂျီသံဖြစ်သည်။

(၅) နှုတ်ခမ်းအရပ်မှဖြစ်သည့် သြဋ္ဌရဌာန်ခေါ် ဂန္ဓာရအသံတစ်နည်း ဆိတ်မြည်သံသည် မြင်စိုင်းပေါက်နှင့် ညီမျှသော အက်ဖ်သံဖြစ်သည်။

(၆)လည်ချောင်းနှုတ်ခမ်းအရပ်မှဖြစ်သည့် ကဏ္ဌသြဌာန် ခေါ် ဆဇ္ဇ အသံတစ်နည်း ဥဒေါင်းတွန်သံသည် ဒုရကပေါက်နှင့် ညီမျှသောဘိသံဖြစ်သည်။

(၇) သွားနှုတ်ခမ်းအရပ်မှဖြစ်သည့် ဒန္တသြဌာန် ခေါ် မဇ္ဈိမအသံ တစ်နည်း ကြိုးကြာသံသည် ပုလဲပေါက်နှင့် ညီမျှသော စိသံဖြစ်သည်။

ဥသဘအသံမှာ ပြည်တော်ပြန်နှင့် ညီမျှသော အေသံဖြစ်သည်။ ထိုအသံ ၇ ပါးကို တစ်နည်းမှတ်လိုလျှင် "ကောင်း၊ သံ၊ စည်း၊ တီး၊ ဘီး၊ အောင်း၊ မြည်" ဟု မှတ်သားနိုင်ပေသည်။ ကောင်းမှာ ၂ ပေါက်၊ သံမှာ ၆ ပေါက်၊ စည်မှာ ၃ ပေါက်၊ တီးမှာ ၇ ပေါက်၊ တီးမှာ ၄ ပေါက်၊ အောင်မှာ ၁၉ ပေါက်၊ မြည်မှာ ၅ ပေါက်တို့ဖြစ်ပေသည်။

**နဲ့ဘွဲ့လင်္ကာ**

"မင်္ဂလာညွှန့်ရှင်၊ နိဒါန်းဆင်စိမ့်၊ ပဉ္စင်တူရိယာ၊ တီးမှုတ်ရာဝယ်၊ သိသာစေ့ရေ၊ နှဲနှင့်ပြွေမှု၊ လေယူရှစ်ပေါက်၊ ရှိတုံမြောက်လည်း၊ ခုနစ်ပေါက်ဖွဲ့လုံး၊ ညှင်းလုံးသာဟန်၊ အောက်ပြန်လေးပေါက်၊ တပေါက်ခက်ခဲ၊ ပုလဲတင့်နှိုင်း၊ မြင်စိုင်းပဉ္စမ၊ ဒုရကဒွေး၊ ဆေးလေးနာသွယ်၊ ခြောက်ပေါက်ဝမှု၊ ခြောက်သွယ်အညွှန့်၊ သုံးကိုကွန့်သော်၊ ပြည်တော်တင့်နှုန်း၊ ညှင်းလုံးတံမြောက်၊

**နှဲကြီးသံစဉ်များ၏ အခေါ်များ**

| လက်ပေါက် | စောင်းအခေါ် | မဂဓအခေါ် | မြန်မာအခေါ် |
|---|---|---|---|
| ၂ ပေါက် | ဒုရက | ဂန္ဓာရ | ဆိတ်သံ |
| ၃ ပေါက် | ပြည်တော်ပြန် | ဥသဘ | နွားလားတွန်သံ |
| ၄ ပေါက် | အောက်ပြန် | ပဉ္စမ | ဥသြသံ |
| ၅ ပေါက် | မြင်စိုင်း | ဆဇ္ဇ | ဥဒေါင်းသံ |
| ၆ ပေါက် | ခြောက်သွယ်ညွှန့် | ဓေဝတ | မြင်းဟီသံ |
| ၇ ပေါက် | ညှင်းသံ | နိသာဒ | ဆင်တောပေးသံ |
| ၈ ပေါက် | ပုလဲ | မဇ္ဈိမ | ကြိုးကြာသံ |




နဲ့အင်္ဂါအစိတ်အပိုင်းများ

ခုနစ်ပေါက်သို့၊ ရောက်ရပြန်သည်၊ တလည်လည်လျှင်၊ မှတ်ရည်သတိ၊ သိရှိဝမ်းသာ၊ ဉာဏ်ပညာဖြင့် မေတ္တာပွားကြစေသတည်း”

အထက်ပါလင်္ကာများမှာ နဲ့ကြီး၏အသံများကို တိကျစွာ ဖော်ပြထားသောလင်္ကာဖြစ်သည်။ ယင်းလင်္ကာအရဆိုလျှင် နဲ့ငါးချောင်းရှိကြောင်းသေချာနေလေပြီ။ ထိုနဲ့များသည် လက်ချောင်းခုနစ်ချောင်းပိတ်သံမှန်မှာ နဲ့ကြီး၊ လက်ချောင်းသုံးချောင်းပိတ်သံမှန်မှာ သံလတ်၊ လက်ချောင်းလေးချောင်းပိတ်သံမှန်မှာ သံထိး၊ လက်ချောင်းငါးချောင်းပိတ်သံမှန်မှာ သံကျပ်၊ လက်ချောင်းခြောက်ချောင်းပိတ်သံမှန်မှာ သံကပ်ဖြစ်ပြီး ယင်းနဲ့သံများစုံသွားလျှင် ခုနစ်ပေါက်သို့ရောက်ရပြန်သည်ဟု ဆိုထားခြင်းဖြစ်ပေသည်။

နဲ့တွင်အသံတူမှာ ဘယ်သံညာသံရှစ်လုံးတွဲများဖြစ်ကြသည်။ အသံတူပင်ဖြစ်လင့်ကစားဘယ်သံသည်ညာသံထက်နိမ့်သည်။ ကျသည်၊ ကြီးသည်၊ ညာသံသည် ဘယ်သံထက် မြင့်သည်၊ တက်သည်၊ သေးသည်။

## နဲ့ကြီး၏ အင်္ဂါအစိတ်အပိုင်းများကို တပ်ဆင်အသုံးပြုပုံ

နဲ့ကြီး၏အင်္ဂါအစိတ်အပိုင်းများကို တပ်ဆင်၍ အသုံးပြုပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

နဲ့ကြီး၏ နဲ့တံမှာ ၁၆ လက်မကျော်၊ ၁၇ လက်မရှိပြီး သပွတ်တံမှာနဲ့ကြီး၏ အပေါ်ဆုံးလက်ပေါက်အလယ်တည့်တည့်တွင်တည်ရှိသည်။ ၄င်းသပွတ်တံကို နဲ့ကြီး၏ ထိပ်ဝတွင်ရှိသည့်အပေါက်ငယ်တွင်ထည့်ရသည်။ ယင်း၏အရှည်သုံးလက်မခန့်ကို ထည့်ထားပြီး အပေါ်ဆင်တွင်နဲ့၏အခင်ကို တပ်၍မှုတ်ရပေသည်။

နဲ့ကြီးတွင် ဖောင်းရစ်ဟုခေါ်သော အရစ်နှစ်ရစ် အပေါ်ဆုံးတွင် ရှိပေသည်။ ထိုဖောင်းရစ်နှစ်ရစ်ကြားမှ နဲ့ခြေသို့သွယ်တန်း၍ ချည်ကြိုးခေါ်ပန်းစည်းကြိုးများနှင့် နဲ့ကြီးခြေကို ချည်ထားရပါသည်။ အချို့က ယင်းကြိုးကို ဘယ်ဘက်တွင်ထား၍ အချို့က ညာဘက်တွင် ထားကြပေသည်။ ဘယ်ဘက်ထားထား ညာဘက်ထားထား ရပါသည်။ မိမိသန်သလို အသုံးပြုနိုင်ကြပေသည်။ စာရေးသူ၏အကြိုက်မှာမူ နဲ့ကြီး၏ ညာတင်ဆိုလျှင် ကြိုးကို ညာဘက်တွင်ထားခြင်းက ပို၍ကောင်းသည်ဟု ယူဆပါသည်။ အဘယ်ကြောင့်ဆိုသော် ညာတင်ဖြစ်ပါက ယင်းကြိုးကို ပရိသတ်အမြင်မှ ကာကွယ်ထားနိုင်သောကြောင့်ပင်ဖြစ်ပါသည်။ ထိုကြိုးများကို ပန်းပွားပြုလုပ်ကာ နဲ့ကြီး

၏အပေါ်မှသော်လည်းကောင်း၊ အောက်ဘက်နဲ့ခြေမှသော်လည်းကောင်း အလှအပအဖြစ်ထားတတ်ကြပေသေးသည်။

ရှေးအခါကဆိုလျှင် တံကျင်တံကို သီးခြားဖြုတ်မထားကြပေ။ တံကျင်တံကို လေးလက်မခန့်အရှည်ထားပြုလုပ်ကြသည်။ သေးသေးသွယ်သွယ်နှင့် အရင်းတွင် အပြားကလေးလုပ်ကာ အံပေါက်ဖောက်ထားပြီး နဲ့ကြီး၏ဖောင်းရစ်မှ ကြိုးတစ်ချောင်းဖြင့် ချည်နှောင်ထားလေ့ရှိခဲ့သည်။ ထိုသို့ထားရခြင်းမှာ နဲ့မှုတ်နေစဉ် နဲ့ခင်ပြား ပိတ်ဆို့သွားလျှင် နဲ့ခင်အလည်သို့ အလွယ်တကူ ထိုးသွင်း၍ လေကြောင်းဖွင့်ပေးနိုင်ရန်ဖြစ်ပါသည်။ ယခုခေတ်တွင် ထိုသုံးနည်းမျိုးကို မသုံးကြတော့ပေ။ နဲ့ခင် ကြေးဖြတ်သည့်အချိန်တွင်သာ သုံးကြပေတော့သည်။

နဲ့ကြီးတွင် အောက်ခြေကြားအပြန့်ပါရှိလေသည်။ အောက်ခြေကြားအပြန့်မှာ အကျယ်ခြောက်လက်မခန့် ရှိသည်။ နဲ့ကြီး၏ခြေမှ နဲ့ကြီးထောင်၍ထားလျှင် နဲ့တံ၏အပေါ်လက်ပေါက်လေးချောင်းပိတ်နေရာကို ရောက်ရပါသည်။ နဲ့ခြေ၏အမြင့် ရှစ်လက်မမတ်တင်းရှိပြီး အလယ်တွင် ဖောင်းရစ်တစ်ရစ်၊ အပေါ်တွင် တစ်ရစ်သို့မဟုတ် နှစ်ရစ်ပါရှိသည်။ နဲ့ခြေ၏ အတွင်းပိုင်းမှ အောက်ဘက်၌ကျယ်ပြီး အပေါ်တက်၍ အချိုးအစားညီညီ ကျဉ်းသွားရသည်။ နဲ့ကြီးခြေထည့်ခြင်းအားဖြင့် နဲ့အမြည်နှုန်းများပေသည်။

ဒနော့ခေါ် ပါးကွယ်ကို ရှေးကအသုံးပြုခဲ့ကြသည်။ သတ္တုပြားတစ်မျိုးဖြင့် အချင်းလေးလက်မခန့်ရှိပြီး အလယ်ခေါင်တည့်တည့်တွင် ဖောက်ထားသောအံပေါက်တစ်ပေါက်ရှိသည်။ ထိုပါးကွယ်ကို နဲ့တံတွင် အံဝင်ခွင်ကျ စွပ်ထားလိုက်လျှင် နဲ့မှုတ်သည့်အခါ ပါးဖောင်းခြင်း၊ လည်ပင်းကြောထောင်ခြင်းစသည့် မလှမပသောမျက်နှာထားကို ပရိသတ်က မမြင်ရတော့ပေ။ ယခုခေတ်တွင်မူ အသုံးမပြုကြတော့ပေ။

## (ခ) သံလတ်တံနဲ့ (သုံးချောင်းပိတ်သံမှန်)

သံလတ်တံဟု ခေါ်သောနဲ့မှာ နဲ့ကြီးနှင့် တစ်ပြိုင်တည်းပေါ်ပေါက်ခဲ့သော နဲ့တံဖြစ်သည်။ သို့သော် သံလတ်တံ၏ နဲ့သံစဉ်နှင့် နဲ့ကြီးလက်ပေါက်သံစဉ်ဒနော့အထားမှာ မတူကြပေ။ နဲ့တံ၏အပေါ်ဘက်၌ လက်ပေါက် ခုနစ်ပေါက်ရှိကာ အောက်ဘက်၌ သရပေါက်တစ်ပေါက်ရှိခြင်းမှာမူ အတူတူပင်ဖြစ်ပါသည်။




နဲ့ခင်ပြုလုပ်သည့်ပစ္စည်းများထည့်သော နဲ့ခင်ဘူး

သံလတ်တံနဲ၏ အလျားမှာ တစ်ဆယ့်နှစ်လက်မ ရှိပေသည်။

သံလတ်တံနဲ၏ သံစဉ်များမှာ အပေါ်ဆုံးလက်ပေါက်တစ်ချောင်းပိတ်လျှင် အောက်ပေါက်သံဖြစ်သွားပြီး လက်ချောင်းနှစ်ချောင်းပိတ်လျှင် ခုနစ်သံဖြစ်သွားသည်။ နောက်လက်ချောင်းသုံးချောင်း ပိတ်လျှင် တစ်ပေါက် သို့မဟုတ် သံမှန်ဖြစ်ပြီး လက်လေးချောင်းပိတ်လျှင် နှစ်ပေါက်ဟုခေါ်သည်။ တစ်ဖန် လက်ငါးချောင်းပိတ်လျှင် သုံးပေါက်ဟုခေါ်ပြီး လက်ချောင်းခြောက်ချောင်းပိတ်လျှင် လေးပေါက်ဟုခေါ်သည်။ လက်ချောင်းခုနစ်ချောင်း ပိတ်ပါက ငါးပေါက်ဟု ခေါ်သည်။ သံလတ်တံနဲမှာ အောက်ငါးပေါက်သံနှင့် လက်အားလုံးဖွင့်လိုက်လျှင် ငါးပေါက်သံ ညာသံလိုက်ဟု ခေါ်ပါသည်။ ယခုခေတ်သုံး မည်သည့်နဲနှင့်မျှမတူပါပေ။ ပုံစံအားဖြင့် "စည်းနှင့်ဝါး၊ စည်းနှင့်ဝါး၊ စည်းနှင့်ဝါးလေး စည်းနှင့်ဝါး" ဟု သီဆိုလျှင် သံလတ်တံနဲတံဖြင့် မှုတ်မှသာ ငါးပေါက်ဘယ်သံနှင့် ညာသံလိုက်၍ရနိုင်သည်။

သံလတ်တံကို ထိုခေတ်က ဆိုင်းဝိုင်းနှင့် ဇာတ်များတွင် အသုံးများခဲ့ပေသည်။ သံလက်တံကို သုံးစွဲသည့်ဆိုင်းနှင့်ဇာတ်များထဲမှ သီချင်းများမှာ ရိုးရိုးစင်းစင်း အသွားများသာ ဖြစ်သည်။ တီးလုံးတီးကွက်များမှာ ယခုခေတ်သီချင်းများကဲ့သို့ စေ့စေ့စပ်စပ် မဟုတ်ဘဲ ခပ်ကျဲကျဲသာဖြစ်သည်။ တစ်နည်းအားဖြင့် တစ်လုံးချင်းတီးရသော တီးကွက်များသာဖြစ်သည်ဟု ယဉ်ကျေးမှုဌာနတွင် နဲအကြံပေးပုဂ္ဂိုလ်များအဖြစ် ဆောင်ရွက်ခဲ့သည့် ကွယ်လွန်သူ နဲဆရာကြီးများဖြစ်ကြသော အဘဦးသာကျင်နှင့် အဘဝိဇ္ဇာညွန့်တို့က ပြောပြခဲ့ဖူးပေသည်။ အချို့ဇာတ်များတွင် နဲဆရာနှစ်ယောက် သုံးယောက် သုံးကြသည်ဟုလည်း ပြောပြခဲ့ပေသည်။ ဇာတ်ဆရာကြီးဦးဘိုးစိန်၏ ဇာတ်တွင် သုံးယောက်ပင် ထားခဲ့ဖူးသည်။ ထိုသုံးယောက်မှာ "တင်သုံးတင်" ဟု ထင်ရှားကျော်ကြားခဲ့ပါသည်။ ကံဘဲ့နဲဆရာကြီး ဆရာတင်၊ ဘုဆရာတင်နှင့် ညောင်လေးပင် ဆရာတင်တို့ သုံးယောက်ဖြစ်သည်။



သံလတ်တံနဲ

ဗလာဆိုင်းတွင်ဆိုလျှင်လည်း နှဲဆရာကြီး အဘဦးသာကျင်မှာ အထက်မြန်မာပြည် အညာဒေသတွင် အလွန်နာမည်ကြီးသော နှဲဆရာကြီး တစ်ဦးဖြစ်သည်။ ဟသ်ာတမြို့မှ အလင်္ကာကျော်စွာဘွဲ့ရ အဘဦးဟန်ပနှင့် တွဲဖက်၍ တီးမှုတ်ဖူးကြောင်းသိခဲ့ရသည်။ ထိုအချိန်က နှဲဆရာကြီးများ၊ ဆိုင်းဝိုင်းဆရာကြီးများမှာ ခေါင်းပေါင်းပေါင်းလေ့ရှိကြသည်။ နားကပ်များလည်း ပန်ကြကြောင်း၊ သူပန်ဆင်သောနားကပ်မှာ ကျောက်နီနားကပ်ဖြစ်ကြောင်းပြောပြခဲ့၍ အသားမည်းသော အဘနှင့် လိုက်ဖက်ရဲ့လားဟု စာရေးသူက ကျီစယ် မေးမေးခဲ့ရာ အဘဦးသာကျင်က လိုက်သည်၊ မလိုက်သည် ဂရုမထားနိုင်၊ ရှေးထုံးစံအတိုင်း ဝတ်ဆင်ရကြောင်း ပြန်လည်ပြောပြခဲ့ပေသည်။ အဘဦးသာကျင်သည် ဟသ်ာတမြို့တွင် တစ်နှစ်ပတ်လည် တီးမှုတ်ပြီး စစ်ကိုင်း၊ မန္တလေးဘက်သို့ပြန်ခဲ့ကြောင်းကိုလည်း ပြောပြဖူးသည်။ အဘဦးသာကျင်၏ ဆရာအရင်းမှာ နှဲဆရာကြီး ဦးဧယျာဖြစ်ကြောင်း၊ ဆရာကြီး ဦးဧယျာ၏ တပည့်တပန်းများကို ဧယျာတပ်၍ ခေါ်ခဲ့ကြကြောင်းလည်း သိရှိမှတ်သားခဲ့ရပေသည်။

သံလက်တံနှဲ (ဝါ) သုံးချောင်းပိတ် သံမှန်နှဲဆိုသည်မှာ နှဲ၏ အပေါ်ဆုံး လက်ပေါက်သုံးချောင်းနှင့် အောက်ဘက်ရှိ "သရပေါက်" ခေါ်လက်မပေါက်တို့ကိုပိတ်၍ ဖြစ်ပေါ်လာသည့်အသံကိုယူ၍ သတ်မှတ်ခေါ်ဝေါ်ထားခြင်းဖြစ်သည်။ သံလက်တံနှဲကို ယခုခေတ် နှဲဆရာများ၊ အသက်ကိုးဆယ်အောက် နှဲဆရာများ မမီခဲ့ပါ။ သုံးလည်း မသုံးစွဲခဲ့ကြဖူးပါ။ မြန်မာသက္ကရာဇ် ၁၂၆၀ ပြည့်နှစ်ဖွား နှဲဆရာကြီး အဘ ဝိဇ္ဇာညွန့်နှင့် အဘဦးသာကျင်တို့သာ သိမီသုံးစွဲခဲ့ကြဖူးသည်။

သံလက်တံနှဲတွင် နှဲတံနှင့်တွဲဖက်၍ ဒနော ခေါ် ပါးကွယ်များ တစ်ပါတည်းပါရှိပေသည်။ သံလက်တံနှဲတွင် ယင်းပါးကွယ်သည် နှဲတံရှိဖောင်းရစ်နှစ်ရစ်အနက် အပေါ်ဆုံး ဖောင်းရစ်တွင် အဝိုင်းပေါက်ဖောက်၍ အလယ်တွင် စွပ်ထားရသည်။ တရုတ်ပြည်တွင်မူ ထိုနေရာတွင် မစွပ်ဘဲ နှဲအခင်နှင့် သွားပွတ်တံတပ်သည့်နေရာတွင် ထည့်၍သုံးကြသည်။ နှဲမှုတ်လျှင် မျက်နှာကိုပြုံးပြုံးကလေးထား၍ မှုတ်ရန် နှဲဆရာများက သင်ကြားပေးလေ့ရှိပါသည်။ နှဲကိုမှုတ်လျှင် ရင်တွင်း၌ရှိသောလေကို တွန်းထုတ်မှုတ်ရ၍ မျက်နှာမှာ နီရဲလာတတ်ပါသည်။ မျက်နှာမြင်ကွင်းကောင်းအောင် ပြုံး၍မှုတ်ခိုင်းခြင်းဖြစ်ပါသည်။ ဒနောခေါ် ပါးကွယ်မှာ မျက်နှာ မလှမပဖြစ်တတ်သည်ကို ကာကွယ်ပေးရန် အလို့ငှာ တပ်ဆင်သုံးစွဲကြခြင်းဖြစ်သည်။

နှဲလက်တံ၏နှဲခြေခေါ် အော်အံမှာ နှဲကြီးခြေ၏ အတိုင်းဖြစ်ပါသည်။ သို့သော် နှဲ၏ ခြေထက် အတိုင်းအထွာသေးသည်။

သံပွတ်တံ၏ အတိုအရှည်မှာလည်း သံမှန်ကိုက်သည့် အနေအထားအတိုင်း ဖြစ်သည်။ သံလက်တံနှဲသည် ရှေ့တွင်တင်ပြခဲ့သော နှဲဘွဲ့လင်္ကာထဲတွင် အကျုံးဝင်သော နှဲတစ်ချောင်းဖြစ်ပေသည်။ သို့သော် ယခုခေတ်တွင် သုံးချောင်းပိတ်သံမှန်ခေါ် သံလက်တံနှဲကို လုံးဝမသုံးစွဲကြတော့ပေ။ မြင်ဖူးတွေ့ဖူးသူပင် အင်မတန် နည်းပါးနေချေပါပြီ။ ယင်းသံလက်တံနှဲကို မြန်မာသက္ကရာဇ် ၁၂၉၀ ပြည့်နှစ်ခန့်ကတည်းက သုံးစွဲခြင်း မရှိတော့ပေ။ ပျောက်ကွယ်သလောက်ဖြစ်နေပေပြီ။

သံလက်တံနှဲသည် အလွန်လက်ပေါက်ကပ်၏။ ယခုခေတ်ကာလတီးသော တီးကွက်တီးချက်စိပ်စိပ်များနှင့်ဆိုလျှင် အလွန်ကြိုးစားအားထုတ်မှုတ်ပါမှ အဆင်ပြေဖွယ်ရာ အကြောင်းရှိသည်။ ထို့ကြောင့် အသုံးနည်းသွားခြင်းဖြစ်သည်။ ထို့ပြင် သံလက်တံနှဲ၏ အသံထွက်မှာ နှဲကြီး၏အသံထွက်နှင့် ဆင်တူရိုးမှားလည်းဖြစ်သည်။ သို့သော် နှဲကြီး၏အသံထွက်မှာ ကြည်နူးစရာကောင်းပြီး

သံလက်တံခေါ် သုံးချောင်းပိတ်သံမှန်၏ နဲ့ထွက်သံမှာ လွန်စွာထိုင်းမှိုင်းသောကြောင့် ဖြစ်သည်။ သံလက်တံမှာ ယခုအခေါ် (ဇီ) သံကိုက်သော နဲ့တံတစ်ချောင်းလည်း ဖြစ်သည်။

သုံးချောင်းပိတ် သံမှန်နဲ့ကို သူမတူအောင် ကျင်ကျင်လည်လည်မှုတ်နိုင်သူမှာ ဆရာကြီး အဘ ဝိဇ္ဇာညွန့်ပင် ဖြစ်သည်။ ဦးသာကျင်သည် သံချောင်းပိတ်သံမှန်နှင့်ဖက်၍ ကြီးပြင်းလာသူ တစ်ဦးဖြစ်၍ ကျွမ်းကျင်စွာ မှုတ်နိုင်ခြင်းဖြစ်သည်။ ယင်းကိုမှုတ်နိုင်ရန် လေ့ကျင့်မှုများများ လိုအပ်ပါသည်။ ဇာတ်ဆရာကြီး ဦးဖိုးစိန်၏ ဇာတ်ပြားအချို့တွင် နဲ့ဆရာကြီး အဘ ဦးဘိုးကာ မှုတ်ထားသည့် သံလက်တံနဲ့အသံများ ပါဝင်ပါသည်။ သို့သော် အမှတ်တမဲ့ နားထောင်ပါက သံလက်တံနဲ့အသံမှန်း မသိနိုင်ပေ။ ဂီတပညာ အခြေခံအားကောင်းမှသာ ယင်းသံလက်တံနဲ့သံမှန်း သိရှိနိုင်သည်။

### သံလက်တံ၏သံစဉ်များ

| လက်ပေါက် | | ပိတ်သံ | ဖွင့်သံ |
|---|---|---|---|
| ၁ | ၀ | ၆ ပေါက် | ၅ ပေါက်သံ |
| ၂ | ၀ | ၇ ပေါက် | ၆ ပေါက်သံ |
| ၃ | ၀ | ၁ ပေါက်(သံမှန်) | ၇ ပေါက်သံ |
| ၄ | ၀ | ၂ ပေါက် | ၀ ပေါက်သံမှန် |
| ၅ | ၀ | ၃ ပေါက် | ၂ ပေါက် |
| ၆ | ၀ | ၄ ပေါက် | ၃ ပေါက် |
| ၇ | ၀ | ၅ ပေါက် | ၄ ပေါက် |

အပေါက်ငယ် ခုနစ်ပေါက်တို့ကို အထက်မှ အောက်သို့ တစ်ပေါက်ချင်းပိတ်၍သွားသောအခါ ပေါ်ထွက်လာသည့်အသံတို့မှာအောက်ပါအတိုင်း ဖြစ်သည်။

၁ ပေါက် ပိတ်သော် ၆ ပေါက်သံ
၂ ပေါက် ပိတ်သော် ၇ ပေါက်သံ
၃ ပေါက် ပိတ်သော် ၁ ပေါက် (သံမှန်)
၄ ပေါက် ပိတ်သော် ၂ ပေါက်သံ
၅ ပေါက် ပိတ်သော် ၃ ပေါက်သံ
၆ ပေါက် ပိတ်သော် ၄ ပေါက်သံ
၇ ပေါက် ပိတ်သော် ၅ ပေါက်သံ

ထိုနည်းအတိုင်း အောက်မှ အထက်သို့ တစ်ပေါက်ချင်း ဖွင့်သွားသောအခါ ရသောအသံတို့မှာ ၄၊ ၃၊ ၂၊ ၁၊ ၇၊ ၆၊ ၅ တို့ဖြစ်သည်။

### (ဂ) သံထီးတံ (နဲ့ကလေးခေါ် လေးချောင်းပိတ် သံမှန်နဲ့)

နဲ့ကလေးခေါ် သံထီးတံနဲ့သည် သံလက်တံနဲ့ ပျောက်ကွယ်သွားပြီးနောက်မှ ပေါ်ပေါက်လာသောနဲ့ ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၈၀ ပြည့်နှစ်နှင့် ၁၃၀၀ ပြည့်နှစ်များကြားတွင် ပေါ်ပေါက်ခဲ့သည်ဟု ယူဆရသည်။ စတင်ပေါ်ပေါက်ခဲ့ချိန်မှစ၍ ယနေ့ထက်တိုင် တွင်ကျယ်စွာ အသုံးပြုနေသော နဲ့ဖြစ်ပါသည်။ အိုးစည်၊ ဒိုးပတ်၊ စည်၊ ဗျော၊ ဆိုင်းဝိုင်း စသည်တို့တွင် အရေးပါသောနေရာကို ယူနေဆဲဖြစ်သည့် နဲ့တံ ဖြစ်သည်။ ဇာတ်ကြီးများတွင် သံထီးတံနဲ့မှာ အဓိကကျသော ဂီတပစ္စည်းတစ်ခုဖြစ်သည်။

သံထီးတံနဲ့ကို သေသေချာချာ စနစ်တကျ လေ့ကျင့်၍မှုတ်ပါက ကမ္ဘာသုံးသံစဉ် ၁၂ သံစလုံးကို မှုတ်နိုင်ပေသည်။ ထို့ကြောင့် သံထီးတံနဲ့ခေါ် လေးချောင်းပိတ် သံမှန်နဲ့မှာ ယနေ့အထိ တွင်ကျယ်စွာ ဆက်လက်သုံးစွဲနေသော နဲ့အဖြစ် မကွယ်မပျောက် တည်တံ့ခိုင်မြဲနေခြင်း ဖြစ်သည်။

သံထီးတံနဲ့ကို အသုံးပြုသည့်အခန်းကဏ္ဍမှာလည်း လွန်စွာကျယ်ဝန်းလှပေသည်။ သံထီးတံနဲ့မှာ လက်လေးချောင်းပိတ်ပါက သံမှန်ထွက်ပေသည်။ ယင်းသံမှန်မှာ နိုင်ငံတကာသုံး "ဇီ" သံနှင့် ကိုက်ညီနေသည်။ ယနေ့ နိုင်ငံတကာသုံးသံစဉ် မဟုတ်သည့် သံစဉ်ငါးမျိုးပါဝင်နေသည်။ မြန်မာသံစဉ်မှာ သံစဉ်ခုနစ်မျိုးသာရှိသည်။ သံထီးတံနဲ့

ကို လက်လေးချောင်းပိတ်ပါက သံမှန်ဖြစ်ပြီး လက်ငါးချောင်းပိတ်ပါက နှစ်ပေါက်သံဖြစ်သည်။ လက်ခြောက်ချောင်းပိတ်ပါက သုံးပေါက်သံဖြစ်သည်။ လက်ခုနစ်ချောင်းပိတ်ပါက လေးပေါက်သံဖြစ်သည်။ တစ်ဖန် အပေါ်ဆုံး လက်တစ်ချောင်း ပြန်ပိတ်လျှင် ငါးပေါက်သံဖြစ်ကာ လက်နှစ်ချောင်း ပိတ်ပါက ခြောက်ပေါက်သံ ဖြစ်သွားသည်။ တစ်ဖန် လက်သုံးချောင်း ပိတ်ပါက ခုနစ်သံ သို့ရောက်ပြီး လက်လေးချောင်းပိတ်လျှင် သံမှန် ခေါ် "စီ" သံသို့ ပြန်ရောက်သည်။ အထက်ပါ သံစဉ်များမှာ သံထီးတံ၏ မြန်မာ့သံစဉ်များ



သံထီးတံနဲ

ဖြစ်သည်။ အထက်ပါ သံစဉ်များတွင် မပါဝင်သော နိုင်ငံတကာသုံးသံစဉ်ငါးမျိုးမှာ ကြားသံများဖြစ်သည်။ ပုံစံအားဖြင့် နိုင်ငံတကာသုံး "စီရှပ်သံ" သည် "စီ" (သံမှန်) ထက် တစ်ဝက်တက်အသံ သို့မဟုတ် "ဒီ" သံ တစ်ဝက်လျော့သော အသံဖြစ်သည်။ သံထီးတံနဲ့မှာဆိုပါက လက်ပေါက် သုံးချောင်းကြားနှင့် လေးချောင်းကြားတွင် "စီရှပ်သံ" ရှိပါသည်။ နောက်တစ်သံမှာ "ဒီရှပ်" ခေါ် "အီးဖလက်" သံမှာ မြန်မာခြောက်ပေါက် စွဲဟုခေါ်သည့် အသံဖြစ်သည်။ ယင်း "ဒီရှပ်" ဟုခေါ်သောအသံသည် လက်ပေါက်သုံးချောင်း ကြားနှင့် လက်ပေါက်နှစ်ချောင်းကြားတွင် ရှိပါသည်။ ထို့နောက် "အက်(ဖ်)ရှပ်" ခေါ် ငါးပေါက် တစ်ဝက်အသေးသံမှာ လက်ပေါက် တစ်ချောင်း ပိတ်ပြီး ထိုလက်ချောင်းတစ်ချောင်း တစ်ဝက် ပိတ်လျှင် ပေါ်ထွက်လာသောအသံဖြစ်သည်။ "ဂျီရှပ်" ဟုခေါ်သော အသံမှာ အောက်ဆုံး လက်ပေါက် ခုနစ်ချောင်းကြားနှင့် လက် ခြောက်ချောင်း ပိတ်သည့်ကြားတွင်ရှိသည်။ "ဘီဖလက်" ခေါ် "အေရှပ်" ဟုခေါ်သော နဲသံမှာ လက်ခြောက်ချောင်းပိတ်နှင့် လက်ငါးချောင်းပိတ် ကြားတွင် တည်ရှိပေသည်။ တစ်ဖန် လက်ပေါက် လေးချောင်းပိတ်သည့်အခါ သံမှန်ဟုခေါ်သော "စီသံ" သို့ ပြန်ရောက်သွားသည်။

သံထီးတံနဲ့ကို စီနဲ့ရိုးဟုလည်း ခေါ်ကြပါသည်။ မြန်မာသံစစ်စစ်များကို မှုတ်ပါက သံထီးတံနဲ့တွင် ရိုးရိုးလက်ပေါက်များကိုသာ သုံးရပေသည်။ နိုင်ငံတကာသုံး ကြားငါးသံကို မှုတ်မည်ဆိုပါက အခက်အခဲများစွာကို ကျော်လွှား၍ အလေ့အကျင့်နာမှ၊ နိုင်ငံတကာ သံစဉ်များကိုပါ နားလည်သော၊ နားရည်ဝသော ဆရာကောင်းများ၏ နည်းနာနိဿယများကို လိုက်နာနိုင်မှ မှုတ်၍ရနိုင်ပေမည်။ စာရေးသူသည် အထက်ပါ မှုတ်နည်းများကို ကွယ်လွန်သူ နဲ့ဆရာကြီး မြန်မာညွန့် ဦးချစ်မောင်ထံမှ လေ့လာဆည်းပူး

သင်ကြားခဲ့ခြင်း ဖြစ်သည်။ မြန်မာညွှန့် ဦးချစ်မောင်က သူတို့ခေတ်တွင် စန္ဒရားတီးလျှင် အနက်လုံးမှ အသံများကို မတီးဘဲ အဖြူလုံးများကိုသာတီးကြောင်း၊ နောက်ပိုင်းတွင် အနက်လုံးများကိုပါ ထည့်တီးလာကြ၍ နဲကလည်း အနက်လုံးမှ အသံများကို မမှုတ်နိုင်လျှင် မဖြစ်ကြောင်း၊ ထို့ကြောင့် အသံစုံ မှုတ်နိုင်အောင် လေ့ကျင့်မှဖြစ်မည်ဟု အမြော်အမြင်ကြီးစွာ ပြောကြား ညွှန်ပြခဲ့ဖူးသည်။

သံထီးတံနဲတွင် "သရပေါက်" အသုံးပြုခြင်းမှာ များစွာ အဖိုးတန်လှပေသည်။ ညစ်သံသို့မဟုတ် ကြူသံမှုတ်လျှင် ယင်း "သရပေါက်" ခေါ် လက်မပေါက်ကို အနည်းငယ် ဖွင့်ထားရသည်။ အနုနှင့် အဖွဲ့အနွဲ့များမှုတ်လျှင် သရပေါက်မပါက မပြီးနိုင်ပါချေ။ ထို့ပြင် နဲဘွဲ့လင်္ကာတွင်လည်း "လေယူရှစ်ပေါက်၊ ရှိတုံမြောက်လည်း" ဟု အတိအလင်း ဆိုထားသည်ကိုထောက်၍ အပေါ်လက်ပေါက် ခုနစ်ပေါက်စလုံးနှင့် အောက်လက်မပေါက်ခေါ် သရပေါက်ပါ ပါဝင်ကြသည်။ လက်မပေါက်ခေါ် သရပေါက်ကို နဲဆရာ ကျွမ်းကျင်လျှင် ကျွမ်းကျင်သလောက် အသုံးချ၍ နဲပညာစွမ်းပြနိုင်ပေသည်။ ထို့ကြောင့် သရပေါက်မှာ နဲမှုတ်ရာ၌ လွန်စွာအချက်အချာကျသော လက်ပေါက်ဖြစ်သည်။

ဇာတ်ကြီးများ ကရာတွင် သံထီးတံနဲသည် အလွန်အသုံးဝင်သည်။ ပုံစံပြရလျှင် နှစ်ပါးသွားစခန်းသိမ်းတွင် မင်းသားက စခန်းချသီချင်းကို ဆိုရပေသည်။ "မမလေးတဲ့ လိုက်ခဲ့ခေါ်၊ ပိန်းမျောက်ကယ်စုံစီနှင့် ကရင်နီတွေ ခေါင်ရေသုံးရှာကြ၊ တောင်ကိုးလုံးပေါ် ရှုလိုက်ပြန်သော်၊ ပြည်တော်နဲ့တနဲ၊ လျှောက်လိုက်ပြန်သော် ပြည်တော်နဲ့မဝေး၊ သစ်တောက်ကယ် မျောက်ညိုနှင့် ပင်စုံညို ပင်စုံညို၊ ပင်စုံညို ပင်စုံညို သာတဲ့စခန်းမှာ၊ တောသူတို့ပျော်ပွဲ၊ တောသူတို့ပျော်ပွဲ" ဟု စခန်းသိမ်းသီချင်းကို မင်းသားက ဆိုပြီးလျှင် နဲဆရာက ထိုစာသားကို အပီပြန်၍မှုတ်ရသည်။

နဲဆုံးမှ ပြည်ဖုံးကားကိုချ၊ လေပြည်ထိုးပြီး ပွဲကို ခေတ္တအားလပ်ချိန်ပေးသည်။

ဇာတ်လမ်းထဲတွင် မိုးကြီးလေကြီးကျရောက်သည့် ဇာတ်ဝင်ခန်းများ ပါလျှင်လည်း နဲက ဦးဆောင်၍ မှုတ်ရပါသည်။ "မိုးသံလေသံက ဂျိုးဂျိုးခြိမ့်ခြိမ့်၊ ရော...သည်တစ်ခါ လာချီပေါ့၊ သိုးသိုးသိမ့်သိမ့်" ဟူသောဇာတ်ကိုနဲကသုံးခေါက်မှုတ်သည့်အခါ ဆိုင်းဝိုင်းထဲမှ ဗိန်းဗောင်းစတီးရပေသည်။ သို့တီးရာတွင် ဇာတ်အိမ်အတိုအရှည်ကိုကြည့်ပြီး ဆိုင်းကတီးရပါသည်။ ဇာတ်လမ်းတိုပါက ငိုချင်း၊ လေပြည် စသည်တို့ကို ဆိုင်းမှ အတိုတီးရပါသည်။ ဇာတ်လမ်းရှည်ပါက ဆိုင်းမှ အရှည်တီးရပါသည်။ ဇာတ်လမ်းဇာတ်ကွက်၊ အချိန်နာရီကိုကြည့်၍ အလျော့အတင်းပြုကာ တီးမှုတ်ကြရသည်။

ဇာတ်အိမ်များ ဖွဲ့ရာတွင် ရှင်ဘုရင်၊ ဝန်ကြီး၊ မင်းသား၊ မင်းသမီး၊ လက်စွဲ၊ ရုံရွှေများနှင့် ဖွဲ့ရသည်။ ထိုသို့ဖွဲ့သည့်အထဲတွင် လွမ်းစရာ ဆွေးစရာ၊ သောကရောက်စရာများသော ဇာတ်လမ်းများ ဆိုပါက နဲသည် အသုံးအဝင်ဆုံးနေရာသို့ အလိုအလျောက် ရောက်ရှိသွားပါသည်။ တစ်ဖန် ဇာတ်လမ်းထဲတွင် တောလမ်းခရီးသွားသည့် အကွက်များ ပါပါက တောနှင့်ပတ်သက်သော သီချင်းများကို သီဆို၍ ပြန်တီးသည့် အတီးပုဒ်ရောက်လျှင် နဲမှဦးဆောင်ပြီး တီးမှုတ်ရပါသည်။ ဖုံထောက်နှင့် ခရီးသွားသည့်အခါ ဖုံထောက် သီချင်းများကို သီဆိုရပေသည်။ ပုံစံပြရလျှင် "လာချေငယ်နီးပြန်တော့ ရွာကြီးရယ်တဲ့တောင်ကို၊ ရွာတောင်းငယ်ခို ထနောင်းပျို ဆယ်ပင်ရုံတဲ့ ရေကန်ဘောင်ဖြင့်ရိုးမှာလေး၊ ပျိုတတွေငယ် ညနေချိန်ဘက် ရေအိုးရွက်လို့ သူ့ထက်ငါမှ ရည်းစားကိုမြှူလိုက်တဲ့လေး" ဟူသော ဖုံထောက်သီချင်းကိုဆို၍ ဆုံးလျှင် နဲက ယင်းအသွားကို မှုတ်ရပေသည်။ ပြီးလျှင် တျော်တျာသပ်ရသည်။ အထက်ပါဥပမာမှာ ဖုံထောက်ချိုး၏ အဆုံးသတ်

နည်းဖြစ်ပေသည်။ ထိုအခါမျိုးတွင် နဲ့ မပါ၍မပြီးချေ။ ဆိုင်းဝိုင်းထဲမှ ဗုံမှာ အပိုသဘောမျှသာ လိုပေသည်။ သီချင်းစာသားများမှာမူ သူ့ဇာတ်ခွင်နှင့်သူ၊ သူ့ဒေသနှင့်သူ လိုက်လျောသော စာသားများကို ဆိုလေ့ရှိကြသည်။

ဇာတ်အိမ်ဖွဲ့ရာတွင် နှစ်ပါးသွား ပြီးပါက ဇာတ်ခုံပေါ်မှ မောင်းကြီးသုံးချက်ထု၍ အချက်ပေးသည်။ နောက်ပိုင်းအတွက် ဆိုင်းဝိုင်းထဲတွင် ပတ်စာရေစာ အပြည့်ထည့်ပြီး လေပြည်ထိုးသည်။ လေပြည်ထိုးပြီးသည်နှင့် ဇာတ်ခုံရှေ့ (နန်းမြို့ရိုးကားရှေ့) တွင် ဝန်ကြီးနှစ်ပါး ထွက်လာ၍ ဇာတ်လမ်းနှင့် ပတ်သက်သည့် စကားများ ပြောဆိုပြီး ဘုရင့်ထံ အခစားဝင်ရန် ဆိုင်းဆင့်ကြသည်။ ရှေးက ဆိုင်းဆင့်ပြီးပါက ဆိုင်းမှ လေးဆိုင်းသံကို တစ်ပြိုင်နက်တည်း တီးကြပါသည်။ လေးဆိုင်းသံ ဆိုသည်မှာ (၁) နဲ့က စံရာတောင်ကျွန်းမှုတ်၊ (၂) စည်တိုက ယိုးဒယားတီး၊ (၃) ကြေးဝိုင်းမှ သော်တာပေါ်လာတီး၊ (၄) ဝိုင်းနှင့် စည်ခေါ်ပြီး ပတ်မမှ စည်းတီးသည်။ ယခုခေတ်တွင်မူ "သော်တာပေါ်လာ" တစ်မျိုးတည်းသာ အတီးများတော့သည်။ လေးဆိုင်းသံ တီးပြီးလျှင် နန်းတော်တွင်းရှိပလ္လင်ပေါ်မှ ရှင်ဘုရင် စကားပြောကြားပြီးစီးသည့်အခါ ဆိုင်းဆင့်သည်။ ပြီးလျှင် လေပြည်ထိုးကြပြီး နောက်ပိုင်းဇာတ်ဝင်လာသည်။ နောက်ပိုင်းဇာတ်တွင် မင်းသမီးကောင်းပါက မင်းသမီး ဦးစားပေး ဇာတ်ထုပ်များကို စီစဉ် တင်ဆက်ကြသည်။ မင်းသားအသံကောင်းပါက မင်းသားအသံ ပေါ်လွင်စေမည့် ဇာတ်ကိုဖော်ထုတ်ကပြကြပေသည်။ "အာဇာနည်လှကြည်" ဆိုလျှင် သူနှင့်အလွန်လိုက်ဖက်သည့် ပေါရိသာဒဇာတ် ကလေ့ရှိပေသည်။ ယနေ့ထက်တိုင် စွဲစွဲမြဲမြဲ သုံးနေဆဲဖြစ်သည်။ သံတီးတံခါ လက်လေးချောင်းပိတ် သံမှန်ကို နောက်ပိုင်းဇာတ်ထုပ်တွင် လက်သုံးချောင်းပိတ်သံမှန်၊ ယခုခေတ် နိုင်ငံတကာသုံးအခေါ် "ဒို" သံသို့ ပြောင်းမှတ်လျှင် အာဇာနည်လှကြည်တို့၊ ဝိဇ္ဇာ မောင်ကျော်ငြိမ်းတို့၏ အသံများနှင့် ကိုက်ညီလှသည်။ အသံအသေးသုံးသဖြင့် ပရိသတ် အလွန် စိတ်ဝင်စားကာ ဘဝင်ငြိစေပါသည်။ တစ်နည်းပြောရလျှင် သုံးစွဲပြီး ကျန်ရစ်စေပါသည်။

### သံထီးတံနဲ့၏ သံစဉ်များ

| လက်ပေါက် | | ပိတ်သံ | ဖွင့်သံ |
|---|---|---|---|
| ၁ | ၀ | ၅ ပေါက်သံ | ၄ ပေါက်သံ |
| ၂ | ဓ | ၆ ပေါက်သံ | ၅ ပေါက်သံ |
| ၃ | ၀ | ၇ ပေါက်သံ | ၆ ပေါက်သံ |
| ၄ | ၀ | ၁ ပေါက်သံ | ၇ ပေါက်သံ |
| ၅ | ၀ | ၂ ပေါက်သံ | ၁ ပေါက်သံမှန် |
| ၆ | ၀ | ၃ ပေါက်သံ | ၂ ပေါက်သံ |
| ၇ | ၀ | ၄ ပေါက်သံ | ၃ ပေါက်သံ |

အပေါက်ငယ် ခုနစ်ပေါက်တို့ကို အထက်မှ အောက်သို့တစ်ပေါက်ချင်း ပိတ်၍သွားသောအခါ ပေါ်ထွက်လာသည့် အသံတို့မှာ–

၁ ပေါက်ပိတ်သော် ၅ ပေါက်သံ
၂ ပေါက်ပိတ်သော် ၆ ပေါက်သံ
၃ ပေါက်ပိတ်သော် ၇ ပေါက်သံ
၄ ပေါက်ပိတ်သော် ၁ ပေါက်သံမှန်
၅ ပေါက်ပိတ်သော် ၂ ပေါက်သံ
၆ ပေါက်ပိတ်သော် ၃ ပေါက်သံ
၇ ပေါက်ပိတ်သော် ၄ ပေါက်သံတို့ဖြစ်ကြသည်။

ထိုနည်းအတိုင်း အောက်မှ အထက်သို့ တစ်ပေါက်ချင်းဖွင့်၍သွားသောအခါ ရသည့်အသံတို့မှာ ၃၊ ၂၊ ၁၊ ၇၊ ၆၊ ၅၊ ၄ တို့ ဖြစ်ကြပေသည်။

သံထီးတံနဲ့၏ အရှည်မှာ ၁၁ လက်မ တစ်မူး သို့မဟုတ် ၁၁ လက်မ။

**သံထီးတံ၏ မူလသံစဉ်နှင့် နိုင်ငံခြားသံစဉ်များ**

| နိုင်ငံခြားရုပ်၊ ဖလက်ငါးသံ | | သံထီးတံ၏ သံစဉ် ခုနစ်ပါး |
|---|---|---|
| တစ်ခြမ်းဖွင့် အက်ဖရုပ် | ○ | ၁ ပေါက်ပိတ် ငါး ပေါက်သံ သရပေါက် |
| အီးဖလက်ခေါ် ဒီရုပ် | ○ | ၂ ပေါက်ပိတ် ခြောက်ပေါက်သံ |
| စီရုပ် | ○ | ၃ ပေါက်ပိတ် ခုနစ်သံချီ |
| | ○ | ၄ ပေါက်ပိတ် သံမှန် ခေါ် စီ |
| ဘီဖလက်ခေါ် အေရုပ် | ○ | ၅ ပေါက်ပိတ် နှစ်ပေါက်သံ |
| ဂျီရုပ်ခေါ် အေဖလက် | ○ | ၆ ပေါက်ပိတ် သုံးပေါက်သံ |
| | ○ | ၇ ပေါက်ပိတ် လေးပေါက်သံ |

**သံတီးတံနဲ့နှင့် ကမ္ဘာသုံးသံစဉ် ၁၂ မျိုး**

| | | | |
|---|---|---|---|
| ငါးပေါက် | အက်ဖ် | ○ | တစ်ဝက်ပိတ် အက်ဖရုပ် |
| ခြောက်ပေါက် | အီး | ○ | အီးဖလစ်ခေါ် ဒီရုပ် |
| ခုနစ်သံချီ | ဒီ | ○ | |
| တစ်ပေါက် | ဘီ | ○ | စီရုပ် |
| နှစ်ပေါက် | ဘီ | ○ | |
| သုံးပေါက် | အေ | ○ | ဘီဖလက်ခေါ် အေရုပ် |
| လေးပေါက် | ဂျီ | ○ | ဂျီရုပ်ခေါ် အေဖလက် |

သံထီးတံနဲ့တွင် ဗျည်းဟု ခေါ်သော လက်ပေါက် ခုနစ်ပေါက်ရှိလေရာ ထိုလက်ပေါက် ခုနစ်ပေါက်အနက် အပေါ်ဆုံးအပေါက်မှစ၍ အစဉ်လိုက် ရေတွက်လာသည့် အပေါက် လေးပေါက်ကို လက်လေးချောင်းဖြင့် ပိတ်လိုက်ပြီး မှုတ်လိုက်သည့်အခါ သံမှန်ဟုခေါ်သော မြန်မာသံ တစ်ပေါက်သံ ပေါ်ထွက်လာသည်။ ယင်းတစ်ပေါက်သံကိုနိုင်ငံတကာသုံး ဂီတသံစဉ်ဖြင့် ဖော်ပြရလျှင် "စီ" ဖြစ်ပါသည်။ နဲ၏အပေါ် ထိပ်ဆုံးတစ်ပေါက်ကို လက်တစ်ချောင်းပိတ်ကာ မှုတ်လျှင် မြန်မာသံစဉ် ငါးပေါက် ရရှိသည်။ နိုင်ငံတကာသုံးအသံဖြင့် ဖော်ပြရလျှင် "အက်ဖ်" အသံဖြစ်ပါသည်။ နဲ၏အထက်မှစ၍ လက်ပေါက် နှစ်ပေါက်ကို လက်နှစ်ချောင်းပိတ်ကာမှုတ်လျှင် မြန်မာသံစဉ် ခြောက်ပေါက် ရပါသည်။ နိုင်ငံတကာသုံး ဂီတအသံမှာ "အီး" ဖြစ်သည်။ တစ်ဖန် သံတီးတံနဲ့၏ အပေါ်ဆုံး သုံးပေါက်ကို ပိတ်၍မှုတ်လျှင် မြန်မာသံစဉ် ခုနစ်ပေါက်သံကို ရပြီး ယင်းအသံကို နိုင်ငံတကာသုံး အသံဖြင့် ဖော်ပြရလျှင် "ဒီ" သံဖြစ်ပါသည်။ တစ်ဖန် လက်ငါးချောင်းပိတ်၍မှုတ်လျှင် မြန်မာသံ နှစ်ပေါက်သံကို ရပါသည်။ ထိုအသံကို နိုင်ငံတကာသုံးသံစဉ်ဖြင့် ဖော်ပြရလျှင် "ဘီ" သံဖြစ်ပေသည်။ လက်ခြောက်ချောင်းပိတ်၍မှုတ်မည်ဆိုပါက မြန်မာသံစဉ် သုံးပေါက်သံကို ရရှိပြီး နိုင်ငံတကာသုံး "အေ" ဟုသောအသံနှင့် တူညီသည်။

ဗျည်းပေါက်ခုနစ်ပေါက်စလုံးကို လက်ချောင်း ခုနစ်ချောင်းဖြင့် ပိတ်၍မှုတ်ပါက ထွက်ပေါ်လာသော အသံမှာ မြန်မာ့သံစဉ်အခေါ် လေးပေါက်သံဖြစ်ကာ နိုင်ငံတကာသံစဉ်အခေါ်အရ "ဂျီ" သံဖြစ်သည်။ လက်ချောင်းခုနစ်ချောင်းစလုံးဖွင့်၍ မှုတ်ပါက လေးပေါက်ပင်ဖြစ်ပါသည်။ သံထီးတံနဲ့မှ ရရှိသော သံစဉ်အားလုံးအနက် ရှေးဆရာကြီးများ၏ အဆိုအမိန့်အရ နဲ့တွင် လက်ပေါက်အကပ်ဆုံး၊ အမှုတ်ရအဆင်မပြေဆုံး၊ အခဲယဉ်းဆုံးသောသံစဉ်မှာ သုံးပေါက်၊ ခြောက်ပေါက်ဟုခေါ်သည့် ငါးပေါက်၏ အောက်ပြန်သံစဉ်ဖြစ်ကြောင်း သိရှိမှတ်သားထားခဲ့ရဖူးသည်။ သံရိုးဖြင့်တီးသော သီချင်းကြီးများ၊ ကာလပေါ်သီချင်းတီးလုံးသံဆန်းများသည် နိုင်ငံတကာသုံး သံစဉ် "စီ" ဖြစ်ပြီး မြန်မာသံစဉ် အခေါ်အရ သံရိုးဟု ခေါ်ဆိုပါသည်။ ယင်းသံရိုးကို မြန်မာသံစဉ် ငါးပေါက်သံ တစ်နည်းအားဖြင့် နိုင်ငံတကာသုံး

သံစဉ် အက်ဖ်ကီးသို့ အသံပြောင်းလဲပြီးမှတ်လျှင် သုံးပေါက်၊ ခြောက်ပေါက်ဟုခေါ်သော ငါးပေါက် အောက်ပြန်သံစဉ်သို့ ရောက်ရှိသည်။ နိုင်ငံတကာသုံး အက်ဖ်ကီးမှာ "မီ" ကျဖြစ်သည်။

"မီ" ကျဆိုသည်မှာ ဒိုရေမီဖာသံစဉ် ခုနစ်ပေါက်တွင် "မီ" ကျ ခြောက်ပေါက်ကို ဆိုလိုရင်းဖြစ်ပါသည်။ ယင်းသံစဉ်ကို သုံးပေါက်ခြောက်ဟုခေါ်ရခြင်းမှာ ယင်းသံစဉ်ဖြင့် သီချင်းဖြစ်စေ၊ တီးလုံးဖြစ်စေမှတ်လျှင် ငါးပေါက်နေရာသံမှန်ထားပြီး ခြောက်ပေါက်အသံသည် လက်ချောင်းပိတ်ထားသော ခြောက်ချောင်းပိတ်သုံးပေါက်နေရာတွင် ရောက်သွားသောကြောင့် သုံးပေါက်ခြောက်ပေါက်ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ ယင်းသုံးပေါက်ခြောက်ပေါက်ဟူသည်မှာ ဆိုင်းအခေါ်မဟုတ်ဘဲ နှဲလက်ပေါက်မှအခြေခံလာပြီး နှဲလက်ပေါက်ကို အမှီပြုထားသော နှဲအခေါ်အဝေါ် အသုံးအနှုန်းဖြစ်ပါသည်။

အချို့ ဆရာကြီးများကလည်း သုံးပေါက်ခြောက်ပေါက်ကို ငါးပေါက်အောက်ပြန်ဟုခေါ်သည့်အပြင် ငါးပေါက်သံကပ်ဟူ၍လည်း ခေါ်ဆိုကြသည်။ သုံးပေါက်ခြောက်ပေါက်သည် နိုင်ငံတကာသုံးသံစဉ်ကီးအရဆိုလျှင် "အက်ဖ်ကီး" ဟု ဖော်ပြကြပါသည်။ သို့သော် ရိုးရိုး "အက်ဖ်" ကီးနှင့်မတူပြန်ပါ။ "အက်ဖ်"ကီး ရိုးရိုးသည် သံစဉ်အကျတွင် "ဒို" ကျ "အက်ဖ်" သံဖြစ်သော်လည်း သုံးပေါက်ခြောက်ပေါက်ကီး အက်ဖ်အသံကျများမှာ "မီ" ကျ သို့မဟုတ် ခြောက်ပေါက်နှင့်အဆုံးသတ်မှုများကြောင့်ဖြစ်သည်။ သုံးပေါက်ခြောက်ပေါက်သံကို မှတ်ရသည်မှာ အလွန်ခက်ခဲလှသည်။ လက်ပေါက်သံများမှာ ရိုးရင်းစွဲအသံနှင့် ပြောင်းပြန်တစ်နည်းဆိုရသော် ဆန့်ကျင်ဘက်ဖြစ်နေ...၁ နှဲလက်ပေါက်အပေါ် ကူးပြောင်းမှတ်ရသည် ၂၁ လက်ပေါက်များ ဝေးကွာနေသောကြောင့်လည်း ဖြစ်သည်။ များများလေ့ကျင့်ပြီး မှတ်မှသာရနိုင်ပေသည်။ ပုံစံပြရလျှင် "မှိုင်းပြာမှုန်ဝေ" ပတ်ပျိုးကြီးကို နှဲကလေးဖြင့် မြန်မာသံစဉ် ငါးပေါက် တစ်နည်းအားဖြင့် နိုင်ငံတကာသံစဉ်ခေါ် "ကီးအက်ဖ်" မှတ်လျှင် ယင်းသံစဉ်မှာ အလွန်လက်ပေါက်ကပ်သော သုံးပေါက် ခြောက်ပေါက်သံစဉ်ပင်ဖြစ်သည်။

သို့ရာတွင် နှဲကြီးဖြင့်မှတ်လျှင် မူလ "စီ" ကီးခေါ် သံမှန်သံရိုးသံအတိုင်း အသံရ၍ ပိုမိုလွယ်ကူပေသည်။ နှဲကြီး လေးချောင်းပိတ် သံစဉ်မှာ နှဲကလေး တစ်ပေါက်ပိတ် ငါးပေါက်သံနှင့် တူညီသောကြောင့်ဖြစ်သည်။ သံထီးတံခေါ် လေးကြောင်းပိတ်သံမှန်ကို မည်သူတီထွင်ခဲ့ပါသနည်း။

အထက်ပါမေးခွန်းတွင် အဖြေနှစ်မျိုးရှိနေသည်။ အချို့ပညာရှင်များက သံထီးတံနှဲကို တီထွင်ခဲ့သူ အင်္ဂပူမြို့သားနှဲဆရာကြီး အဘရွှေထင်ဖြစ်သည်ဟုဆိုကြ၏။ အချို့သော ပညာရှင်ကြီးများကမူ သံထီးသံနှဲကို ကြံဆတီထွင်ခဲ့သူမှာ နှဲဆရာကြီး အဘ ဦးဒီလုံးဟု ပြောကြပါသည်။ သံထီးတံနှဲကို စတင်တီထွင်သူမှာ နှဲဆရာကြီး ဦးဒီလုံးဖြစ်ကြောင်း ပြောဆိုခဲ့သူ နှစ်ဦးမှာ အလင်္ကာကျော်စွာဘွဲ့ရ ဦးဟန်ပနှင့် အလင်္ကာကျော်စွာဘွဲ့ရဆိုင်းဆရာကြီး ဦးဘမောင်တို့ဖြစ်ကြသည်။ စာရေးသူကိုယ်တိုင် လေ့လာဆန်းစစ်ပြီး နှဲဆရာကြီး ဝိဇ္ဇာညွန့်နှင့် နှဲဆရာကြီး ဦးသာကျင်တို့အား မေးမြန်းခဲ့ရာ ဆရာကြီး ဦးသာကျင်မှာ ထိုစဉ်က ဟင်္သာတမြို့မှ ဆိုင်းဆရာကြီး ဦးဟန်ပနှင့် တွဲဖက်တီးမှတ်နေချိန်ဖြစ်ကြောင်း၊ ထိုအချိန်က ပွဲများတွင် ဆိုင်းပြိုင် မကြာခဏ တီးကြရကြောင်း၊ ထိုစဉ်က နှဲဆရာကြီး အဘဦးရွှေထင်မှာ ဟင်္သာတမြို့မှ ဆိုင်းဆရာကြီးများဖြစ်သော ဆရာဝဲ၊ ဆရာကဲတို့နှင့် တွဲဖက် တီးမှတ်ကြောင်းများကို သိရှိခဲ့ရသည်။ ထိုအချိန်တွင် နှဲဆရာကြီး အဘဦးသာကျင်မှာ လက်ချောင်း သုံးချောင်းပိတ်သံမှန်နှဲ မှုတ်နေဆဲဖြစ်ပေသည်။ လက်ချောင်း သုံးချောင်းပိတ် သံမှန်နှင့် လေးချောင်းပိတ် သံမှန်တို့၏ အသံများမှာ အလွန်ကွာခြားသည်။ တစ်ဖန် နှဲဆရာကြီး အဘဦးသာကျင် စစ်ကိုင်းသို့

ပြန်ရောက်သည့်အခါ သူသည် ယင်းလေးချောင်းပိတ်သံမှန်နှဲကို ပထမဦးဆုံး မှုတ်ခဲ့သူဖြစ်ကြောင်း အဘဦးသာကျင်ကိုယ်တိုင် စာရေးသူအား ပြောပြခဲ့ဖူးသည်။ သူ၏ဆရာ အဘဦးဖေယျမှာ သုံးချောင်းပိတ်သံမှန်နှဲကိုသာ အသက်ထက်ဆုံး သုံးစွဲသွားကြောင်းကိုပါ ထည့်သွင်းပြောကြားခဲ့သည်။

ဤတွင် ဆိုင်းဆရာကြီးများ ပြောကြားသော စကားရပ်နှင့် နှဲဆရာကြီးများ ပြောကြားသော စကားရပ်တို့မှာ ကွဲပြားခြားနားမှုရှိနေကြောင်း တွေ့ရသည်။ ဆိုင်းဆရာကြီးများက အဘဦးဒီလုံး တီထွင်သည်ဟု ပြောခဲ့ကာ နှဲဆရာကြီးများက အဘဦးရွှေထင်က တီထွင်ခဲ့သည်ဟု ပြောခဲ့သည်။ စကားနှစ်ရပ်အနက် စာရေးသူအနေနှင့်မူ နှဲဆရာကြီးများပြောသောစကားကိုအတည်ယူချင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဦးဒီလုံးမှာ ဦးရွှေထင်၏ တပည့်ဖြစ်ကြောင်း နှဲဆရာကြီး အဘဝိဇ္ဇာညွှန့် ပြောပြခဲ့သောကြောင့် ဖြစ်သည်။ ဦးဒီလုံးသည် ထိုခေတ်က ဇာတ်ဆိုင်းဝိုင်းကြီးများနှင့်တွဲဖက်၍ မြန်မာပြည်အနှံ့ လှည့်လည်တီးမှုတ်ခဲ့သော ဆရာကြီးဖြစ်ပြီး ၎င်း၏အမည်က ပို၍ကျော်ကြားခြင်းဖြစ်ပါသည်။

## (ဃ) ဝံသာနုနှဲ

ဝံသာနုနှဲမှာ အမျိုးသားရေးစိတ်ဓာတ်များ အထူးနိုးကြားတက်ကြွနေသည့် ၁၂၉၅ ခုနှစ် ပတ်ဝန်းကျင်တွင် စတင်ပေါ်ပေါက်ခဲ့ကြောင်း သိရှိရပါသည်။ နယ်ချဲ့အင်္ဂလိပ်တို့လက်အောက်တွင် နေခဲ့ရစဉ်က မြန်မာတို့သည် အဘက်ဘက်မှ နှိပ်ကွပ်ခြင်းကို ခံခဲ့ရသည်။ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးမှအစ အောက်တန်းနောက်တန်းကျအောင်၊ မဖွံ့ဖြိုး မတိုးတက်အောင် ဖိနှိပ်ခဲ့ကြသည်။ မြန်မာ့အနုပညာ ယဉ်ကျေးမှု အခြေခံအုတ်မြစ်ဖြစ်သော စာပေ၊ ဂီတ စသည်များကိုလည်း ဖျက်ဆီး ဖျောက်ဖျက်ခဲ့ကြသည်။ ကျူးကျော်သူ တိုင်းတစ်ပါး နယ်ချဲ့များသည် မြန်မာပြည်သူ ပြည်သားများ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားလာမည်ကို မလိုလား၊ အတွေးအခေါ် အမြော်အမြင် တိုးတက်လာမည်ကိုလည်း စိုးရိမ်ကြသည်။ ဉာဏ်ရည်ဉာဏ်သွေး မြင့်တက်လာလျှင် သူတို့ကို တော်လှန်ကြမည့် အရေးကို သူတို့သိကြသည်။ ထို့ကြောင့် အထူး ဖိနှိပ်ထားကာ ကျွန်သက်ရှည်အောင် ရည်ရွယ် ဆောင်ရွက်ကြလေသည်။ သို့သော် ထိုသို့ဖိနှိပ်ထားသည့်ကြားကပင် အမျိုးသားရေး စိတ်ဓာတ်များ နိုးကြားတိုးပွားလာကာ သူ့ကျွန်ဘဝမှ လွတ်မြောက်နိုင်မည့် အခွင့်အလမ်းများကို ရှာကြသည်။ ကြံစည်ကြသည်။ မိမိတို့တတ်နိုင်သမျှ နယ်ချဲ့တို့ကို ဆန့်ကျင်ကြသည်။ တွန်းလှန်ကြသည်။

ထိုအချိန်ကာလတွင် ဝံသာနုနှဲ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပေသည်။ ကျူးကျော်သူ နယ်ချဲ့တို့သည် မြန်မာပြည်သူပြည်သားတို့အား လက်နက်မကိုင်ရဟု တင်းကျပ်စွာအမိန့်ထုတ်ထားခဲ့၏။



ဝံသာနုနှဲ

မိမိတို့တစ်တိုင်းပြည်လုံးကို မတရားစိုးမိုးအုပ်ချုပ်နေသည့်နယ်ချဲ့တို့အား တွန်းလှန်ပုန်ကန်ပစ်ချင်စိတ် ပြင်းပြနေသည့် အနုပညာသမားများက ထိုအမိန့်ကို သူတို့တတ်နိုင်သည့်နည်းဖြင့် မလိုက်နာဘဲ ချိုးဖောက်ပစ်ကြသည်။ အလွန်သိမ်မွေ့နူးညံ့သည့် နှလုံးသားရှိသူ ဂီတအနုပညာသမားများသည် မခံမရပ်နိုင်လွန်း၍သာ အမိန့်ကို ချိုးဖောက်ကြရသည်။ သူတို့တွင် လက်နက်ဟူ၍ ဘာတစ်ခုမှမရှိ။ ထိုအခါ သူတို့တွင်ရှိသည့် သူတို့သုံးသည့် တူရိယာပစ္စည်းများကို အမှီပြု၍သာ အမိန့်ကို တော်လှန်ကြရပေသည်။

ဂီတပညာရှင်များသည် သူတို့သုံးနေကျသာမန် ၁၁ လက်မခန့်အရှည်ရှိသော နဲရိုးကို ၂၂ လက်မ အရှည်ဖြစ်အောင် ပြောင်းလဲလိုက်ကြ၏။ ထို့အတူ တစ်လက်မခွဲခန့်သာရှိသော နဲရိုး၏လုံးပတ်ကိုလည်း လေးလက်မခန့်ရှိသည်အထိ ကြီးအောင်တီထွင်လိုက်ကြသည်။ အရှည် ၂၂ လက်မ၊ လုံးပတ် လေးလက်မခန့်ရှိသော မာ၍ကျစ်သော သစ်သားများဖြင့် ပြုလုပ်ထားသည့် နဲရိုးမှာအလွန်ကောင်းသော လက်နက်တစ်ခုပင် မဟုတ်ပါလော။ အုပ်ချုပ်သူ အာဏာရှင်များလည်း အပြစ်ရှာ မဖမ်းဆီးနိုင်အောင်၊ အရေးကြုံပါကလည်း လက်နက်ကောင်းတစ်ခုအဖြစ် အသုံးပြုနိုင်အောင် အမျိုးသားရေးစိတ်ဓာတ် အပြည့်ရှိသော ဂီတပညာရှင်ကြီးများ၏ တီထွင်မှုမှာ လွန်စွာချီးကျူးဖွယ်ကောင်းလှပေသည်။

ဝံသာနုနဲ့တွင်လည်း အခြားသောနဲ့များနည်းတူ အပေါ်ဘက်တွင် လက်ပေါက်ခုနစ်ပေါက်နှင့် အောက်ဘက်တွင် သရပေါက်တစ်ပေါက်ပါရှိလေသည်။ ဝံသာနုနဲ့မှာ အလျားရှည်သည့်အတွက် လက်ပေါက်များလည်းကျဲပေသည်။ လက်ပေါက်များကျဲသည့်အတွက် လက်ပေါက်တစ်ပေါက်မှ လက်ပေါက်တစ်ပေါက်သို့ ရွေ့လျား၍ မှုတ်နိုင်သူနည်းပေသည်။ လက်တံရှည်သူများသာ အဆင်ပြေစွာ မှုတ်နိုင်ပေသည်။ ဝံသာနုနဲ့မှာ ကြီးလည်းကြီး၊ ရှည်လည်း ရှည်လျား၊ လေးလည်း လေးလံသောကြောင့် အခြားနဲ့တံများကဲ့သို့ လက်နက်ကိုင်၍ ကြာရှည်စွာ မမှုတ်နိုင်ကြပေ။ ဝံသာနုနဲ့ကြီး၏ နဲ့ခြေကို ခွထောက်ဖြင့်ထောက်ထားပြီးမှ မှုတ်သူက ထိုင်မှုတ်ရသည်။ ဝံသာနုနဲ့မှာ အသံကြီးသောကြောင့် သီချင်းတိုင်း လိုက်မှုတ်၍ မကောင်းပါချေ။ တီးကွက်ကျဲကျဲရှိသော တေးသွားများတွင် မှုတ်ပါက ဝံသာနုနဲ့ကြီး၏ အသံကို ပိုမိုပေါ်လွင်စေပါသည်။ ဝံသာနုနဲ့ကို စည်တော်သံနရီ၊ ဗြော အစရှိသော သီချင်းများတွင် အသုံးပြုကြပါသည်။ မင်္ဂလာဆိုင်းများတွင်လည်း ဝံသာနုနဲ့ကြီး၏ နဲ့ခြေကို ခွထောက်ဖြင့် တခမ်းတနား ပြင်ဆင် ထောက်ထားပြီး ဝင့်ကြွားစွာ မှုတ်လေ့ရှိပေသည်။

ဝံသာနုနဲ့မှာ ဝံသာနုခေတ်တွင် စတင်ပေါ်ပေါက်ခဲ့သော်လည်း ယနေ့ထက်တိုင် မှေးမှိန်ပျောက်ကွယ်သွားခြင်းမရှိခဲ့သေးပေ။ ယခုခေတ် စီးရီးတိတ်ခွေများတွင်လည်း ဝံသာနုနဲ့ကြီးကို သုံးစွဲလျက်ပင် ရှိပါသေးသည်။

### ဝံသာနုနဲ့၏ သံစဉ်များ

ဝံသာနုနဲ့၏သံစဉ်များမှာ ယနေ့လက်ရှိသုံးစွဲနေသည့် လေးချောင်းပိတ်သံမှန်နဲ့၏ သံစဉ်များနှင့် အတူတူပင် ဖြစ်ပေသည်။

| လက်ပေါက် | | ပိတ်သံ | ဖွင့်သံ |
|---|---|---|---|
| ၁ | ၀ | ၅ ပေါက် | ၄ ပေါက် |
| ၂ | ၀ | ၆ ပေါက် | ၅ ပေါက် |
| ၃ | ၀ | ၇ ပေါက် | ၆ ပေါက် |
| ၄ | ၀ | သံမှန် | ၇ ပေါက် |
| ၅ | ၀ | ၂ ပေါက် | ၀ ပေါက် |
| ၆ | ၀ | ၃ ပေါက် | ၂ ပေါက် |
| ၇ | ၀ | ၄ ပေါက် | ၃ ပေါက် |

အပေါက်ငယ် ခုနစ်ပေါက်တို့ကို အထက်မှ အောက်သို့ တစ်ပေါက်နှင့် ပိတ်သွားသောအခါ ပေါ်ထွက်လာသော အသံများမှာ–

၁ ပေါက် ပိတ်သော် ၅ ပေါက်သံ
၂ ပေါက် ပိတ်သော် ၆ ပေါက်သံ
၃ ပေါက် ပိတ်သော် ၇ ပေါက်သံ
၄ ပေါက် ပိတ်သော် ၁ ပေါက်သံ (သံမှန်)
၅ ပေါက် ပိတ်သော် ၂ ပေါက်သံ
၆ ပေါက် ပိတ်သော် ၃ ပေါက်သံ
၇ ပေါက် ပိတ်သော် ၄ ပေါက်သံတို့ဖြစ်ကြသည်။

ထိုနည်းအတိုင်း အောက်မှ အထက်သို့ တစ်ပေါက်ချင်း ဖွင့်၍သွားသောအခါ ရရှိသည့် အသံတို့မှာ ၃၊ ၂၊ ၁၊ ၇၊ ၆၊ ၅၊ ၄ တို့ဖြစ်ကြသည်။

## (င) သံကျပ်တံနဲ

သံကျပ်တံနဲသည် ငါးချောင်းပိတ်သံမှန်နဲဖြစ်သည်။ ရှေးခေတ်က ဇာတ်ကြီးများ၊ ရုပ်သေးပွဲများတွင် အသံအလွန်သေးသော မင်းသား၊ မင်းသမီးများအတွက် အဓိကထား မှုတ်ပေးလေ့ရှိသည့်နဲဖြစ်သည်။ အလွန်အသံစွာသည့် သံကျပ်တံနဲကို ယနေ့တိုင် ဆက်လက် သုံးစွဲနေဆဲဖြစ်သည်။ ပျောက်ကွယ်မသွားသေးပါ။



သံကျပ်တံနဲ

သံကျပ်တံနဲကို လက်ချောင်း ငါးချောင်းပိတ်၍ မှုတ်ပါက ယနေ့သုံးစွဲနေသော သံမှန်ကို ရပေသည်။ ထို့ပြင် နဲသပွတ်တံကို နှိမ့်၍ လက်လေးချောင်းပိတ်ကာမှုတ်လျှင် နိုင်ငံတကာသုံး သံစဉ် "အီးဖလက်" ခေါ် "ဒီရှပ်"ကို ရပေသည်။ တစ်ဖန် နဲသပွတ်တံကိုနှိမ့်၍ လက်ခုနစ်ချောင်း ပိတ်ကာမှုတ်လျှင် နိုင်ငံတကာသုံး "အေ" သံစဉ်ကိုရရှိသည်။ နဲသပွတ်တံမနှိမ့်ဘဲလက်လေးချောင်း ပိတ်၍မှုတ်လျှင် နိုင်ငံတကာသုံးသံစဉ် "ဒီ" ရရှိလေသည်။

သံကျပ်တံနဲသည် သံထိုးတံနဲထက် မှုတ်ရာတွင် ပေါ့ပါးသွက်လက်သည်။ သံကျပ်တံနဲကို သုံးခြင်းအားဖြင့် ယနေ့ခေတ်သုံး "ကီးဒီ" တီးမှုတ်လိုလျှင်သော်လည်းကောင်း၊ ခုနစ်သံကို သံမှန်ထား၍ တီးမှုတ်လိုလျှင်သော်လည်းကောင်း လက်ပေါက် ပြောင်းလဲပြီး မှုတ်စရာ မလိုတော့ပေ။ ရိုးရိုးစည်သံ မှုတ်သကဲ့သို့ မှုတ်လိုက်ခြင်းအားဖြင့် "ကီးဒီ" ကိုလည်းကောင်း၊ ခုနစ်သံကို သံမှန်ထားသည့်အသံကို လည်းကောင်း အလွယ်တကူ ရရှိနိုင်ပေသည်။ သံစဉ်ကိုလည်း အပေါ်သံ၊ အောက်သံ နှစ်သံတို့ကိုလည်း ပြေပြစ်စွာ မှုတ်နိုင်ပေသည်။

ယခုခေတ်မှာ သီချင်းဆိုသူတို့ အကြိုက်တစ်နည်းအားဖြင့် အဆိုတော်များ ဆိုနိုင်သော အသံကိုလိုက်၍ မှုတ်ရသောခေတ်ဖြစ်သဖြင့် နဲဆရာတို့သည် သံစဉ်အစုံ ပြောင်းလဲမှုတ်နိုင်မှသာ အဆင်ပြေပေသည်။ သို့မှသာ အဆိုတော်နှင့် တွဲဖက်တီးမှုတ်နိုင်မည်ဖြစ်သည်။ အသံပြောင်း၍မလွယ်ကူသော နဲတံနှင့်ဆိုပါက အဆင်ပြေ ချောမွေ့မည် မဟုတ်ပေ။ သံကျပ်တံနဲကို

သုံးခြင်းအားဖြင့် ပြေပြစ်ချောမွေ့၍ တူညီသည့် အသံကို အလွယ်တကူ ပြောင်းလဲမှုတ်နိုင်သော ကြောင့် လုပ်ငန်းတွင်ကျယ်သည်။

ခေတ်ပေါ် "အေ" ကီးခေါ် သုံးပေါက်သံမှန် ထား၍မှုတ်လိုလျှင်လည်း ၄င်းသံကျပ်တံနဲဖြင့် လေးပေါက်သံကို သံမှန်ထား၍မှုတ်လျှင် လက်ပေါက် မကပ်ဘဲ အလွယ်တကူ "အေ" ကီးနှင့် ကိုက်သော သံစဉ်ကို ရရှိနိုင်ပေသည်။

သံကျပ်တံနဲမှာ သံထီးတံနဲထက် အသံပို၍ သေးငယ်စူးရှသဖြင့် နားဝင်လွယ် နားစွဲလွယ်ရာ ဆိုင်းပြိုင် ဇာတ်ပြိုင်များရှိလျှင် ယင်းအသံကို ပြောင်းလဲတီးမှုတ်ကြလေ့ရှိသည်။

### သံကျပ်တံနဲ၏ သံစဉ်များ

| လက်ပေါက် | | ပိတ်သံ | ဖွင့်သံ |
|---|---|---|---|
| ၁ | ၀ | ၄ ပေါက် | ၃ ပေါက် |
| ၂ | ၀ | ၅ ပေါက် | ၄ ပေါက် |
| ၃ | ၀ | ၆ ပေါက် | ၅ ပေါက် |
| ၄ | ၀ | ၇ ပေါက် | ၆ ပေါက် |
| ၅ | ၀ | ၁ ပေါက်သံမှန် | ၇ ပေါက် |
| ၆ | ၀ | ၂ ပေါက် | ၁ ပေါက်သံမှန် |
| ၇ | ၀ | ၃ ပေါက် | ၂ ပေါက် |

အပေါက်ငယ်ခုနစ်ပေါက်တို့ကို အထက်မှ အောက်သို့ တစ်ပေါက်ချင်း ပိတ်၍သွားသောအခါ ပေါ်ထွက်လာသော အသံများမှာ–

၁ ပေါက်ပိတ်သော် ၄ ပေါက်သံ
၂ ပေါက်ပိတ်သော် ၅ ပေါက်သံ
၃ ပေါက်ပိတ်သော် ၆ ပေါက်သံ
၄ ပေါက်ပိတ်သော် ၇ ပေါက်သံ
၅ ပေါက်ပိတ်သော် ၁ ပေါက်သံ (သံမှန်)
၆ ပေါက်ပိတ်သော် ၂ ပေါက်သံ
၇ ပေါက်ပိတ်သော် ၃ ပေါက်သံတို့ဖြစ်ကြသည်။

ထိုနည်းအတိုင်း အောက်မှ အထက်သို့ တစ်ပေါက်ချင်း ဖွင့်၍သွားသောအခါ ရရှိသည့် အသံတို့မှာ ၂၊ ၁၊ ၇၊ ၆၊ ၅၊ ၄၊ ၃ တို့ဖြစ်ကြသည်။

သံကျပ်တံနဲ၏ အလျားမှာ ၁၀ လက်မရှိသည်။

### (စ) သံကပ်တံနဲ

သံကပ်တံနဲမှာ လက်ခြောက်ချောင်းပိတ် လျှင် သံမှန်ထွက်သော နဲဖြစ်ပါသည်။ သံကပ်တံ နဲကို ခြောက်ပေါက်လိုက် ဟူ၍လည်းခေါ်ကြ သည်။ ခြောက်ပေါက်လိုက်ဟု ခေါ်ရခြင်းမှာ လက်ချောင်းလေးချောင်းပိတ် မှုတ်ပါက ယနေ့ သုံးစွဲနေသော အသံဖြစ်ပေါ်ပြီး ထိုအသံနှင့် ဆိုင်း



သံကပ်တံနဲ

ခြောက်ပေါက်အသံထွက်တို့ တူညီနေ၍ ခေါ်ခြင်း ဖြစ်သည်။ ရှေးက မင်းသား၊ မင်းသမီးများ သီဆို ကပြကြရာတွင် ယင်းသံကပ်တံနဲ၏ အသံကို လိုက်၍ သီဆိုကြရပေသည်။ ရှေးခေတ် စစ်မဖြစ်မီကာလနှင့် စစ်ပြီးကာလတွင် များစွာအသုံးများခဲ့ကြောင်း သက်သေပြရမည်ဆိုလျှင် ခေတ်ဟောင်းက ဓာတ်ပြားများကို သက်သေပြရပါမည်။ သံကပ်တံနဲကို သုံးစွဲခဲ့သည့် ဓာတ်ပြားအချို့ကို ဖော်ပြရမည်ဆိုလျှင် “မသိန်းတန်” သီဆိုသော “မယ်ကာကဓာတ်ပြား”၊ တက္ကသိုလ်ဖေစန်း သီဆိုသော “ပါးချိုင့်ကလေး” ဓာတ်ပြား၊ မအေးမိ သီဆိုသော “မောင့်အချစ်တော်” ဓာတ်ပြား၊ ရုပ်ရှင်မင်းသား ဦးအချစ် သီဆိုသော “ပျော်တော်ဆက်” ဓာတ်ပြား၊ သထုံဘသိန်း၊ မောနှင်းတင်တင်တို့ စုတွဲသီဆိုသော “မောင့်ရေတွင်းကလေး” ဓာတ်ပြား၊ ဉာဏ်ဘဆောင် သီဆိုသော “နွားကျောင်းသား” ဓာတ်ပြား စသည်ဖြင့် ခေတ်ဟောင်းဓာတ်ပြား အတော်များများဖြစ်ပါသည်။

ယခုအခါ ယင်းနဲလေး၏ သံကပ်တံမှာ အသုံးနည်းသလောက် ပျောက်ကွယ်သွားချေပါပြီ။

သံကပ်တံနဲ၏ လက်ပေါက် အားလုံးကို အကုန်ဖွင့်လျှင် မြန်မာသံစဉ် နှစ်ပေါက်ကိုရ၍ နိုင်ငံတကာသုံး သံစဉ် “ဘီ” သို့မဟုတ် “ဘီဖလက်” နှင့် ညီမျှပေသည်။ လက်ပေါက်အားလုံးကို ပိတ်လျှင်လည်း အထက်ပါအသံများကို ရရှိပေသည်။

နဲလေး၏ ထိပ်ဆုံးတစ်ပေါက်ကို ပိတ်လျှင် မြန်မာသံစဉ် သုံးပေါက်ကိုရပြီး နိုင်ငံတကာသုံး သံစဉ် “အေ”နှင့် ညီမျှသည်။ ထိုနည်းတူပင် ထိပ်ဆုံးလက်ပေါက်နှစ်ပေါက်ကိုပိတ်ပါက မြန်မာသံစဉ် လေးပေါက်ကိုရပြီး နိုင်ငံတကာသုံး သံစဉ် “ဂျီ” နှင့် ညီမျှပါသည်။ တစ်ဖန် လက်ချောင်း သုံးချောင်း (လက်ပေါက်သုံးပေါက်) ကို ပိတ်ပါက မြန်မာသံစဉ် ငါးပေါက်ရပြီး နိုင်ငံတကာသုံးသံစဉ် “အက်ဖ်”နှင့် ညီမျှပါသည်။ လက်လေးချောင်း ပိတ်လျှင် မြန်မာသံစဉ် ခြောက်ပေါက်ကိုရကာ နိုင်ငံတကာသုံးသံစဉ် “အီး” သို့မဟုတ် “အီးဖလက်” နှင့်ညီမျှပေသည်။ ထို့ကြောင့် “ကီးအီး” နှင့် “အီးဖလက်” တေးသီချင်းနှင့် တီးလုံးများကို လက်ပေါက်မကပ် အသံပြောင်းလဲစရာမလိုဘဲ လွယ်ကူစွာ မှုတ်နိုင်ခြင်း ဖြစ်သည်။ လက်လေးချောင်းပိတ်ပါက လေးပေါက်သံနှင့် ကိုက်ညီသောကြောင့် ခြောက်ပေါက်လိုက်ဟု ခေါ်ဆိုပေသည်။ လက်ချောင်းငါးချောင်းပိတ်သည့်အခါ ခုနစ်သံဟူသော မြန်မာသံစဉ်ကို ရရှိသည်။ နိုင်ငံတကာသုံး သံစဉ် “ဒီ” နှင့် ညီမျှသည်။ လက်ခြောက်ချောင်း ပိတ်ပါက မြန်မာသံစဉ် သံမှန်ခေါ် တစ်ပေါက်သံကိုရပြီး နိုင်ငံတကာသုံး သံစဉ်အရ “ဘီ” သံနှင့် ညီမျှပေသည်။

### သံကပ်တံနဲ၏ သံစဉ်

| လက်ပေါက် | | ပိတ်သံ | ဖွင့်သံ |
|---|---|---|---|
| ၁ | ၀ | ၃ ပေါက် | ၂ ပေါက် |
| ၂ | ၀ | ၄ ပေါက် | ၃ ပေါက် |
| ၃ | ၀ | ၅ ပေါက် | ၄ ပေါက် |
| ၄ | ၀ | ၆ ပေါက် | ၅ ပေါက် |
| ၅ | ၀ | ၇ ပေါက် | ၆ ပေါက် |
| ၆ | ၀ | ၁ ပေါက် သံမှန် | ၇ ပေါက် |
| ၇ | ၀ | ၂ ပေါက် | ၁ ပေါက် သံမှန် |

အပေါက်ငယ်ခုနစ်ပေါက်တို့ကို အထက်မှအောက်သို့ တစ်ပေါက်ချင်း ပိတ်၍သွားသောအခါ ပေါ်ထွက်လာသော အသံတို့မှာ–

၁ ပေါက် ပိတ်သော် ၃ ပေါက်သံ

၂ ပေါက် ပိတ်သော် ၄ ပေါက်သံ

၃ ပေါက် ပိတ်သော် ၅ ပေါက်သံ

၄ ပေါက် ပိတ်သော် ၆ ပေါက်သံ

၅ ပေါက် ပိတ်သော် ၇ ပေါက်သံ

၆ ပေါက် ပိတ်သော် ၁ ပေါက်သံ (သံမှန်)

၇ ပေါက် ပိတ်သော် ၂ ပေါက်သံတို့ဖြစ်ကြသည်။

ထိုနည်းအတိုင်း အောက်မှ အထက်သို့ တစ်ပေါက်ချင်းဖွင့်၍ သွားသောအခါ ရရှိသည့် အသံတို့မှာ ၁၊ ၇၊ ၆၊ ၅၊ ၄၊ ၃၊ ၂ တို့ဖြစ်ကြသည်။

သံကျပ်တံနဲ၏ အလျားမှာ ၉ လက်မရှိသည်။

### (ဆ) စီရှပ်တံနဲ့

စီရှပ်တံနဲ့သည် ယခုခေတ်တွင်မှ ပေါ်ပေါက်လာသည့် နဲ့တံမဟုတ်ပါချေ။ ရှေးကတည်းက ပေါ်ပေါက်ခဲ့သော နဲ့တံဖြစ်သည်။ ထိုအချိန်အခါက ဆိုင်းဝိုင်းကြီးနှင့်သာ တွဲဖက်တီးမှုတ်ခဲ့သည့်



စီရှပ်တံနဲ့

နဲ့ဆရာများ များပြားခဲ့ပေသည်။ ခေတ်ပေါ် ကာလပေါ်ဝိုင်းများတွင် မရှိသလောက် နည်းပါးပြီး ထိုကာလပေါ်ဝိုင်းများနှင့် တွဲဖက်တီးမှုတ်သော နဲ့ဆရာများကလည်း အလွန်နည်းပါးပါသည်။ ရှေးက ယင်းနဲ့တံတွင်ရှိသော မြန်မာ့သံစဉ် ခုနစ်မျိုးသာ ရိုးရိုးစင်းစင်းမှုတ်လေ့ရှိသည်။ ယနေ့ခေတ်တွင်မူ နိုင်ငံတကာ သံစဉ်များဖြစ်သည့် ကြားသံခေါ် တစ်ခြမ်းသံခေါ် သံဝက်သံ ကြားတီးမှုတ်သောတူရိယာများနှင့် သီချင်းသီဆိုကြသောကြောင့် တူရိယာဝိုင်းများနှင့် တွဲဖက်နိုင်အောင် စီရှပ်တံနဲ့တွင်ရှိသည့် သံစဉ်များ တစ်နည်းပြောရလျှင် "ကြားသံ" ခေါ် "သံဝက်သံ" များကိုပါ ဖော်ထုတ်လေ့ကျင့်တီးမှုတ်ကြသည်။ ထိုအခါ ယခုကာလ ခေတ်ပေါ်တီးဝိုင်းများနှင့် အလွန် အဆင်ပြေစွာ တွဲဖက်သုံးစွဲပေတော့သည်။ "စီရှပ်တံနဲ့" သည် "ကီးစုံ" သို့မဟုတ် အသံစုံမှုတ်၍ရသောနဲ့တံဖြစ်သည်။ မြန်မာ့ရိုးရာ သီချင်းကြီးများကိုလည်း မှုတ်နိုင်သောနဲ့တံ ဖြစ်သည်။

**စီရှပ်တံနဲ့၏သံစဉ်များ**

| | | |
|---|---|---|
| အက်ဖ်ရှပ် | ဝ | |
| လေပြောင်းပါက အက်ဖ် | ဝ | အီးမေဂျာ (လေလျော့ပါက) |
| ဒီရှပ် | ဝ | အီးဖလက် |
| စီရှပ် | ဝ | |
| ဘီ | ဝ | ဘီမေဂျာ |
| အေ | ဝ | အေမေဂျာ |
| ဂျီရှပ် | ဝ | အေဖလက် |

စီရှပ်တံနဲ့တွင် လက်ချောင်းလေးချောင်းပိတ်ပြီးမှုတ်လျှင် "စီရှပ်သံ" သီချင်းများကို မှုတ်၍ရပေသည်။ လက်ချောင်း သုံးချောင်းပိတ်၍ မှုတ်ပါက "ဒီရှပ်" ခေါ် "အီးဖလက်" အသံကိုရနိုင်ပေသည်။ တစ်ဖန် လက်ချောင်းနှစ်ချောင်း ပိတ်ပြီးမှုတ်ပါက "အက်ဖ်" သို့မဟုတ် "အီးမေဂျာ" အသံများကို ရနိုင်ပေသည်။ အပေါ်ဆုံး

လက်တစ်ချောင်းပိတ်၍ မှုတ်ပါက "အက်ဖ်ရှပ်" သီချင်းများကို မှုတ်နိုင်သည်။ လက်ငါးချောင်း ပိတ်၍ မှုတ်ပါက "ဘီ" ခေါ် "ဘီမေဂျာ" အသံကို ရနိုင်သည်။ လက်ခြောက်ချောင်းပိတ်၍ မှုတ်ပါက "အေမေဂျာ" သံစဉ်သီချင်းများကို မှုတ်နိုင်သည်။ လက်ခုနစ်ချောင်း ပိတ်၍ မှုတ်ပါက "ဂျီရှပ်" ခေါ် "အေဖလက်" သံစဉ်များကို မှုတ်နိုင်သည်။

"ကြားသံ" ခေါ် "သံဝက်" များကို "ရှပ်သံ" နှဲဖြင့်မှုတ်လျှင် မခဲယဉ်းလှပါ။ သို့သော် အလွယ်တကူ ကောက်မှုတ်၍ မရပါ။ လေ့ကျင့်မှု များများ လိုပါသည်။ လေ့ကျင့်မှုများပါက လွယ်ကူစွာ မှုတ်နိုင်သည်။

စီရှပ်သံနှဲ၏ အလျားမှာ ၁၉ လက်မခွဲရှိသည်။

## အခန်း (၄)

# နဲ့မှုတ်ပုံမှုတ်နည်းစနစ်များ

နဲ့မှုတ်သူများသည် စိတ်ရှည် ဇွဲရှိရသည်။ နဲ့ပညာ သင်ကြားရာတွင် စနစ်တကျ ကိုင်ပုံကိုင်နည်း၊ နဲ့တံကို ကိုင်ပုံကိုင်နည်း၊ မျက်နှာအနေအထား၊ ခေါင်းအနေအထားကစ၍ ပုံစံကျဖို့ ဦးစွာသင်ရပေသည်။

နဲ့ပညာကို စတင်သင်ကြားချိန်တွင် သီချင်းမှုတ်ရန် ဦးစားမပေးချေ။ စတင်သင်လျှင်သင်ချင်း လက်ပေါက်ဖွင့်ပုံဖွင့်နည်း၊ လေထုတ်ပုံထုတ်နည်း၊ အသက်ရှူပုံရှူနည်း၊ တစ်ဝါးတွင် တစ်ချက်မှုတ်၊ တစ်ဝါးတွင် နှစ်ချက်မှုတ်၊ တစ်ဝါးတွင် လေးချက်မှုတ် စသည်ဖြင့် စည်းဝါးသဘောနားလည်အောင် တစ်ဆင့်ပြီးတစ်ဆင့် သင်ကြားရသည်။ ထိုသို့လေ့ကျင့်ပြီးမှ သင်ရိုးသီချင်းများကို ဆက်လက်တက်ယူရန် လွယ်ကူချောမောသည်။

နဲ့ကို စတင်သင်ကြားရာတွင် ပထမဦးဆုံး သတိထားရသည့်အချက်မှာ နဲ့ကိုကိုင်တွယ်သည့်နည်းဖြစ်သည်။ နဲ့တွင်အပေါ်ဘက်၌ "ဗျည်းပေါက်" ဟုခေါ်သော အပေါက် ခုနစ်ပေါက် ရှိသည်။ အောက်ဘက်၌ "သရပေါက်" ဟု ခေါ်သော လက်မပေါက်တစ်ပေါက်ရှိသည်။ ထိုလက်ပေါက်များကို ပိတ်သည့်အခါ ညာသန်သူက ညာလက်ဖြင့်ပိတ်လျှင် ညာတင်ဟုခေါ်၍ ဘယ်သန်သူက ဘယ်လက်ဖြင့်ပိတ်လျှင် ဘယ်တင်ဟုခေါ်ပေသည်။

နဲ့တံကို စနစ်တကျကိုင်ပြီး နဲ့၏အခင်ကို နှုတ်ခမ်းနှစ်လွှာအကြားတွင် သုံးပုံနှစ်ပုံခန့်ထည့်ပြီး မှုတ်ရသည်။ မှုတ်ပြီး အသက်ပြန်ရှူလျှင် နဲ့ခင်ကို အပေါ်နှုတ်ခမ်းတွင် ကပ်ထားရသည်။ ထိုသို့ထားရခြင်းမှာ နဲ့ကို အသံညှစ်၍ မှုတ်သည့်အခါ နဲ့အခင်ကို အပေါ်နှုတ်ခမ်းဖြင့် ချိန်ဆပြီး ဖိမှုတ်ရာတွင် လွယ်ကူစေရန်ဖြစ်သည်။

နဲ့မှုတ်ရာတွင် အဓိက အရေးကြီးသည့်အချက် ခြောက်ချက်ရှိပေသည်။ ယင်းတို့မှာ-

(က) နဲ့သံ၊
(ခ) စည်းနှင့်ဝါး၊
(ဂ) လျှာ၊
(ဃ) လေ၊
(င) လက်၊
(စ) နားတို့ဖြစ်သည်။

(က) နဲ့၏အသံထွက်ကောင်းမှသာ နားထောင်၍ ကောင်းသည်။ နဲ့ အသံထွက်ကောင်းအောင် မှုတ်တတ်ရန် ဦးစွာလေ့ကျင့်ရသည်။

(ခ) စည်းဝါးတကျ မှုတ်တတ်မှသာလျှင် အခြားသော တူရိယာများနှင့် တစ်ဝိုင်းတည်း တွဲဖက်တီးမှုတ်ရာတွင် အစပ်အဟပ်မိ၍ စနစ်ကျပေမည်။

(ဂ) နဲ့မှုတ်ရာတွင် လျှာကစား၍ မှုတ်ရသဖြင့် လျှာအနေအထားတတ်ရန် အလွန်လိုအပ်သည်။ မိမိအလိုရှိသည့် လျှာအနေအထားတတ်မှသာ အလိုရှိရာ နဲ့ကို ဖြစ်ပေါ်စေနိုင်သည်။ လျှာတည်၊ လျှာစောင်း၊ လျှာနောက်လိုက်၊ လျှာဝှက်ဟူ၍ ရှိသည်။ လျှာတည်မှာ ဝါးနှင့်ပြိုင်တူ တစ်ချက်ချင်း ထိုးရသည်။ လျှာစောင်းမှာ နဲ့၏အခင်ကို လျှာတစ်ခြမ်းစောင်း၍ ထိုးရသည်။ လျှာနောက်မှာ နဲ့အခင်ကို လျှာဖြင့် ဝါးချက်နှင့်အပြိုင်တူထိုးပြီး

လျှာကို အပေါ်သို့ ကပ်ထားပြီးနောက် လေဖြင့် (အားဖြင့်) မှုတ်ရသည်။ လျှာဝက်မှာ နဲ၏အခင်ကို လျှာနှင့် တည့်တည့်ထားကာ လျှာကို ဘယ်ပြန် ညာပြန် ဇွေ့ယမ်းလှုပ်ရှား ကစားပေးရသည်။

(ဃ) လေကို မိမိအလိုရှိသလို အသုံးပြုနိုင်ရန်လိုသည်။ နဲသက်ပြန်မှုတ်ရာတွင် လေကိုနိုင်နိုင်နင်းနင်း ထိန်းသိမ်းထားနိုင်မှ မှုတ်နိုင်သည်။ မိမိလိုသော အသံကိုရအောင် လေတစ်ကျပ်သား မှုတ်ရမည့်နေရာတွင် တစ်ကျပ်သားအပြည့် မှုတ်နိုင်မှ၊ သုံးမတ်သားသာ မှုတ်ရမည့်နေရာတွင် သုံးမတ်သားထက်မလျော့၊ သုံးမတ်သားထက် မပိုသောအသံကို မှုတ်နိုင်မှသာလျှင် လိုသောအသံကို ရနိုင်ပေသည်။ လေကိုမှုတ်ထုတ်တတ်ရုံမျှသာမက တစ်သံနှင့် တစ်သံအကြား အသက်ခိုး၍ရှူတတ်ဖို့လည်း လိုသည်။

ဤနေရာတွင် မြေကျသာသော လေနှင့် မြေကျမသာသောလေဟူ၍ အကျဉ်းအားဖြင့် နှစ်မျိုးနှစ်စား ရှိပြန်သည်။ မြေကျသာသောလေဆိုသည်မှာ အသံထွက် စိုပြည်သောလေဖြစ်သည်။ မြေကျမသာသောလေမှာ အသံထွက် မစိုပြည်သောလေဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရသော် မြေကျသာသောလေဆိုသည်မှာ လေအလျော့အတင်းဖြင့် အသံ အတိုးအကျယ်ကို ပြေပြစ်သာယာအောင် ဖန်တီးပေးခြင်းဖြစ်သည်။

(င) နဲပေါက်များကို ပိတ်ရာတွင် လက်အနေအထား မှန်ကန်ရန် လိုအပ်သလို လက်ချောင်းကလေးများ လှုပ်ရှားရာတွင်လည်း သွက်လက် မြန်ဆန်ရန် အထူးလိုအပ်လှသည်။ နဲမှုတ်ရာတွင် လက်ပေါက်ကို မိမိသန်သလို တင်နိုင်ပါသည်။ ဘယ်သန်လျှင် ဘယ်တင်၍ ညာသန်လျှင် ညာတင်နိုင်သည်။ မိမိသန်သလိုတင်၍ လက်ချောင်းများကို သွက်လက် မြန်ဆန်စွာ လှုပ်ရှား၍ လက်ပေါက်များကို အဖွင့် အပိတ် ပြုလုပ်ပေးရသည်။ လက်ချောင်းလှုပ်ရှားမှု မြန်ဆန်သွက်လက်အောင် စားပွဲပေါ်တွင် လက်ချောင်းများတင်၍ လှုပ်ရှားလေ့ကျင့်ပေးရပါသည်။

(စ) နဲမှုတ်ရာတွင် နားပါးဖို့လည်း အလွန်လိုအပ်လှသည်။ နားပါးမှသာ ဂီတဝိုင်းထဲတွင် အခြားတူရိယာများနှင့် တွဲဖက်တီးမှုတ်၍ အဆိုအငေါ် အပေးအယူ တည့်မည်ဖြစ်သည်။

အထက်ပါခြောက်ချက်ကို တစ်ချက်ချင်းလေ့ကျင့်နိုင်သလို စုပေါင်း၍လည်း လေ့ကျင့်နိုင်သည်။ အချိန်များများယူ၍ လေ့ကျင့်မှ ခရီးရောက်နိုင်ပေသည်။ လေ့ကျင့်ရာတွင် သံစဉ်များ ပီပီပြင်ပြင် ပေါ်ထွက်လာစေအောင် အထက်မှအောက်၊ အောက်မှအထက်သို့ လက်ပေါက်များကို အသွားအပြန်ပိတ်၍ လေ့ကျင့်ရသည်။ တစ်နည်းအားဖြင့် တျော၊ တော၊ တျာ ဟူ၍လည်း လေ့ကျင့်နိုင်သည်။

နဲမှုတ်လေ့ကျင့်သည့်အခါ မိမိ၏ ကိုယ်ခန္ဓာအားကို များစွာအသုံးပြုရပေသည်။ ဥပမာ ဖော့သံကို လေ့ကျင့်လျှင် လေကိုလျော့၍မှုတ်ရသောကြောင့် သက်သာသော်လည်း ညစ်သံကို မှုတ်လျှင်မူ မိမိ၏ ကိုယ်ခန္ဓာအတွင်းရှိ ရှိရှိသမျှသောလေကို တွန်းကန်၍ မှုတ်ရသဖြင့် အလွန်ပင်ပန်းလှသည်။ ညစ်သံထုတ်ရာ၌ နှုတ်ခမ်းများ အလွန်အရေးကြီးသည်။ အနည်းငယ် ဖွင့်ထားရသည်။ တစ်ကျပ်သားလေကို တစ်ကျပ်သား အပြည့်မှ ပေါ်ထွက်လာနိုင်သည့်အသံမျိုးဖြစ်

သည်။ တစ်ကျပ်သားမပြည့်ဘဲ သုံးမတ်သားသာ လေထုတ်နိုင်ပါက ယင်းညှစ်သံ ပေါ်ထွက်လာမည် မဟုတ်ပေ။

နှဲသည် အခြားတူရိယာများနှင့်မတူ ခြားနားလှသည်။ အခြားတူရိယာများက ထိုတူရိယာများ ပေါ်၌ရှိသော အသံများ တည့်တည့်သုံး၍ရသည်။ နှဲက သဘာမရင့်လျှင် မရပေ။ နှဲမှာ လေကို အခြေခံ၍ အသံထုတ်ရသည့် တူရိယာပစ္စည်း ဖြစ်သောကြောင့်ဖြစ်၏။

နှဲပညာကို သင်ယူလေ့ကျင့်ရန်အတွက် သက်လုံကောင်းဖို့လိုသည်။ ကျန်းမာရေး ပြည့်စုံဖို့လိုသည်။ နားထဲမှ ပြည်ယိုခြင်း၊ ရင်အောင့်ခြင်း၊ မောပန်းခြင်း၊ ပန်းနာရင်ကျပ်ခြင်း စသည်တို့ ခံစားလာရလျှင် နှဲပညာကို ဆက်လက်သင်ကြားရန် မည်သို့မျှ မဖြစ်နိုင်တော့ပေ။

သက်လုံကောင်းပြီး နည်းစနစ်ကျကျ လေ့ကျင့်ချိန်များများယူ၍ လေ့ကျင့်မှသာ နှဲဆရာကောင်း တစ်ယောက် ဖြစ်လာနိုင်ပေသည်။ ထိုသို့ နှဲဆရာကောင်းဖြစ်လာသည့်တိုင် ဂီတနယ်မြေ ကျွမ်းကျင်မှုရှိရန် လိုသေးသည်။ ဗလာအမှုတ်ကောင်းပြီး ညည့်ခံကောင်းသော နှဲဆရာ၊ ဓာတ်ပို့ဓာတ်မှုတ်ကောင်းသော နှဲဆရာ၊ သီချင်းကြီး အမှုတ်ကောင်းသော နှဲဆရာ၊ ရုပ်သေးအမှုတ်ကောင်းသော နှဲဆရာ၊ ကာလပေါ် အမှုတ်ကောင်းသော နှဲဆရာ၊ အိုးစည်ဒိုးပတ်ဝိုင်း အမှုတ်ကောင်းသော နှဲဆရာ စသည်ဖြင့် ကျွမ်းကျင်ရာ ဂီတနယ်မြေ အလိုက် နှဲဆရာကောင်း အမျိုးမျိုး ရှိကြသေးသည်။

## နှဲကြီးသက်ပြန်မှုတ်နည်း

နှဲသက်ပြန်မှုတ်ရာတွင် နှဲကို အချိန်ကြာမြင့်စွာ မှုတ်ရပါသည်။ နှဲသက်ပြန်ဟု ခေါ်ခြင်းမှာ သက်ပြန်လေကို မှုတ်သူ၏ပါးစောင်ထဲတွင် သိုမှီးထားပြီး နှာခေါင်းမှပြန်ကာ တဖြည်းဖြည်း အသက်ရှုထုတ်ရသောကြောင့် နှဲသက်ပြန်ဟု ခေါ်ခြင်းဖြစ်သည်။ ဤပညာရပ်မှာ လွယ်ကူလှသည် မဟုတ်ပေ။ အချိန်ယူ လေ့ကျင့်မှသာ ဖြစ်နိုင်သည်။

လေ့ကျင့်နည်းမှာ ရှေးဦးစွာ ပထမ ရေခွက်ထဲတွင် ရေထည့်ထားရသည်။ ထိုနောက် သဘော်ရိုးတစ်ခုကို မိမိလိုသလောက် အတိုအရှည် ဖြတ်ယူရသည်။ ထို့နောက် ထိုသဘော်ရိုးကို ရေထဲထည့်ကာ ရေပွက်ကလေးများ အဆက်မပြတ် ပလုံစီထလာအောင် မှုတ်ရပါသည်။ ဤနည်းအတိုင်း ကြာရိုးများ သို့မဟုတ် မီးမှုတ်သည့် မီးပြောင်းဟုခေါ်သည့် ဝါးလုံးကလေးများ သို့မဟုတ် ပန်းထိမ်ဆရာများ အသုံးပြုသည့် မီးခွက်မှ ဂဟေမှုတ်သော လေတံများနှင့်လည်း လေ့ကျင့်၍ရနိုင်ပါသည်။ သို့သော် ထိုပစ္စည်းများဖြင့် လေ့ကျင့်ပြီး နှဲအခင်နှင့် ပြန်ပြောင်းမှုတ်သည့်အခါတွင် အခက်အခဲ တွေ့တတ်သည်။ နှဲခင်မှာ အပြားဖြစ်ပြီး လေ့ကျင့်စဉ်ကသုံးသည့် ပစ္စည်းများမှာ အလုံးဖြစ်နေသောကြောင့်ဖြစ်သည်။ အခက်အခဲရှိတတ်သည်ဖြစ်သော်လည်း ဇွဲနပဲကြီးစွာ လေ့ကျင့်ပါက အခက်အခဲများကို ကျော်လွှားနိုင်ပြီး နှဲသက်ပြန်ကို အချိန်ကြာမြင့်စွာ မှုတ်နိုင်ပေမည်။

နှဲကြီး




လက်အားလုံးပွင့်မှုတ်လျှင် သံမှန်

နဲကြီးတွင် နဲခြေထည့်၍ မှုတ်ခြင်းအလေ့ ရှေးကရှိခဲ့သော်လည်း ယခုခေတ်တွင်မူ နဲခြေကို ထည့်၍မမှုတ်ကြတော့ပေ။ နဲခြေသည် ထားလျှင် အသံမြည်လွန်သောကြောင့်ဟုဖြစ်သည်။ စင်စစ်မှာ နဲခြေထည့်ပြီး အသံမမြည်လွန်းအောင် မှုတ်နိုင်သည့် နဲဆရာများရှိသည်။ နဲခြေထည့်ထားလျက်နှင့် အသံမမြည်လွန်းအောင် မှုတ်နိုင်သည့် လေ့ကျင့်ခန်းများရှိပါသည်။ ထိုသို့ အသံမမြည်လွန်းအောင် အချိန်များများယူ၍ လေ့ကျင့်ရသည်။ လေ့ကျင့်မှု များမှသာလျှင် နဲခြေတပ်ထားလျက်နှင့် အသံ မမြည်လွန်းအောင် မှုတ်နိုင်ပေမည်။

တစ်ဖန် နဲကြီးအသံမြည်ခြင်း၊ မမြည်ခြင်း ဆိုသည်မှာ နဲခင်၏ နဲခင်နှင့် ချည်ထားသည့် ချည်ကြိုးအပေါ်၌လည်း မူတည်နေပါသေးသည်။ ချည်ကြိုးကို လေးလွန်းတင် ကျစ်ရာ၌ ပျော့ပျော့ကျစ်လျှင် နဲကြီး၏ အမြည်နှုန်းမှာ လျော့တတ်သည်။ ချည်ကြိုးကို ခပ်မာမာကျစ်ပါမှ နဲအမြည်နှုန်းကောင်းသည်။ အသံထွက်လာသည်။ တစ်ဖန် နဲခင်အဖြစ် လှီးဖြတ်အသုံးပြုထားသည့် ထန်းရွက်က ခပ်မာမာထန်းရွက်ဖြစ်လျှင်လည်း နဲ မမြည်

သံလတ်တဲ

〈၃〉ချောင်းပိတ်-သံမှန်




လက်အားလုံးဖွင့်မှုတ်လျှင်〈၅〉ပေါက်

မှာ၊ အသံထွက်ပျော့မှာ၊ နွဲ့မှာ မစိုးရိမ်ရတော့ပေ။ ချည်ကြိုးကျစ်ကျစ်၊ နဲခင်မာမာနှင့် မှုတ်ပါက နဲသံမြည်ကိုမြည်ပေသည်။

သို့သော် နဲခင် အလျော့တပ်ထားသည့်နဲကို မြည်အောင် မှုတ်နိုင်သည့် နဲဆရာများလည်း ရှိသည်။ တစ်နည်းပြောရလျှင် နဲခင်အမာတပ်ထားသည့်နဲတံဖြင့် အသံမမြည်အောင်မှုတ်သောနည်း၊ နဲခင် အပျော့တပ်ထားသည့်နဲတံဖြင့် အသံမြည်အောင်မှုတ်သောနည်းဟူ၍ နည်းနှစ်မျိုး ရှိပေသည်။ ထိုနည်းများအတိုင်း အချိန်ယူ လေ့ကျင့်သည့် သမ္မာရင့် နဲဆရာကြီးများ မှုတ်တတ်ပါသည်။ စင်စစ် ထိုသို့မှုတ်နိုင်ခြင်းမှာ မိမိပါးစပ်မှထွက်သောလေကို မိမိကပြန်၍နိုင်နိုင်နင်းနင်း ထိန်းသိမ်းနိုင်အောင် အလေ့အကျင့်များခဲ့သောကြောင့်သာဖြစ်ပေသည်။ ထိုသို့ မလေ့ကျင့်ခဲ့ပါက မိမိ၏နဲက မိမိမှုတ်လိုက်သည့်အခါ မိမိဆန္ဒကို မလိုက်လျောဘဲ မလိုလားသည့် အသံများကိုသာ ထုတ်လွှင့်ပေးလိမ့်မည်ဖြစ်သည်။

## သံထီးတံနဲ လေ့ကျင့်နည်း

သံထီးတံနဲခေါ် လေးချောင်းပိတ် သံမှန်နဲသည် ယခုခေတ် လက်ရှိအသုံးများလျက်ရှိသော နဲတံဖြစ်သည်။ ထို့ကြောင့် ယင်းသံထီးတံနဲ မှုတ်ပုံမှုတ်နည်း၊ လေ့ကျင့်နည်းတို့ကို ရှင်းလင်းတင်ပြလိုပေသည်။

အချို့သော နဲဆရာများက သံထီးတံနဲ၏ အောက်လက်ပေါက် (သရပေါက်) ကို အသေပိတ်ထားတတ်ကြသည်။ ထိုသို့ အသေပိတ်ထားသည့်အတွက် နဲသံမှာ လှုပ်ရှားမှုနည်းပြီး အသံတစ်မျိုး ထွက်နိုင်သည်။ နဲဆရာများ အသုံးအနှုန်းတစ်ခုရှိသည်။ ဥပမာ "မောင်ဖြူသည် အလွန်သရကြေသည်" ဟုပြောလျှင် မောင်ဖြူသည် သရပေါက်ကို နိုင်နင်းကျွမ်းကျင်စွာ အသုံးပြုတတ်ကြောင်းကို ဆိုလိုမှန်း နားလည်ကြပေသည်။ စင်စစ် "သရပေါက်" သည် အလွန်အရေး

သံထိုးတံ

‹လေးချောင်းပိတ်သံမှန်›




လက်အားလုံးဖွင့်မှုတ်လျှင် • ၄ • ပေါက်

ပါပေသည်။ ယင်းလက်မပေါက် အဖွင့်အပိတ် ပြုလုပ်ကစားခြင်းဖြင့် နှဲသံကို အမျိုးမျိုးထွက်အောင် လှည့်စားနိုင်သည်။ ညွှစ်သံခေါ် ကြုသံကို ဖြစ်ပေါ်စေချင်သည့်အခါ ယင်းသရပေါက်ကို တစ်ခြမ်းဖွင့်ကာ မိမိလိုသလို သုံးနိုင်ပါသည်။ တစ်ဖန် အဖွဲ့၊ အစွဲ၊ အတွဲ၊ အခရာ၊ အပီ၊ အညှာ၊ ပလီပလာနှဲသံများ ဖြစ်ပေါ်လာစေရန် ယင်း၏ သရပေါက်ခေါ် လက်မပေါက်ကို များစွာလှုပ်ရှားကစား အသုံးပြုကြရပါသည်။ ကွယ်လွန်သူ နှဲဆရာကြီး ဝိဇ္ဇာညွှန့်သည် ထိုသရပေါက် များစွာ အသုံးပြုခဲ့ပါသည်။ ထို့ကြောင့် ဝိဇ္ဇာညွှန့်၏နှဲသံမှာ မည်သူ့နှဲသံနှင့်မျှ မတူဘဲ တစ်မူထူးခြားနေခြင်း ဖြစ်ပေသည်။ ဆရာကြီးသည် အပေါ်ဆုံး လက်ညှိုးကိုလည်း များစွာ လှုပ်ရှား ကစား၍ မှုတ်လေ့ရှိပါသည်။ "သရ" ခေါ် လက်မပေါက်ကို အသေပိတ်ထားလျှင် ယင်းမှရရှိနိုင်သော အသံများ ဆုံးရှုံးသွားပေလိမ့်မည်။

"ဗျည်းပေါက်" နှင့် "သရပေါက်" တို့ကို သူ့နေရာနှင့်သူ မျှတစွာ သုံးစွဲနိုင်ပါမှ နှဲအသံထွက်ကောင်းကာ မိမိအလိုရှိသည့်အသံကို ရအောင် မှုတ်နိုင်မည်ဖြစ်ပါသည်။ "သရပေါက်" နည်းတူ လက်ပေါက်များကို သုံးရာတွင် ပိတ်၍မှုတ်ပုံတစ်နည်း၊ လက်ပေါက်ကို အနည်းငယ်ဖွင့်၍ မှုတ်ပုံတစ်နည်း၊ လက်ပေါက်ကို မပိတ်တပိတ်ပြု၍မှုတ်ပုံတစ်နည်း၊ လက်ပေါက်ကို လက်ချောင်းနှင့်လေအထွက်ဆုံမိအောင် အပေါ်မှလက်ချောင်းကို ဖေ့ယမ်း၍ မှုတ်ပုံတစ်နည်း စသည်ဖြင့် လက်ပေါက်ကို အသုံးချ၍ မှုတ်ပုံ နည်းမျိုးစုံရှိသည်။ လက်ပေါက်အပေါ်တွင် လက်ချောင်းဖြင့် မပိတ်ဘဲ သာသာကလေး လုပ်ပေးထားပြီး မှုတ်လျှင် နားထောင်၍ အလွန်ကောင်းသည်။ တည့်တည့်ထွက်သည့် အသံနှင့် နှဲလက်ပေါက်အပေါ်တွင် ဖေ့ယမ်းပေးပြီး ထွက်သည့်အသံနှစ်မျိုးမှာ မတူချေ။ တည့်တည့်ထွက်လာသည့် အသံမှာ ပီသပြီး လက်ပေါက်ပေါ်တွင် လက်ချောင်းဖေ့ယမ်းပေးပြီးမှ ထွက်လာသည့်အသံမှာ အညှာ၊ အတာ၊ အခရာသံများဖြစ်သည်။ ဥပမာ လေးခင်းဆိုင်းတီးရာတွင် ဆိုင်းဝိုင်းထဲမှ လေးခင်းပျိုးလျှင် နှဲက နှစ်ပေါက်မှနေပြီး ခနစ်သံကို တည့်တည့် မဖွင့်ဘဲ ဝဲ၍ဖွင့်ကာ ခြောက်ပေါက်သို့ ပြန်ချလျှင် နားဆင်ရသူရော နှဲဆရာပါ အလွန်အရသာရှိသော အသံကို ကြားရပေသည်။

ဤသို့မှုတ်နိုင်ပါရန် အာ၊ လျှာ၊ လေ စသည်တို့ကို စနစ်တကျ လေ့ကျင့်ထားရန်လိုသည်။ နှုတ်ခမ်းလှုပ်ရှားမှုလည်း လိုသည်။ လေနှင့် နှုတ်ခမ်းတို့သည် နှဲသံ ပြည်းညှင်းစွာထွက်အောင် တစ်နည်းဆိုရလျှင် သာယာပြေပြစ်သော နှဲသံ ထွက်ပေါ်လာနိုင်အောင် မှုတ်ရာတွင် အခြေခံ အကျဆုံး ဖြစ်ပေသည်။ နှဲခင်အပျော့ဖြင့် အသံမြည်အောင်မှုတ်ခြင်း၊ နှဲခင်အမာဖြင့် အသံပျော့အောင် မှုတ်နည်းများမှာ ခဲယဉ်းသော်လည်း လေ့ကျင့်မှု များပါက မှုတ်နိုင်ပေသည်။ ထိုနည်းနှစ်နည်းကို မှုတ်တတ်ရန်မှာ အလွန်အရေးကြီးပါသည်။ နှဲသည် ပတ္တလား၊ စောင်း စသည့် တူရိယာများနှင့် တွဲသည့်အခါ တွဲရသည်။ ဗလာဆိုင်း၊ ဇာတ်ဆိုင်းများနှင့် တွဲသည့်အခါလည်း တွဲရသည်။ ပတ္တလား၊ မယ်ဒလင်၊ စောင်း စသည့်

တူရိယာများမှာ အသံထွက် အလွန်တိုးညှင်းသည်။ တစ်နည်း ပြောရလျှင် အသံပျော့ပေသည်။ ထို့ကြောင့် ထိုတူရိယာမျိုးနှင့် တွဲဖက်တီးမှုတ်ရသည့်အခါ နဲကလည်း ထိုတူရိယာများ၏ အသံထွက်နှင့်ညီသော တစ်နည်း လိုက်ဖက်သောအသံထွက် ရပေလိမ့်မည်။ စာရေးသူမှာ နဲမှုတ်သက်နုစဉ်ကာလက နဲ၏သရပေါက်ကို လက်ကိုင်ပုဝါဖြင့်စည်းနှောင်၍မှုတ်ခဲ့ပေသည်။ သို့သော် အသံနှန်းမှာ လျော့၍မထွက်ပေ။ နဲကို နိုင်နင်းကျင်လည်စွာ မမှုတ်တတ်သေး၍တစ်ကြောင်း၊ လေ့ကျင့်မှုနည်းပါး၍တစ်ကြောင်း လိုသောအသံရအောင် မမှုတ်နိုင်ခဲ့ခြင်းပင် ဖြစ်ပေသည်။

ရှေးခေတ်ကဆိုလျှင် အသံချဲ့စက်များ အသုံးမရှိခဲ့သဖြင့် နဲကို မြည်သည်ထက်မြည်အောင် ကြဲဆောင်တီထွင်၍ မှုတ်ကြရပါသည်။ နဲအသံမြည်အောင် နဲခင်မာမာ၊ ချည်ကြိုးမာမာဖြင့် အမာနှစ်မျိုးကို ဦးစားပေးသုံးကာ မှုတ်ခဲ့ကြပေသည်။ ကျေးလက်တောရွာများမှ ဘုရားပွဲများတွင် ပွဲကြည့်ပရိသတ်များက ပွဲခင်းအလယ်တွင်နေရာယူ ပွဲကြည့်ကြပြီး နွားလှည်းများက ထိုပွဲကြည့်ပရိသတ်များ၏နောက်မှ ဝိုင်းရံပြီး ကြည့်လေ့ရှိကြပါသည်။ ထိုပွဲမျိုးတွင် နဲသံပျော့နေ၍မဖြစ်ပေ။ နဲဆရာသည် ထိုလှည်းတန်းကြီးများအထိ နဲသံပေါက်ရောက်အောင် မှုတ်နိုင်မှသာ နဲအသံထွက် ကောင်းကြောင်း၊ နဲဆရာတော်ကြောင်း စသည်ဖြင့် ချီးမွမ်းခံရလေ့ရှိပါသည်။ ထိုစဉ်က ဆိုင်းဝိုင်းကြီးကို ဓာတ်စင်နှင့် မျက်နှာချင်းဆိုင်ထား၍ ဆိုင်းဆင်လေ့ ရှိကြပါသည်။ ဆိုင်းဆင်ရာတွင် ဆိုင်းဝိုင်း၏ မင်းပေါက်နှင့် ဓာတ်စင်ပေါ်မှ နန်းတော်ပလ္လင်တို့မှာ တည်နေရပေသည်။

### သံထီးတံမှုတ်နည်း

| | | | |
|---|---|---|---|
| ၅ ပေါက် | အက်ဖ် | ဝ | အက်ဖ်ရှပ် |
| ၆ ပေါက် | အီး | ဝ | အီးဖလက် |
| ၇ ပေါက် | ဒီ | ဝ | အီးဖလက် |
| ၁ ပေါက် | စီ | ဝ | စီရှပ် |
| ၂ ပေါက် | ဘီ | ဝ | ဘီဖက် |
| ၃ ပေါက် | အေ | ဝ | |
| ၄ ပေါက် | ဂျီ | ဝ | ဂျီရှပ် |

အထက်ဖော်ပြပါပုံတွင် ပါရှိသည့် သံစဉ်များမှာ သံတီးတံနဲခေါ် လေးချောင်းပိတ်သံမှန်နဲဖြင့် မှုတ်၍ရသောသံစဉ်များ ဖြစ်ပေသည်။

ပတ္တလားအသံစဉ်နှင့်နဲကြိုးလက်ပေါက်ဇိတ် (တူညီမြှ)



## ယောဘုယျညှိတူမှုပြ သံစဉ်〈၇〉ပါး

| ပတ္တလားသံစဉ် | နှဲကြီးပိတ် | နှဲကလေးပိတ် | ယခင်နှဲကလေးပိတ် | အနောက်တိုင်းသံစဉ် | အရှေ့တိုင်းသံစဉ် | မာဂဓဝေါ် | မြန်မာဝေါ် | စောင်းဝေါ် | ဆိုင်းဝေါ် | မြန်မာဂြိုဟ် | ဂြိုဟ် | ရောင်စဉ် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၇ | ၄ | ၃ | C | 1 | နိသာဒ | ဆင် | ညှင်းလုံး | သံမှန်၊ သံရိုး၊ သံလတ်၊ ရေသံ၊ ခုနစ်သံ | ကြာသပတေး | Jupiter | Red |
| ၇ | ၆ | ၃ | ၂ | D | 2 | ဓေဝတ | မြင်း | ခြောက်သွယ်ညှို့ | သံချပ် | အင်္ဂါ | Mars | Orange |
| ၆ | ၅ | ၂ | ၁ | E | 3 | ဂန္ဓာရ | ဆိတ် | မြင်ဆိုင်း | သံထီးငါးပေါက်၊ ကြေးခရာ၊ နှစ်ဆစ် | တနင်္ဂနွေ | Sun | Yellow |
| ၅ | ၄ | ၁ | ၇ | F | 4 | မဇ္ဈိမ | ဥသြ | အောက်ပြန် | သံထီးငါးပေါက်၊ ဆစ်ကြီးအောက်ပြန် | သောကြာ | Venus | Geen |
| ၄ | ၃ | ၇ | ၆ | G | 5 | ဥသဘ | နွား | ပြည်တော်ပြန် | နှဲကြီးခုနှစ်သံ၊ သံလတ်အောက်ပြန် | ဗုဒ္ဓဟူး | Mercury | Blue |
| ၃ | ၂ | ၆ | ၅ | A | 6 | ဆဇ္ဇ | ဥဒေါင်း | ဒုရက | ခြောက်ပေါက် အောက်ပြန်၊ငါး ဆစ် | တနင်္လာ | Moon | Indigo |
| ၂ | ၁ | ၅ | ၄ | B | 7 | ပဉ္စမ | ကြိုးကြာ | ပုလဲ | ဆစ်ကြီး၊ ပုလဲ | စနေ | Saturn | Violet |

အထက်ပုံပါ အပေါ်သံစဉ် ခုနစ်သံစလုံးကို မှုတ်လိုလျှင် လက်လေးချောင်းပိတ် သံမှန်ထား၍ မှုတ်ပါက လွယ်ကူပါသည်။ လက်သုံးချောင်းပိတ် "ဒို" သံမှန်ထား၍မှုတ်လျှင် များစွာလေ့ကျင့်ထား နှင့်ရန် လိုအပ်ပေသည်။ လက်နှစ်ချောင်းပိတ် သို့မဟုတ် "အီး" ခေါ် ခြောက်ပေါက်သံမှန် ချထားလျှင် လွယ်ကူပါသည်။ ထိုနည်းတူ လက် တစ်ချောင်းပိတ် သို့မဟုတ် "အက်ဖ်" ခေါ် ငါးပေါက်သံမှန်ထား၍ မှုတ်လျှင်လည်း အခက် အခဲ မရှိပါ။ လက်ခုနစ်ချောင်းပိတ် သို့မဟုတ် "ဂျီ" သံမှန်ခေါ် လေးပေါက်သံမှန်ထား၍မှုတ် လျှင်လည်း လေ့ကျင့်မှုရှိပါက မခဲယဉ်းလှပါ။ တစ်ဖန် လက်ခြောက်ချောင်းပိတ် သို့မဟုတ် "အေ" သံမှန်ခေါ် သုံးပေါက်သံမှန်ထား၍မှုတ် လျှင်မူ နည်းနည်းအခက်အခဲရှိပါသည်။ လေ့ကျင့်မှုများပါမှ မှုတ်နိုင်ပါမည်။ တစ်ဖန် လက်ငါးချောင်း ပိတ် သို့မဟုတ် "ဘီ" သံမှန်ခေါ် နှစ်ပေါက်သံမှန် ထား၍ မှုတ်လျှင်လည်း ခဲယဉ်းပါသည်။ အလေ့ အကျင့် များစွာရှိဖို့ လိုအပ်ပါသည်။ လေ့ကျင့်ရာ တွင် လေ၊ လက်ပေါက်၊ အသံ၊ နား၊ နှုတ်ခမ်း စသည်တို့ကို စနစ်ကျကျ နိုင်နိုင်နင်းနင်း ထိန်းသိမ်း တတ်ရန် အရေးကြီးပေသည်။ နဲမှာ အသံရှင်ဖြစ် သောကြောင့် လေနှင့် နားကို အဓိကထား၍ လေ့ကျင့်ရပါသည်။

ဝံသာနု




လက်အားလုံးဖွင့်မှုတ်လျှင်〈၄〉ပေါက်

ကြားသံများမှာ မြန်မာသံစဉ်များမဟုတ်သည့်အတွက် အထူးဂရုထား လေ့ကျင့်၍ မှုတ်ရပါသည်။ ကြားသံတစ်ခုဖြစ်သည့် "စီရှပ်သံ" သည် လက်သုံးချောင်းပိတ်နှင့် လက်လေးချောင်းပိတ်တို့ကြားတွင်တည်ရှိသည်။ စီရှပ်သံထွက်ရန် လက်သုံးချောင်းပေါက်တစ်ခြမ်းပိတ်သို့မဟုတ် တစ်ဝက်ဖွင့်ပြီး လက်လေးချောင်းပေါက်ကို ပိတ်၍မှုတ်ရပါသည်။ မှုတ်ရာတွင် လေ၊ နှုတ်ခမ်းနှင့် လက်ပေါက်များကို အသုံးပြုရပါသည်။ တစ်ဖန် "အီးဖလက်သံ" ခေါ် ခြောက်ပေါက်ခွဲသံမှာ လက်နှစ်ချောင်းပိတ်နှင့် လက်သုံးချောင်းပိတ်ကြားတွင် တည်ရှိပါသည်။ "အီးဖလက်သံ" ပေါ်ထွက်လာစေရန် လက်နှစ်ချောင်းပေါက်တစ်ဝက်ပိတ်ပြီး လက်သုံးချောင်းပိတ်ကို လုံ၀ ပိတ်ကာ လေးလက်ပေါက်နှင့် နှုတ်ခမ်းတို့ကို အသုံးပြု၍ မှုတ်ရပါသည်။ "အက်ဖ်ရှပ်သံ" ခေါ် ထွက်စေရန်မှာအပေါ်ဆုံးလက်ပေါက်တစ်ချောင်းကို တစ်ဝက်ပိတ်၊ တစ်ဝက်ဖွင့်ပြီး မှုတ်ရပါသည်။ "ဂျီရှပ်သံ" မှာ လက်ပေါက်ခြောက်ချောင်းနှင့် လက်ပေါက်ခုနစ်ချောင်းအကြားတွင်တည်ရှိပါသည်။ "ဂျီရှပ်သံ" ကိုရရန် လက်ခြောက်ချောင်းတစ်ဝက်ပိတ်ပြီး လက်ခုနစ်ချောင်းပေါက်ကို ပိတ်ကာ အထက်ပါနည်းအတိုင်းမှုတ်ရပါသည်။ "ဘီဖလက်သံ"မှာ လက်ပေါက်ငါးချောင်းနှင့် လက်ပေါက်ခြောက်ချောင်းကြားတွင် တည်ရှိပါသည်။ "ဘီဖလက်သံ" ကိုရရန် လက်ပေါက်ငါးချောင်းပိတ်ပြီး လက်ပေါက်ခြောက်ချောင်းတစ်ဝက်ပိတ်၍ မှုတ်ရပါသည်။

အထက်ဖော်ပြပါ နိုင်ငံခြားသံစဉ်များဖြစ်သည့် ကြားသံခေါ် "ရှပ်" "ဖလက်" မှုတ်ပုံမှုတ်နည်းများကို စာရေးသူတို့ နဲဆရာများအား လမ်းညွှန်ပြသပေးသော နဲဆရာကြီးမှာ မြန်မာညွန့် ဦးချစ်မောင် ဖြစ်ပါသည်။ နဲဆရာကြီး မြန်မာညွန့် ဦးချစ်မောင်တို့ခေတ်တွင် ယင်းနိုင်ငံခြားသံစဉ် တစ်နည်း ကြားသံများကို အသုံး

သံကျခ်
(၅)ချောင်းပိတ်သံမှန်




မှတ်ချက်။ နဲသမှုတ်တန်မှုန်၍ လက်လေးချောင်းပိတ်မှုတ် လျှင် - E♭ (အီး)
နဲသမှုတ်တန်မှုန်၍ လက်ခုနစ်ချောင်းပိတ်မှုတ်လျှင် - A

ပြုခြင်း မရှိသေးပေ။ ဆရာကြီးတို့ခေတ်က ဂီတဝိုင်းများတွင် ရိုးရိုး မြန်မာသံစဉ်များကိုသာ အသုံးပြု တီးမှုတ်ခဲ့ကြပေသည်။ ယခု စာရေးသူတို့ခေတ်တွင် ယင်း "ရှပ်" "ဖလက်" သံများကို တီးဝိုင်းများတွင် (အထူးသဖြင့် စန္ဒရားဝိုင်းတွင်) အလွန်အသုံးပြုခြင်းများ၍ စာရေးသူတို့ နဲဆရာများမှာ ထိုဝိုင်းများနှင့် အစပ်အဟပ်ညီညီ တွဲဖက်တီးမှုတ်နိုင်ရန် ယင်းကြားသံများကို ဖော်ထုတ်၍ အချိန်ယူ လေ့ကျင့်ခဲ့ရပေသည်။

"ရှပ်" "ဖလက်" သံစဉ်များကို ဖော်ထုတ်လေ့ကျင့်ရာတွင် တစ်နေ့ကို အနည်းဆုံး သုံးလေးနာရီထက် မလျော့ဘဲ လေးငါးနှစ်ဆက်တိုက် ဇွဲနပဲကြီးစွာ ခက်ခဲစွာ လေ့ကျင့်ခဲ့ရပေသည်။ သို့လေ့ကျင့်ရာတွင် သံစဉ်တစ်ခုကို တစ်လနှစ်လ ဆက်တိုက် လေ့ကျင့်ရသည်။ သံစဉ်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် တီးမှုတ်နိုင်တော့မှ အခြားသံစဉ်တစ်ခုသို့ ကူးပြောင်း လေ့ကျင့်ပါက ပို၍ နားစွဲလွယ်ပြီး လက်ပေါက် အဖွင့်အပိတ် မှန်ကန်ကျင်လည်နိုင်ကြောင်း စာရေးသူကိုယ်တွေ့ပင် ဖြစ်ပေသည်။ အချို့ကလည်း သံစဉ်အားလုံးကို တစ်ပြိုင်နက် လေ့ကျင့်ကြသည်လည်း ရှိပါသည်။

## ယနေ့ခေတ်သုံးနဲနှင့် ၎င်း၏သံစဉ်အခေါ်အဝေါ်များ၊ သင်္ကေတများနှင့် ခေတ်ပေါ်မှုတ်နည်း

| | | |
|---|---|---|
| အက်ဖ် | ၀ | အက်ဖ်ရှပ် |
| အီး | ၀ | အီးဖလက် |
| ဒီ | ၀ | |
| စီ | ၀ | စီရှပ် |
| ဘီ | ၀ | ဘီဖလက် |
| အေ | ၀ | အေဖလက် |
| ဂျီ | ၀ | ၊ |

အထက်ပါပုံစံပါ နဲတံ ၁၁ လက်မ ၁ မူး သို့မဟုတ် ၁၁ လက်မဖြင့် မှုတ်လျှင်ရသော သံစဉ်များဖြစ်ပါသည်။ ယင်းနဲတံမှာ ရှေးအခေါ် သံထီးနဲတံ ဖြစ်ပါသည်။

နဲပညာရပ်ထဲတွင် သီးသန့်အခေါ်အဝေါ် အသုံးအနှုန်း အများအပြားရှိသကဲ့သို့ သံစဉ်များကို ရည်ညွှန်းပြသရာတွင် သုံးသည့် ဂီတ သင်္ကေတများလည်း ရှိပေသည်။




လက်ပေါက်အားလုံးဖွင့်လျှင်.၂.ပေါက်

သံစဉ်များထဲတွင် မြန်မာသံစဉ် ၇ မျိုးကို နိုင်ငံခြားသံစဉ်အခေါ်အဝေါ်များနှင့် ပထမဦးဆုံး နှိုင်းယှဉ်ပြသလိုပေသည်။ သံထီးတံနဲ၏ အပေါ်ဆုံးလက်ပေါက်ကို ပိတ်၍မှုတ်သည့်အခါ မြန်မာ့သံစဉ် "ငါးပေါက်သံ" ရရှိပြီး ယင်းတို့နိုင်ငံတကာသုံးသံစဉ် "အက်ဖ်" ဟုခေါ်ပေသည်။ အပေါ်မှ လက်ပေါက်နှစ်ပေါက်ကိုပိတ်၍မှုတ်ပါက မြန်မာသံစဉ် "ခြောက်ပေါက်သံ" ကိုရပြီး ယင်းကို နိုင်ငံတကာသုံးသံစဉ် "အီး" ဟု ခေါ်သည်။ လက်ပေါက်သုံးပေါက်ကိုပိတ်၍ မှုတ်ပါက မြန်မာသံစဉ် "ခုနစ်သံချီ" ကိုရပြီး ယင်းကို နိုင်ငံတကာသုံး သံစဉ် "ဒီ" ဟုခေါ်ပါသည်။ လက်ပေါက်လေးပေါက်ကိုပိတ်၍ မှုတ်ပါက မြန်မာသံစဉ် "တစ်ပေါက်ခေါ် သံမှန်" ကို ရရှိပြီး ယင်းကို နိုင်ငံတကာသုံးသံစဉ် "စီ" ဟု ခေါ်ပေသည်။ လက်ပေါက်ငါးပေါက်ပိတ်၍ မှုတ်ပါက မြန်မာသံစဉ် "နှစ်ပေါက်" ကို ရရှိပြီး ယင်းကို နိုင်ငံတကာသုံးသံစဉ် "ဘီ" ဟု ခေါ်ပေသည်။ လက်ခြောက်ချောင်းပိတ်၍ မှုတ်ပါက မြန်မာသံစဉ် "သုံးပေါက်" ကိုရပြီး ယင်းကို နိုင်ငံတကာသုံး သံစဉ် "အေ" ဟုခေါ်သည်။ လက်ခုနစ်ချောင်းစလုံးပိတ်၍ မှုတ်ပါက မြန်မာသံစဉ် "လေးပေါက်" ကိုရပြီး ယင်းကို နိုင်ငံတကာသုံး သံစဉ် "ဂျီ" ဟုခေါ်သည်။

နိုင်ငံခြားသံစဉ်ခေါ် နိုင်ငံတကာသံစဉ်မှာ မြန်မာသံစဉ် ခုနစ်မျိုးအပြင် နောက်ထပ်ကြားသံ ငါးမျိုး ပါဝင်ပေသည်။ ထိုငါးမျိုးမှာ အက်ဖ်ရှပ်၊ ဘီဖလက်၊ စီရှပ်၊ ဘီဖလက်နှင့် အေဖလက် တို့ဖြစ်ကြပေသည်။ "ဖလက်" ၏ သင်္ကေတ အမှတ်အသားမှာ "♭" ဖြစ်၍ "ရှပ်" ၏သင်္ကေတ အမှတ်အသားမှာ "#" ဖြစ်ပေသည်။ ဖလက် ဆိုသည်မှာ မူလသံစဉ်ထက် တစ်ဝက်နိမ့်အသံ ဖြစ်ကာ "ရှပ်" ဆိုသည်မှာ မူလသံစဉ်ထက် တစ်ဝက်မြင့်သော အသံဖြစ်ပေသည်။ ဥပမာ "စီ" နှင့် "စီရှပ်" ဆိုပါက "စီရှပ်" က "စီ"

## C# <စီရှပ်>




သံစဉ်ထက် ပို၍မြင့်ကြောင်း နားလည်နိုင်ပေသည်။ ထိုနည်းတူ “အီး” နှင့် “အီးဖလက်” ဆိုလျှင်လည်း “အီးဖလက်”က “အီး” သံစဉ်ထက် ပို၍နိမ့်ကြောင်း နားလည်နိုင်ပေသည်။

သံထီးတံနဲ့တွင်–

“အက်ဖ်ရှပ်” သံစဉ်သည် အပေါ်ဆုံးလက်ပေါက်ထက်ဝက်ဖွင့်၍ မှုတ်လျှင် ရရှိသောသံစဉ် ဖြစ်ပါသည်။

“အီးဖလက်” သံစဉ်သည် လက်နှစ်ချောင်းပိတ်နှင့် သုံးချောင်းပိတ်ကြားတွင်ရှိပါသည်။

“စီရှပ်” သံစဉ်သည် လက်သုံးချောင်းပိတ်နှင့် လေးချောင်းပိတ်ကြားတွင်ရှိပါသည်။

“ဘီဖလက်” သံစဉ်သည် လက်ငါးချောင်းပိတ်နှင့် ခြောက်ချောင်းပိတ်ကြားတွင် ရှိပါသည်။

“အေဖလက်” သံစဉ်သည် လက်ခြောက်ချောင်းပိတ်နှင့် ခုနစ်ချောင်းပိတ်ကြားတွင် ရှိပါသည်။

“ဖလက်”နှင့် “ရှပ်” သတ်မှတ်ခေါ်ဝေါ်ရာတွင် ကွဲပြားခြားနားမှုကလေးများ ရှိပါသည်။ သာမန်လူနားလည်လွယ်အောင်ပြောရမည်ဆိုလျှင် သံထီးတံနဲ့တွင် “အီးဖလက်”ကို “ဒီရှပ်” ဟုလည်း ဆိုလေ့ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်း “အီးဖလက်” မှာ “အီး” ထက် သံဝက်နိမ့်ပြီး “ဒီ” ထက်လည်း သံဝက်မြင့်သည့် ကြားသံဖြစ်နေသောကြောင့်ပင် ဖြစ်ပေသည်။

ဆက်လက် တင်ပြလိုသည်မှာ ယခုခေတ်နဲ့ဆရာများ တွင်တွင်ကျယ်ကျယ်သုံးစွဲနေသည့် ၁၁ လက်မ တစ်မူးနဲ့တံ သို့မဟုတ် ၁၁ လက်မနဲ့တံ ခေါ် သံထီးတံကို အသုံးပြု၍ နိုင်ငံတကာသံစဉ်များကို မှုတ်ပုံမှုတ်နည်း၊ လေ့ကျင့်ပုံ လေ့ကျင့်နည်းများပင် ဖြစ်ပေသည်။ ယင်းနဲ့တံကိုသုံးလျှင် နိုင်ငံတကာသုံးသံစဉ် ၁၂ သံစလုံးကို မှုတ်နိုင်ပေသည်။ ထိုသံစဉ်များအနက် C.C#.B.Bb .A.G. G# တို့မှာ အောက်သံဖြစ်ကြပြီး F.F#.E.Eb.Dတို့မှာ အပေါ်သံများဖြစ်ကြပေသည်။

အထက်ပါနိုင်ငံတကာသံစဉ်များကို လေ့ကျင့်ရာတွင် အလွယ်တကူနှင့် အချိန်တိုတိုအတွင်း မရနိုင်ပါ။ အခက်အခဲများကို ရင်ဆိုင်ရသော်လည်း စိတ်ရှည်ရှည်နှင့် နှစ်ရှည်လများ အချိန်ယူလေ့ကျင့်မှသာရနိုင်ပါမည်။ အထက်ပါသံစဉ် ၁၂ မျိုးကို ဂီတသင်္ကေတအားဖြင့် ဖော်ပြ ရလျှင် (C.C#. B.Bb. A.G. G#. F.F#. E#. Eb.D) ဟု ဖော်ပြရပေမည်။ အထက်ပါ အခေါ်အဝေါ်များမှာ အနုပညာ အခေါ်အဝေါ်များဖြစ်ပေသည်။ ယင်းသံစဉ်များကို နဲ့တံဖြင့်မှုတ်လျှင် မခက်ခဲပါ။

၁၁ လက်မတစ်မူး သို့မဟုတ် ၁၁ လက်မနဲ့တံဖြင့်မှုတ်လျှင် ရရှိနိုင်သောအသံများမှာ “စီ” သံ၊ “ဘီ” နှင့် “အီးဖလက်” သံတို့ ဖြစ်ကြပါသည်။ ထိုအသံများကို သံပွတ်တံကို မြှင့်၍ မှုတ်လျှင် လွယ်ကူပါသည်။

“အီးဖလက်”ခေါ် “ဒီရှပ်” သံကို လိုချင်ပါက အသံကို ထိန်းမှုတ်လျှင် ရပါသည်။

၁၀ လက်မ မိတ်တင်းခေါ် စီရှပ်တံနဲ့ဖြင့် မှုတ်ပါက လက်ချောင်းခုနစ်ချောင်းပိတ်မှုတ်လျှင် “အေဖလက်” သံကို ရရှိရန် လွယ်ကူပေသည်။

လက်ချောင်းလေးချောင်းပိတ်၍ မှုတ်ပါက "စီရုပ်" သံကို လွယ်ကူစွာ ရရှိပေသည်။

လက်ချောင်း သုံးချောင်းပိတ်၍ မှုတ်လျှင် "အီးဖလက်" ခေါ် "ဒီရုပ်" သံကို အခက်အခဲမရှိ ရနိုင်ပါသည်။

နှဲတံနှစ်ချောင်းနှင့်မမှုတ်ဘဲ နှဲတံတစ်ချောင်းတည်းဖြင့်သာ မှုတ်ပါက ၁၁ လက်မ တစ်မူး သို့မဟုတ် ၁၁ လက်မနှဲတံဖြင့် လေ့ကျင့်မှုများစွာ ယူပြီး မှုတ်ရပါသည်။

အထက် ဖော်ပြခဲ့သော ၁၂ သံထဲတွင် "ဘီဖလက်" တစ်မျိုးတည်းသာ စာရေးသူတို့နှဲတွင် မရှိခြင်းဖြစ်ပေသည်။ သို့သော် "ဘီဖလက်သံ"ကို သံထီးတံ၊ သပ္ပတ်တံတို့ဖြင့် မှုတ်လျှင်ရသည်။ ကျန်သော ၁၁ သံကို "သံထီးတံနှဲ" နှင့် "စီရုပ်တံနှဲ" များဖြင့်မှုတ်လျှင် လွယ်ကူပါသည်။ လွယ်ကူသည်ဆိုသော်လည်း လေ့ကျင့်မှုကတော့ များမှ ဖြစ်ပါသည်။ အထက်ပါ နည်းများမှာ ရှေးကတည်းက ရှိခဲ့သောနည်းများပင် ဖြစ်ပါသည်။ ယခုခေတ်ကျမှ ဖော်ထုတ်သုံးစွဲလာခြင်း ဖြစ်ပါသည်။

## နှဲလက်စွမ်းပြမှုတ်ခြင်း

နှဲသက်ပြန် မှုတ်ရာတွင် ပါးစောင်ထဲတွင် လေကိုသိုမှီးထားကာ နှဲသံမပြတ်အောင်မှုတ်ရပေသည်။ ထိုသို့ နှဲသံအဆက်မပြတ်ထွက်အောင် မှုတ်နေရသည့်ကြားထဲမှ ခေါ်သူကခေါ်လျှင် ထူးနိုင်ရပါသည်။ ထူးသည့်အခါ "အင့်အင်အင်း" ဟူ၍ အသံထွက်အောင်ထူးရပါသည်။ ဗလာဆိုင်းများတွင် နှဲဆရာနှင့် ဆိုင်းနောက်ထ အချိတ်အဆက်ပြုထားကြပြီး အခေါ်အထူးပြုကာ နှဲစွမ်းပြလေ့ရှိပါသည်။ ဆိုင်းနောက်ထက နှဲဆရာကို "ဆရာ နှဲသက်ပြန်မှုတ်နေချိန်မှာ ကျွန်တော်က ခေါ်မည်။ ဆရာက ပြန်ထူးနိုင်ပါ့မလား" ဟုမေးလျှင် နှဲဆရာက "မင်းက ဆရာ့ကိုပညာစမ်းတာလား၊ ဒီလောက်ကတော့ အလွယ်ကလေးထူးနိုင်ရင် မင်းက ဘာပေးမလဲ" ဟု လမ်းကြောင်းပေးလိုက်သည့်အခါ ဆိုင်းနောက်ထက "နှဲဆရာ ထူးနိုင်ရင် ကျွန်တော်က နှမပေးမယ်၊ ဆရာ မထူးနိုင်ရင် ဆရာ့နှမ ကျွန်တော့်ကိုပေးမလား" စသည်ဖြင့် ကျီစယ်နောက်ပြောင်ကြကာ နှဲဆရာက နှဲကို စတင်၍ သက်ပြန်မှုတ်ပါတော့သည်။ မှုတ်၍ အတန်ကြာလျှင် ဆိုင်းနောက်ထက နှဲဆရာကို ခေါ်လေသည်။ ထိုအခါ နှဲဆရာက နှဲသက်ပြန်မှုတ်နေလျက်ကပင် "အင့်... အင်... အင်း" ဟူ၍ ထူးလေသည်။ ဤနည်းမှာ နှဲမှုတ်အလွန်ကျွမ်းကျင်သည့် ဆရာများသာ ပြုနိုင်စွမ်းရှိသောနည်း ဖြစ်ပေသည်။ အမှတ်တမဲ့ ကြည့်ပါက ရယ်စရာမောစရာသာဖြစ်သည်ဟု ထင်ရသော်လည်း အလွန်ပညာပါသော နှဲစွမ်းပြခန်းပင် ဖြစ်ပါသည်။

နှဲလက်စွမ်းပြကြသည်ဆိုရာဝယ် နှဲဆရာကြီးများသည် မိမိတို့အားသန်သလို အစွမ်းပြလေ့ရှိကြပါသည်။ ဧည့်ခံပွဲများတွင် မင်္ဂလာဆိုင်းများဖြင့် ဖြေဖျော်တီးမှုတ်ကြသည့်အခါ ဆိုင်းဆရာများက တစ်ဦးတည်း ရေလည်စိမ် တီးကာ လက်စွမ်းပြလေ့ရှိကြသည်။ ထိုသို့ ဆိုင်းဆရာများက လက်စွမ်းပြပြီးလျှင် နှဲဆရာ ပညာစွမ်းပြနိုင်ရန် နှဲဆရာကို အလှည့်ပေးလေ့ရှိကြသည်။ ထိုအခါ နှဲဆရာက နှဲကလေးကိုမှုတ်၍သော်လည်းကောင်း၊ နှဲကြီးကို မှုတ်၍သော်လည်းကောင်း ဆိုင်းဝါသနာရှင်များနှင့် ဧည့်ပရိသတ်များကြိုက်အောင် အစွမ်းပြကြပါတော့သည်။ အစွမ်းပြရာတွင် နှဲကလေးနှင့် တစ်ကဏ္ဍ၊ နှဲကြီးနှင့် တစ်ကဏ္ဍ ကဏ္ဍပိုင်းခြား၍ မိမိတတ်ကျွမ်းသလောက် အစွမ်းကုန် ကြိုးစား၍ ပညာခန်းပြကြပေသည်။

အချို့သော နှဲဆရာကြီးများသည် ထိုမျှနှင့် မကျေနပ် မတင်းတိမ်နိုင်ဘဲ နှဲလေးခေါ် သံထီးတံနှဲ၏ အပေါ်ဆုံးရှိ နှဲခင်နှင့် နှဲသပ္ပတ်တံထည့်စွပ်တပ်ဆင်သော နှဲအပေါက်ဝကို ပတ်စာဖြင့်ပိတ်ထားလိုက်ပြီး ထိုသပ္ပတ်တံတွင် တပ်ဆင်ထား

သည့်နဲ့ခင်ကို သံထီးတံနဲရိုးအောက်ဘက်ရှိ သရပေါက်ဟုခေါ်သော လက်မဖြင့် ပိတ်ရသော အပေါက်တွင်တပ်ဆင်လိုက်ပြီး မိမိတို့သန်ရာ သန်ရာ သီချင်းများကို မှုတ်ပြတတ်ကြပါသည်။ ထိုသို့နေရာပြောင်းလဲတပ်ဆင်၍မှုတ်သောအသံထွက်နှင့် မူလပုံစံမှန်အတိုင်း တပ်ဆင်ထား၍ မှုတ်သောအသံထွက်နှစ်မျိုးကို နှိုင်းယှဉ်ကြည့်လျှင် မူလပုံစံမှန်အတိုင်း တပ်ဆင်ထားပြီး မှုတ်သောအသံထွက်က ပို၍ကောင်းလေသည်။ နေရာပြောင်းလဲ မှုတ်ခြင်းဖြင့် အသံထွက်မကောင်းမှန်းသိသော်လည်း ပရိသတ်အထင်ကြီးအောင်၊ အပြောင်းအလဲဖြစ်အောင် ပညာစွမ်းပြမှုတ်ခြင်းသာ ဖြစ်ပေသည်။

ထို့ပြင် နဲလေး၊ သံထီးတံကို ဘယ်လက်ဖြင့်ကိုင်၊ နဲကြီးကို ညာလက်ဖြင့်ကိုင်ကာ ပြိုင်တူမှုတ်ပြသည်လည်းရှိပေသည်။ ထိုသို့ နဲကြီးနှင့် နဲလေးသံထီးတံတို့ကို ပြိုင်တူမှုတ်ပြပုံမှာ နဲကြီးအပေါက်ဘက်ရှိ ဗျည်းပေါက်ခေါ် လက်ပေါက်ခုနစ်ပေါက်အနက် အပေါ်ဆုံး လက်ပေါက်သုံးပေါက်စလုံးကို ပတ်စာဖြင့် ပိတ်ထားလိုက်သည့်အပြင် နဲကြီး၏အောက်ဘက်ရှိ သရပေါက်ခေါ် လက်မပေါက်ကိုပါ ပတ်စာဖြင့် ပိတ်ထားလိုက်သေးသည်။ ပြီးမှ ထိုနဲကြီးနှင့် နဲလေးသံထီးတံတို့မိမိသန်သလိုကိုင်ကာ နဲကြီးနဲ့ခင်နှင့် နဲလေးနဲ့ခင် နှစ်ခုစလုံးကို ပါးစပ်ထဲထည့်၍ တစ်ချိန်တည်း မှုတ်ပြကြခြင်းဖြစ်ပေသည်။ နဲနှစ်လက်စလုံး ပြိုင်တူမှုတ်၍ရသကဲ့သို့ နဲကြီးတစ်ကျော့၊ နဲလေးတစ်ကျော့ တစ်ကျော့စီ အပေးအယူလုပ်၍ မှုတ်လျှင်လည်းရပါသည်။ သို့သော်ငြားနဲကြီးနှင့် နဲလေးသံထီးတံတို့၏ ငါးသံသာမှုတ်၍ ရနိုင်ပေသည်။ ထိုငါးသံသည် နဲကြီးလက်ပေါက် အပေါ်ဆုံးရှိ လက်ပေါက်သုံးပေါက်စလုံးကို ပတ်စာဖြင့်ပိတ်ထားသည့်အတွက် နဲကြီးလက်ပေါက် ပိတ်ထားသောအပေါက်နှင့် လွတ်၍နေသော အနီးဆုံး လက်ပေါက်တစ်ပေါက်ကို ပိတ်လိုက်လျှင် နဲလေး၏အပေါ်ဆုံး လက်ပေါက်တစ်ပေါက်ကိုပိတ်လိုက်သည့်နဲလေးသံထီးတံ၏ ငါးပေါက်သံနှင့် တူညီသည့်အသံကို ရရှိပြီး ထိုသံစဉ်အတိုင်း နဲကြီးနှင့် နဲလေးတို့ကို ပြိုင်တူညီညာစွာပိတ်လျှင် နဲကြီးနှင့်တူညီသော နဲလေးသံထီးတံကို ရရှိပေသည်။ လက်လေးချောင်းအကုန်ပိတ်လျှင် သံမှန်ခေါ် တစ်ပေါက်သံကို ရရှိပြီး လက်လေးချောင်းကို အကုန်ဖွင့် လေးပေါက်သံကိုပြန်လည်ရရှိပေသည်။ ထိုနဲ့တံများကို လက်တစ်ဘက်စီကိုင်၍ တစ်လှည့်စီမှုတ်လိုက်၊ တစ်ပြိုင်တည်းမှုတ်လိုက်နှင့် ပရိသတ်အံ့ဩ သဘောကျသွားအောင် မှုတ်ပြလေ့ရှိသည်။

ထိုသို့ မှုတ်ခြင်းမှာ မလွယ်ကူလှပါချေ။ အလေ့အကျင့်များစွာလိုပေသည်။ ဆိုင်းနောက်ထမှ "ကဲ...နဲဆရာရေ၊ နဲနှစ်စင်းနှင့် ပွဲမကျင်းအောင် အသုံးတော်ခံလိုက်ပါဦး ဆရာရေ" ဟုဆိုလျှင် နဲဆရာက သူ့လက်စွဲနဲကြီးနှင့် နဲလေးတို့ကို လက်တစ်ဖက်စီကိုင်ပြီး အလှည့်ကျမှုတ်၍သော်လည်းကောင်း၊ အပေးအယူလုပ်ကာ မှုတ်၍သော်လည်းကောင်း၊ ပြိုင်တူမှုတ်၍သော်လည်းကောင်း ရေလည်စိမ် မှုတ်ခြင်းဖြင့် နဲစွမ်းပြလေ့ရှိကြသည်။

အချို့သော နဲဆရာကြီးများကမူ အများနှင့် မတူ တစ်မူထူးခြားအောင် နဲလေးတွင် လက်တစ်ဖက်၊ မောင်းဆိုင်းတွင် လက်တစ်ဖက် အသုံးပြုကာ အပေးအယူလုပ်၍သော်လည်းကောင်း၊ ပြိုင်တူတီးမှုတ်၍သော်လည်းကောင်း အစွမ်းပြလေ့ရှိကြပေသည်။ ထိုသို့ နဲကြီးနှင့် နဲလေးသံထီးတံကို သက်ပြန်မှုတ်ကာ ရေလည်စိမ်လက်စွမ်းပြပြီးသည့်နောက် "နဲကော်" ဟုခေါ်သော နဲ့တီးလုံးဖြင့် နဲကြီးတစ်လှည့်၊ နဲလေးတစ်လှည့် အပေးအယူလုပ်၍ မှုတ်ပြီးအဆုံး၌ ယင်းအသံနှစ်သံကို အသံပြိုင်တူမှုတ်ကာ အဆုံးသတ်လေ့ရှိသည်။

## နှဲဆရာကြီး ဝိဇ္ဇာညွန့်ကို
## ဂုဏ်ပြုပူဇော်ထားသည့် တေးထပ်

နှဲပညာဝါသနာအရ၊ သင်ရှာကြံတပည့်မှာ
သံစဉ်အရလေမှန်လာလျှင်၊ ဇကန်ပင်ဖြစ်
လိမ့်မမှား၊
တစ်ပေါက်သရဖျည်းခုနစ်သံကို
နည်းမှန်စွာကျင့်ဖို့လိုကြောင်း
စည်းအစ ဝါးပညာ
နားဝင်ကာ မှတ်ယူထား
တတ်ချင်သူတပည့်အများ
မနေမနားကြိုးစားလို့သာ
ကျင့်စဉ်တွေတျာတေတျော
လျှာလေ အာနှော မှုတ်ရမှာ
လေယူရှစ်ပေါက် ဖျည်းသရခံ
နည်းကျဟန် တွဲယှက်ရော
ညက်ညောစွာနှဲသံ၊ ကောင်းရမည့်အမှန်
ဝိဇ္ဇာညွန့်နှဲဆရာမှာ ကပိဆရာမှတ်တမ်းတင်
ရလေး၊
ဝိဇ္ဇာညွန့်နှဲဆရာမှာ တပည့်တွေသင်ကြား
လာခဲ့လေး၊
ဝိဇ္ဇာညွန့်ထူးသည့်ဆရာကိုဦးခိုက်ကာရှိခိုး
ပါရဲ့လေး။

အထက်ပါတေးထပ်ကို ဝိဇ္ဇာညွန့်၏ တပည့်ရင်းဖြစ်သူ နှဲဆရာကြီး ဦးစိန်ညွန့်က ရေးစပ်သီကုံးခဲ့ပါသည်။

## အခန်း (၅)

# ဂီတဝိုင်းများတွင်ပါဝင်သော နှဲ၏ အခန်းကဏ္ဍ

နှဲကို ရှေးပဝေသဏီကစ၍ ယခုခေတ်တိုင် မြန်မာနိုင်ငံတွင် အစဉ်တစိုက် တွင်ကျယ်စွာ သုံးစွဲလာခဲ့ကြသဖြင့် မြန်မာ တိုင်းရင်းသား တူရိယာဟုဆိုနိုင်ပေသည်။ ထို့ပြင် မြန်မာ့မြေမှ ထွက်ရှိသောပစ္စည်းဖြင့် နှဲ၏အစိတ်အပိုင်းများ၊ အသုံးအဆောင်များကို ပြုလုပ်တပ်ဆင်သုံးစွဲခဲ့ ကြသဖြင့် ပို၍ပင် မြန်မာရနံ့မွှေးပျံ့နေပေသည်။

မြန်မာတို့၏ ဆိုင်းဝိုင်းတွင် "ဖိုသံ" နှင့် "မသံ" ဟူ၍ နှစ်မျိုးရှိပေသည်။ ဥပမာ ပတ်ဝိုင်း၊ မောင်း၊ ကြေးနောင် စသည်တို့မှာ "ဖိုသံ" များ ဖြစ်ကြသည်။ "ဖိုသံ" ဟုခေါ်သည့်သဘောမှာ သီချင်းကို ခေါင်းဆောင်၍သွားရသောကြောင့် ဟုဆိုသည်။ ယင်းတို့၏အသံထွက်မှာ တစ်လုံးစီ ဖြစ်သဖြင့် သံပြတ်ဖြစ်သည်။ နှဲ၊ ပလွေ၊ တယော စသည်တို့မှာ "မသံ" ဖြစ်သည်။ "မသံ" ဟူသည် မှာ အဖိုဖြစ်သူက ခေါင်းဆောင်ခေါ်သွားလျှင် အမကကန့်ကလျ လုပပြေပြေစ်စွာလိုက်ပါရသော ကြောင့်ဟုဆိုသည်။ "မသံ" များမှာ သံရှည်များ ဖြစ်သည်။ ထို့ပြင် အဖိုက ကန့်ကလျ တန်ဆာ ဆင်ရန်မလို၊ အမကသာ တန်ဆာဆင်ရသည်။ နှဲ၊ ပလွေ၊ တယောတို့မှာ တန်ဆာဆင်ရသော ကိရိယာများဖြစ်သည်ဟု ဂီတသုတေသန ပညာ ရှင် ဦးစိန်ဝင်းက ယဉ်ကျေးမှုစာစောင်ထဲတွင် တင်ပြထားခဲ့ပေသည်။

နှဲသည် ပတ်ဝိုင်းကြီးနှင့် တွဲဖက်ရသော ရှေးခေတ်ကလည်း အထူး အရေးပါခဲ့သည်။ စန္ဒရားနှင့် တွဲဖက်တီးရသောခေတ်တွင်လည်း အရေးပါဆဲပင်ဖြစ်သည်။

မြန်မာတွင် တူရိယာငါးမျိုးရှိပေသည်။ ယင်း တို့မှာ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်တို့ ဖြစ်သည်။ သို့သော် အကြမ်းအားဖြင့် အုပ်စုနှစ်စု ခွဲနိုင်ပါသည်။ ထိုနှစ်စုမှာ အတီးတူရိယာအုပ်စု နှင့် အမှုတ်တူရိယာအုပ်စုတို့ ဟူ၍ဖြစ်ပေသည်။

အတီးတူရိယာဆိုသည်မှာ လက်ဖြင့်ဖြစ်စေ၊ လက်ခတ်တူရိယာဖြင့်ဖြစ်စေ ရိုက်ခတ်ပုတ်တီး ရသော တူရိယာမျိုးဖြစ်သည်။ အမှုတ်တူရိယာ ဆိုသည်မှာ ပါးစပ်၌တပ်၍ လေဖြင့်မှုတ်ရသော တူရိယာမျိုးဖြစ်သည်။ ထို့ကြောင့် တူရိယာပညာ ကို အတီးအမှုတ်ပညာဟူ၍ ခေါ်ဆိုကြခြင်းဖြစ် ပေသည်။

တစ်ဖန် တူရိယာများ၏ သံစုံတူရိယာနှင့် သံမစုံ "တုံး" ဟုခေါ်သည့် ဖြည့်စွက်တီးမှုတ်ရ သောတူရိယာဟူ၍ နှစ်မျိုးခွဲနိုင်ပေသေးသည်။

သံစုံတူရိယာ ဆိုသည်မှာ သီဆိုသောတေး သီချင်း၊ တေးသွားအလိုက်အတိုင်း တီးနိုင်သည့် တူရိယာမျိုး ဖြစ်သည်။ ပုံစံအားဖြင့် စောင်း၊ ပတ်ဝိုင်း၊ ကြေးဝိုင်း၊ မောင်းဆိုင်း၊ ပတ္တလား စသည်တို့သည် သံစုံအတီးတူရိယာများ ဖြစ်ကြ သည်။ နှဲ၊ ပလွေ စသည်တို့သည် သံစုံ အမှုတ် တူရိယာများဖြစ်ကြသည်။

သံမစုံ "တုံး" တူရိယာဆိုသည်မှာ သီဆိုသော တေးသီချင်းအလိုက်အတိုင်းဖြစ်အောင် မတီး မမှုတ်နိုင်သော တူရိယာမျိုးကိုဆိုလိုသည်။ ပုံစံ အားဖြင့် စည်တို၊ စည်တော်၊ ပတ်မ၊ လင်းကွင်း၊ မောင်း စသည်တို့သည် သံမစုံ "တုံး" အတီး တူရိယာမျိုးဖြစ်၍ ခရာ၊ တံပိုး၊ ခရုသင်း စသည် တို့သည် သံမစုံ "တုံး" အမှုတ်တူရိယာများအတိုင်း ဖြစ်ကြသည်။ "တုံး" တူရိယာတို့သည် တေးသီချင်း အလိုက်အတိုင်းဖြစ်အောင် တီးမှုတ်နိုင်စွမ်း မရှိ သော်လည်း ယင်းသံမစုံတူရိယာများကို ဖြည့်စွက် ၍ တီးမှုတ်လိုက်သောအခါ "သာယာလေးနက်၊

ဂုဏ်ဆယ်ချက်၊ ဘာဝငါးမျိုး၊ ရသကိုးဖြင့်” ဟု ဆိုသကဲ့သို့ အလိုရှိသော အရသာ၊ သဘာဝ၊ ဂုဏ်တို့နှင့် ပြည့်စုံလာလေတော့သည်။

အတီးတူရိယာများ၏ အသံတို့မှာ လှေကားထစ်များကဲ့သို့ အနိမ့်အမြင့်ဖြစ်ကာ အသံပြတ်၊ အသံတိုများ ဖြစ်ကြ၏။ နှဲနှင့် ပလွေတို့သည် ပတ်တစ်လုံး၊ နှဲတစ်ပေါက်ဟူ၍ တွင်ကျန်ရစ်အောင် အသံပြတ် မှုတ်နိုင်သည့်အပြင် နိမ့်၍ဖြစ်စေ၊ မြင့်၍ဖြစ်စေ အသံမစဲဘဲ လင်းမြွေကြီးကဲ့သို့ ရှည်လျားစွာလည်းမှုတ်နိုင်ပေသည်။ ထိုသို့မှုတ်ရာတွင် ကြားသံများပါသွားပြီး အသံတစ်ခုမှ အခြား အသံတစ်ခုသို့ ကူးဆက်သွားအောင် တရွေ့ရွေ့မှုတ်နိုင်စွမ်းရှိ၏။ အသံတစ်ခုမှ အခြား အသံတစ်ခုသို့ ပြောင်းလဲ ကူးဆက်သွားပုံမှာ အလွန်ညင်သာလှပေသည်။ ပုံစံအားဖြင့် တယောထိုးသောအခါ တယောကြိုးပေါ်မှ နှိပ်သော လက်ချောင်းကလေးသည် တရွေ့ရွေ့ပွတ်ကာ၊ ရွေ့လျားကာ တစ်သံမှ အခြားတစ်သံသို့ ရောက်အောင် အထစ်အငေါ့မရှိ ချောမောပြေပြစ်စွာ အသံကို ပို့နိုင်သကဲ့သို့ နှဲသည်လည်း ထိုနည်းတူ မှုတ်နိုင်စွမ်းရှိပေသည်။ ထို့ကြောင့် “နှဲချောလျှင် တယော” ဟု ဆိုစမှတ်ပြုကြခြင်းဖြစ်၏။ သံစုံတူရိယာတို့တွင် နှဲ၊ ပလွေတို့သည် အသံအမြည်ဆုံး ဆုံးဖြတ်ကြသည်။

နှဲ၊ ပလွေတို့၏ ပညာသည် လွန်စွာကျယ်ဝန်းလှသည်။ နှဲကြီး၊ နှဲကလေး၊ ပလွေကြီး၊ ပလွေလေးတို့မှာ တစ်သဘောတည်းဟုဆိုနိုင်ပေသည်။ ရိုးရိုးမှုတ်၍ ရရှိသောအသံများအပြင် ညှစ်၍မှုတ်သော်အထက်အသံခုနစ်မျိုးကို ထပ်မံ၍ရရှိနိုင်ပေသေးသည်။ မှုတ်သောအသံ၏ အပြင်း၊ အပျော့ကိုလိုက်၍ လည်းကောင်း၊ လက်ပေါက်နှင့် သရပေါက်တို့ကို အဖွင့်အပိတ် ပြောင်းလဲပြုပြင်ခြင်းဖြင့်လည်းကောင်း လိုရာအသံကိုဖြစ်စေနိုင်သော အသံရှည်တူရိယာမျိုးဖြစ်သည့်အလျောက် အတီးတူရိယာများ၏ တီးကွက်များကို ပိုမိုသာယာအောင် အမှုတ်တူရိယာများက စွမ်းဆောင် ဖန်တီးပေးနိုင်စွမ်းရှိကြလေသည်။

အဆိုပညာရှင်များသည် စိကုံးရေးသားပေးထားသည့်သီချင်း၏အရသာ ပေါ်လွင်စေအောင် စာကို ပီသစွာသီဆိုရသည့်အပြင် အတီးတူရိယာ၏ တီးကွက်နှင့် အဝင်အထွက်ညီညီ စည်းဝါးကိုက်စွာ သီဆိုရပေသည်။ ထိုသို့သီဆိုရာတွင် သံတိုသံရှည်၊ သံနိမ့်သံမြင့်များ၌ နှဲ၊ ပလွေတို့က အထက်သံ၊ ကြုသံ၊ အောက်မြေကျဟဲသံ၊ ဝဲသံ၊ အတွဲ၊ အနွဲ့၊ အမဲ့၊ အလှည့်၊ အလုံး၊ အလိမ့်စသည့်အသံတို့ဖြင့် ဝေဆာအောင် ဖန်တီးကာ အဆိုပညာရှင်ကို ပံ့ပိုးပေးရပေသည်။ ထိုအခါတွင် ဂီတ၏ အရသာမှာ ပိုမိုလေးနက်လာလေတော့သည်။

မြန်မာဆိုင်း၌ နှဲက အရာရာတွင် မချန်မလှပ်ပါဝင်ရ၍ အခါများစွာဦးဆောင်သွားသည်ကို တွေ့နိုင်ပေသည်။ တူရိယာတေးဂီတဝိုင်းများတွင် သံစုံအပြည့်အဝပါမှ နားထောင်၍မငြီးဘဲ ဘဝင်ကပ်ငြိအောင် ဆွဲဆောင်နိုင်ပေသည်။

နှဲသည် အမိလိုက်ခြင်း၊ အကြိုး၊ အလိုက်အားဖြင့်ကစား၍ မှုတ်နိုင်ခြင်း၊ ပတ်သံကဲ့သို့ နှဲထပ်၊ ပတ်ထပ်လိုက်၍ တစ်သံချင်း အပီမှုတ်နိုင်ခြင်း၊ တစ်သံမှတစ်သံသို့ တစ်ဆက်တည်းဝဲပျံကူးသန်း၍ လေကြောတစ်ဆက်တစ်စပ်တည်းဖြစ်သွားစေနိုင်သည့် သက်ပြန်မှုတ်နိုင်ခြင်း၊ တွတ်တီးတွတ်တာဖြင့် အသံဆို အထေ့အငေါ့များကိုပါ လျှာကစား၍ မှုတ်နိုင်ခြင်း၊ လေသံအမျိုးမျိုးပြောင်း၍ အသံအတိုးအကျယ် ကြုသံများကို မှုတ်နိုင်ခြင်း စသည့် ပင်ကိုထူးခြားသော အရည်အချင်းများ ရှိခြင်းကြောင့် ဂီတဝိုင်းများတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုလေ့ရှိကြသည်။ သံစုံတူရိယာများထဲတွင် မပါမပြီးသော တူရိယာဖြစ်ပေသည်။ လက်ရင်းဘယ်သံ ပတ်လုံးနှင့် ပတ်မ၊ စခွန့် စသည့်အသံများကိုပင် လွှမ်းထက်နိုင်သော အသံမျိုးလည်းရှိလေသည်။

နဲပညာရှင်သည် မူလ တေးသွားကိုရပြီး စည်းဝါးမလွတ် ကွက်ပျောက်မှုတ်ခြင်း၊ အသံများများဖြင့် အနုစိတ်မှုတ်ခြင်း၊ အသံကျော်လွှား၍ တွဲတွဲနွဲနွဲ ကူးသွားခြင်း စသည်ဖြင့် ဝါရင့်လျှင် ရင့်သလောက်၊ ကျွမ်းကျင်လျှင် ကျွမ်းကျင်သလောက် ပညာစွမ်းပြ မှုတ်နိုင်ပေသည်။ နဲကြီးကို သာယာ ကြည်နူးဖွယ်ကောင်းသည့် လယ်ထွန်မင်္ဂလာ၊ ဗုံကြီးသံ၊ ဗြောသံ၊ လေှတော်သံ၊ ရေကင်းသံ၊ စည်တော်သံ၊ ဗုံရှည်သံ စသော တည်ငြိမ်လေးနက် ခံ့ညားသည့် မင်းခမ်းမင်းနား၊ ဘာသာရေး ပွဲလမ်းသဘင်များတွင် စွဲစွဲမြဲမြဲ မှုတ်လေ့ရှိကြသည်။ ထို့ပြင် ဒုမင်္ဂလာ အခမ်းအနားများတွင်လည်း လွမ်းဆွတ် ကြေကွဲဖွယ်ဖြစ်သော ဗျိုင်းတောင်၊ ငိုချင်းရှည် စသည်တို့ကိုလည်း အဆိုအတီးများနှင့် တွဲဖက်၍ မှုတ်လေ့ရှိကြသည်။ နဲကြီးအစား ဝါးပလွေကြီးကိုလည်း မှုတ်လေ့ရှိကြသည်။ ရှေးအခါက "ဗုံစာ" ဟု ခေါ်သည့် နတ်ပူဇော်သွားသည့်အခါတွင်လည်း ပတ်လုံးတစ်လုံး၊ စည်တိုနှစ်လုံး၊ သုံးလုံးတို့နှင့် တွဲ၍ နဲကြီးကို မှုတ်လေ့ရှိကြသည်။

နဲကလေးကို အိုးစည်၊ ဒိုးပတ်၊ အမြူးအကြွတေးများနှင့် အခြားသာမန်အတီးအမှုတ်တို့တွင် အသုံးပြုကြသည်။

ဆိုင်းဝိုင်းတစ်ဝိုင်းတွင် ပင်တိုင်မှုတ်ရသော ခေါင်းဆောင်နဲဆရာအပြင် အကူမှုတ်ရသော လက်ထောက်နဲဆရာတစ်ယောက်ပါ ပါရှိတတ်သည်။ နဲသည်တီးကွက်တိုင်းလိုလိုတွင် အရေးပါသော တူရိယာဖြစ်သဖြင့် ညလုံးပေါက် ကပြရသောပွဲများတွင် လက်ထောက် နဲဆရာကိုပါ ထားရှိရခြင်းဖြစ်သည်။ ထို့အတူ နဲ တစ်နည်း လက်ထောက်နဲကို "တွယ်နဲ" ဟု ခေါ်သည်။ များသောအားဖြင့် တွယ်နဲဆရာသည် ပညာယူဆဲ နဲပညာရှင်များဖြစ်လေ့ရှိသော်လည်း ဆိုင်းဝိုင်းကြီးများတွင်မူ မြိုင်မြိုင်ဆိုင်ဆိုင် ဝေဝေဆာဆာ ရှိစေအောင် နဲနှစ်လက်မှ သုံးလက်အထိ တစ်ပြိုင်တည်း ပါဝင်တီးမှုတ်စေရန် အရည်အချင်းပြည့် တတ်မြောက်သည့် နဲဆရာများကိုလည်း ထားရှိတတ်ကြသည်။

အခန်း (၆)

# နဲ့နှင့် နဲ့ကိုအခြေခံ၍ ပြုလုပ်ထားသော လေမှုတ်တူရိယာများ နှိုင်းယှဉ်ချက်

ဥရောပတိုက်တွင် နဲ့ကိုအခြေခံ၍ လက်ချောင်းများဖြင့်နှိပ်၍ ပိတ်နိုင်၊ ဖွင့်နိုင်သော အရှည်ပမာဏထက် ပိုလွန်အောင် ပြွန်ခေါင်းကို ရှည်စေပြီး လက်ပေါက်ကို ခလုတ်မောင်းဖြင့် လှမ်း၍ အဖွင့်အပိတ်ပြုလုပ်ပေးနိုင်သည့် "အိုးဗို"၊ "ကလဲရီနက်" စသော သစ်သားအဝပြဖြင့်ပြွန်တူရိယာမျိုးကိုလည်းကောင်း၊ ပြွန်ခေါင်းကို အနည်းငယ် ရစ်ခွေစေပြီး ခလုတ်မောင်းတံဖြင့် လှမ်း၍ အဖွင့်အပိတ် ပြုလုပ်နိုင်သည့် "ဆက်ဆိုဖုန်း" ဟုခေါ်သည့် ကြေးတူရိယာမျိုးကိုလည်းကောင်း၊ ခလုတ်သုံးခုဖြင့် အနိမ့်အမြင့် သုံးမျိုးခွဲ၍ နှိပ်စေပြီး ပြွန်ကောက်နှင့် အခင်မဲ့ လည်ကျဉ်းတူရိယာဖြစ်သော "ကောနက်"၊ "ခြင်သစ်ဟွန်း" စသော အခြား တူရိယာမျိုးကိုလည်းကောင်း၊ အခေါင်းပြွန်ကို တိုစေ ရှည်စေရန် ဆွဲသန့်ခြင်းဖြင့် လိုရာအသံကို ထွက်စေသော "စလိုက်ထရမ်းဘုန်း" ကြေးတူရိယာမျိုးကိုလည်းကောင်း၊ ဘယ်သံ လိုဏ်သံများ ရရှိအောင် အဝကျယ်ဟွန်းများ တပ်ဆင်ထားသော ပြွန်ကောက်ကြေးတူရိယာမျိုးကိုလည်းကောင်း အနည်းနည်းဖြင့် တပ်ဆင်တီထွင် သုံးစွဲလာကြပေသည်။

မြန်မာ့နဲ၊ ပလွေ စသည့် အမှုတ်တူရိယာတို့ကိုမူ ပကတိ လက်ချောင်းတစ်ထားနှိပ်၍ ဖွင့်နိုင်၊ ပိတ်နိုင်သော မူလ တူရိယာ ပုံစံအတိုင်းပင် ထိန်းသိမ်းထားရှိခဲ့သည်။

တီထွင်ရလွယ်သော လေမှုတ်တူရိယာမျိုးဖြစ်သဖြင့် ရှေးပဝေသဏီအခါကတည်းကပင် ပေါ်များစွာ ရှိခဲ့ပေသည်။ လူမျိုးကိုလိုက်၍ ပုံစံနှင့် သံစဉ် ကွဲပြားသော်လည်း အခြေခံသဘောမှာ အတူတူဖြစ်လေသည်။

မြန်မာ့နဲ၊ တရုတ်နဲနှင့် အိန္ဒိယတောင်ပိုင်းမှ နဲ့တို့သည် သံစဉ်နှင့် နဲ့တံ အတိုအရှည်၊ ပြွန်ခေါင်း အကျယ်အဝန်း ကွဲပြားခြားနားသော်လည်း နဲ့ပညာ၏ အဓိကလိုအပ်ချက်ဖြစ်သော အား၊ လျှာ ကစားခြင်းနှင့် လက်၏လှုပ်ရှားမှု ကျွမ်းကျင်ခြင်းတို့ကို ပေါင်းစပ်အသုံးပြုကြရသည့် ချည်းသာဖြစ်သည်။

တိဘက် လားမား ဘုန်းတော်ကြီးများ ဘာသာရေးဆိုင်ရာ အခမ်းအနားများတွင်မှုတ်သည့် တပိုးတစ်မျိုးမှာ တစ်လံကျော် ရှည်သော နဲ့မျိုးပင် ဖြစ်ပေသည်။

ဥရောပ သစ်သားလေမှုတ်တူရိယာနှင့် ကြေးလေမှုတ်တူရိယာများမှာ တစ်ခြမ်းသံ၊ တစ်စိတ်သံများပါသော ၁၂ သံစနစ်ကို အခြေပြု၍ တီထွင်ထားကြသည်။ မြန်မာနဲသည် ခုနစ်သံ သံစဉ်ကို အခြေပြု၍ တီထွင်ထားသော်လည်း တစ်နည်းအားဖြင့် ပြောရလျှင် ခုနစ်သံသံစဉ်အတွင်း၌သာ ရှိသော်လည်း အား၊ လျှာ၊ လက်တို့၏ ကျွမ်းကျင်သွက်လက်စွာ လှုပ်ရှားကစားနိုင်မှုဖြင့် လိုရာကြားသံများ၊ တစ်ဝက်သံ၊ တစ်စိတ်သံ စသည့် အသံ အားလုံးကို မှုတ်နိုင်သော တူရိယာ ဖြစ်သည်။

နဲ့နှင့် အလားသဏ္ဌာန်တူ၍ အခြေခံစနစ်တူသော တူရိယာများသည် ပြွန်ခေါင်းအလျား ရှည်လေလေ အသံ အကြီးအသေးပြောင်း၍ များများရလေလေ ဖြစ်ပေသည်။

အခန်း (၇)

# ထင်ရှားကျော်ကြားခဲ့သော မြန်မာနဲ့ပညာရှင်ကြီးများ

အင်္ဂလိပ်ခေတ်မှစ၍ မြန်မာပြည် တစ်နံ့တစ်လျား၌ ထင်ရှားကျော်ကြားခဲ့သော နဲ့ဆရာကြီးများမှာ ဦးဧယျာ၊ ဦးဒီလုံးနှင့် ဦးသာကျင်တို့ ဖြစ်ကြသည်။ ထို့နောက်ပိုင်းတွင် ဦးသာကျော်ခေါ် ဦးသံကျောက်၊ ဦးထိအောင်၊ ဧယျာညွှန့်ခေါ် ဝိဇ္ဇာညွှန့်၊ မြန်မာညွှန့် ဦးချစ်မောင်၊ ပန်းတနော် ဦးချစ်ဖေ စသူတို့မှာ ထင်ရှားကြပေသည်။ ယခုခေတ်ပိုင်းတွင် ဦးမြမောင်၊ ဦးစိန်ဗလ၊ ဦးကျော်စိန်တို့မှာ နာမည်ရ နဲ့ဆရာကြီးများ ဖြစ်ခဲ့သည်။

## ဦးဧယျာ

ဦးဧယျာသည် စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးရွာမှဖြစ်၏။ နဲ့ဆရာကြီးအဖြစ် မြန်မာပြည်တွင် ပထမဦးဆုံး နာမည်ကျော်ကြား ထင်ရှားခဲ့သူဖြစ်လေသည်။

ဦးဧယျာသည်အလင်္ကာကျော်စွာ ဦးဘမောင်၏ ဆရာဖြစ်သည်။ ဦးဧယျာနှင့် ဦးဒီလုံးတို့သည် ပညာအရာ၌ တစ်မျိုးစီ ထူးချွန်ကြသည်။ ကောင်းကြသည်။ နဲ့ကလေး သုံးပေါက်ပိတ်သံမှန်ခေတ်မှ လေးပေါက်ပိတ် သံမှန်ခေတ်ကို တီထွင်ပြောင်းလဲခဲ့ကြသည့် နဲ့ပညာရှင်ကြီးများ ဖြစ်ကြသည်။

ဦးဧယျာ၏နဲ့သံမှာ အလွန်နူးညံ့ သိမ်မွေ့သော်လည်း ရိုးစင်းလွန်းသည်ဟု အချို့သော ပညာရှင်များက မှတ်ချက်ချ၏။ သို့သော် နိမ့်သောအသံမှ အထက်သို့တွန်း၍တက်သွားသောအသံ၊ မြင့်သောအသံမှ အောက်သို့ပြို၍ ဝဲဆင်းလာသော အသံတို့မှာ သာယာပြေပြစ်လှသည်ဟု ဆိုင်းဆရာကြီးတို့က ချီးကျူးခြင်းကို ခံရသူဖြစ်သည်။

## ဦးဒီလုံး

ဦးဒီလုံးသည် မြန်အောင်မြို့ နဲ့ဆရာကြီး ဦးစိုးမင်း၏ တပည့် ဖြစ်သည်။ နဲ့ဆရာကြီး ဦးဧယျာတို့နှင့် ပညာရည် တစ်တန်းတစ်စားတည်းဟု သတ်မှတ်ခြင်းခံရသည်။ သို့သော် ဦးဧယျာ၏နဲ့သံက ရိုးစင်းသည်၊ ဦးဒီလုံး၏နဲ့သံက အမှု အခရာ အနွဲ့အတာပိုသည်၊ လှျာကစားကောင်းသည်ဟု ကျော်ကြားခဲ့သည်။

## ဦးသာကျင်

ဦးသာကျင်သည် ဦးဧယျာ၏ အဆက်အနွယ်ဖြစ်သည်။ ဧယျာကျင်ဟု ကျော်ကြားသည့်အတိုင်း စစ်ကိုင်းမြို့ လင်းဇင်းအရပ်သားဖြစ်သည်။ ရှစ်နှစ်သားလောက်ကတည်းက လင်းဇင်းရပ်နေ နဲ့ဆရာ ဦးဒေါင်းမီးနှင့် ဦးရွှေရိတို့ထံတွင် တပည့်ခံ၍နဲ့ပညာ သင်ကြားခဲ့သည်။ ထို့နောက် စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးရွာမှ ဦးဧယျာနှင့် ဒေါ်အုန်းတို့ထံတွင် ငါးနှစ်တိုင်တိုင် အလုပ်အကျွေးပြုလျက် နဲ့ပညာများကို ထပ်မံသင်ကြားခဲ့ပြန်သည်။ အသက် ၁၃ နှစ် အရွယ်တွင် ဆရာကြီးများ၏ ခွင့်ပြုချက်အရ ဆိုင်းတော်ဆရာပွားနှင့် တွဲဖက်၍ အမေပု၏ ရုပ်သေးစင်တော်တွင် တစ်နှစ်တိတိ အလုပ်လုပ်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၆၅ ခုနှစ်တွင် ဦးဘခိုင်၏ဆိုင်းနှင့် နှစ်နှစ်တိတိတွဲကာ ဇာတ်ဆရာကြီး ဦးအောင်ဗလ ဦးစီးသောဇာတ်တွင် အလုပ်လုပ်ခဲ့ပြန်သည်။ တစ်ဖန် မန္တလေးမြို့သို့တက်၍ ရွှာစားကြီး ဆရာစိန်ဗေဒါ၏ ဗလာဆိုင်းတွင် ခြောက်နှစ်တိုင်တိုင် တွဲဖက် တီးမှုတ်ခဲ့သည်။ ထိုကာလအတွင်း သက္ကရာဇ် ၁၂၇၂ ခုနှစ် ဝါခေါင်

လတွင် အိန္ဒိယပြည် ရတနာဂီရိမြို့စံ သီပေါမင်းတရားကြီး၏ အလှူတော်မင်္ဂလာပွဲသို့ ရှာစားကြီး စိန်ဗေဒါအဖွဲ့နှင့် သွားရောက်ဖျော်ဖြေ အသုံးတော်ခံခဲ့၏။ သီပေါမင်းတရားကြီး အထူးနှစ်သက်အားရတော်မူသဖြင့် "နေမျိုးပညာ ဟာသကျော်ခေါင်" ဘွဲ့ အပ်နှင်းချီးမြှင့်ခြင်းခံခဲ့ရသည်။

ဦးသာကျင်သည် နဲပညာရှင်များအနက် နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ ပထမဦးဆုံး သွားရောက်ဖျော်ဖြေခဲ့သူဖြစ်သည်။ ဦးသာကျင်သည် နဲကလေး သုံးပေါက်ပိတ် သံမှန်နှင့် လေးပေါက်ပိတ်သံမှန်ခေတ် နှစ်ခေတ်စလုံးကို မီခဲ့သည့် နဲပညာရှင်ဖြစ်သည်။

ဦးသာကျင်၏ နဲ့နွဲ့ပုံ၊ ရစ်ပုံ၊ လိုက်ပုံ၊ မှုပုံ၊ တာပုံ၊ ခရာပုံများမှာ အလွန်ကောင်းသည်ဟု သတ်မှတ်ကြ၏။ ဆိုင်းပညာရှင်ကြီး ဦးဘမောင်၏ အဖွဲ့တွင် တစ်ခါတစ်ရံ နဲသုံးလက်တွဲ၍ တစ်သံတည်းဖြစ်အောင် မှုတ်ပြတတ်ကြသည်။ ထိုနဲပညာရှင်များမှာ ဦးသာကျင်၊ ဆရာညွန့်နှင့် ကံပဲ့ ဆရာတင်တို့ ဖြစ်ကြသည်။

## ဇေယျာညွန့်ခေါ် ဝိဇ္ဇာညွန့်

ဇေယျာညွန့်သည် ဟံသာဝတီခရိုင် မော်ဖုန်းကျောက်တန်းအပိုင် အဒွတ္တော ကျေးရွာကြီး၌ မြန်မာသက္ကရာဇ် ၁၂၆၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ ငယ်မည်မှာ မောင်သာညွန့်ဖြစ်သည်။ ခုနစ်နှစ်သားအရွယ် ဘုန်းတော်ကြီးကျောင်း၌ ပညာသင်ကြားခဲ့စဉ်က ပင် ပလွေမှုတ်ခြင်းကို စွဲမြဲမက်မောစွာ လေ့လာသင်ကြားခဲ့သည်။ အသက် ၁၀ နှစ်အရွယ်တွင် ကျွမ်းကျင်စွာ မှုတ်တတ်နေလေပြီ။ ရပ်ရွာအိုးစည်ဒိုးပတ်ဝိုင်းများတွင် ထင်ရှားသော ပလွေသမားကလေး ဖြစ်နေလေပြီ။

ဇေယျာညွန့် အသက် ၁၂ နှစ်အရွယ်သို့ ရောက်သည့်အချိန်သည် နာမည်ကြီးဆိုင်းအဖွဲ့များစွာ ခေတ်စားနေသော အခါသမယဖြစ်သည်။ ဆရာစိမ့်၊ စိန်ဗေဒါ၊ ဆရာနွဲ့၊ ဦးဘခင် စသူတို့ ခေါင်းဆောင်သော ပတ်ဝိုင်းများခေတ်တွင် မောင်သာညွန့်ကလေးသည် ဆင်ကန်ရွာရှိနဲဆရာကြီး ဦးထွန်းဦးထံ၌ နဲပညာကို စတင်လေ့လာသင်ကြားသည်။ လေးနှစ်ကျော်ကျော် သင်ယူခဲ့ပြီးနောက် ရန်ကုန်မြို့သို့ တက်လာခဲ့၏။ ရန်ကုန်မြို့ ကြည့်မြင်တိုင်အရပ်တွင် နေထိုင်သည့် ဆိုင်းဆရာကြီး ဦးမိုးညွှန်းထံတွင် နဲပညာကို ဆက်လက်သင်ကြားရင်း မဇ္ဈိမရသဒ္ဒဘွဲ့ရ ရုပ်သေးမင်းသမီး ဦးဖူးညို၏ စင်တော်ကြီးအဖွဲ့သားအဖြစ် ရောက်ခဲ့၏။ မောင်သာညွန့် ဟူသော နာမည်ရင်းကို မောင်ညွန့်ဟုပြောင်းခဲ့ရာမှ "နဲဆရာ ဇေယျာညွန့်" ဟု အမည်ရကာ ကျော်ကြားစ ပြုလာသည်။

တစ်ဖန် မင်းသားကျော်မြသန်းဇာတ်တွင် သုံးနှစ် လုပ်ကိုင်ခဲ့သည်။ ထို့နောက် အသက် ၂၄ နှစ် အရွယ်တွင် ဟင်္သာတမြို့မှ ဆိုင်းဆရာကြီး ဦးလှဖေနှင့် တွဲဖက်တီးမှုတ်ခဲ့၏။ ရှာစားကြီး ဦးလှဖေသည် ဆိုင်းဆရာကြီး ဆရာဖေနှင့် ဆိုင်းဆရာကြီး ဦးကျော်ဇံတို့၏ တပည့်ရင်းဖြစ်ပေသည်။ ဇေယျာညွန့်သည် သီချင်းကြီး၊ သီချင်းခံ၊ ပတ်ပျိုး၊ ကြိုး၊ ယိုးဒယားဘွဲ့ စသည့် မြန်မာ့ဂီတ အမွေအနှစ် အရင်းခံဇာစ်မြစ်ဖြစ်သည့် တန်ဖိုးကြီးသီချင်းများကို ရှာစားကြီး ဦးလှဖေထံမှ စနစ်တကျ သင်ယူတတ်မြောက်ခဲ့ပေသည်။

ဇေယျာညွန့် အသက် ၃၀ ခန့်တွင် ရန်ကုန်မြို့သို့ ပြန်လည် စုန်ဆင်းလာခဲ့၍ ဆိုင်းဆရာ ဆရာညို၏အဖွဲ့တွင် ဆယ်နှစ်မျှ တွဲဖက်လုပ်ကိုင်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၈၆ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ဝင်ဘလီပြပွဲကြီးသို့ သွားရောက်ခဲ့ရသည်။

ဇေယျာညွန့်သည် ဆိုင်း နာမည်ကျော် ဦးဟန်ပအဖွဲ့တွင် သုံးနှစ်ခန့် လုပ်ကိုင်ခဲ့ဖူးသေး၏။ ဂျပန်ခေတ်တွင် ဦးဖိုးစိန် ဇာတ်အဖွဲ့၌ ရှာစားကြီး ဦးဘမောင်နှင့်အတူ လုပ်ကိုင်ခဲ့၏။ ဘုရား ဒါယကာ ဇာတ်မင်းသားကြီး ဦးဖိုးစိန်က

"ဝိဇ္ဇာညွန့်" ဟု အမည်ပြောင်းလဲပေးခဲ့သည်။ "ဝိဇ္ဇာညွန့်" ဟု ပေးခြင်းမှာ နဲမှုတ်ရာတွင် တစ်ဖက်ကမ်းခတ်မျှ ကျွမ်းကျင်၍ နဲဝိဇ္ဇာဟု သတ်မှတ်ပြီး ပေးခြင်းဖြစ်သည်။

ဝိဇ္ဇာညွန့်သည် နဲသံကို ပတ်လုံးကလေးများ တီးလိုက်ဘိသကဲ့သို့ တစ်သံစီ တိကျပြတ်သားစွာ ထွက်ပေါ်လာအောင် မှုတ်နိုင်စွမ်းရှိသည်။

## ဦးသာကျင်ခေါ် ဦးသာကျောက်

အနုပညာရှင်တို့တွင် ထူးချွန်သော ပညာရှင် တစ်ယောက်ဖြစ်လျှင် တစ်မျိုးစီ ရှိကြသည်။ ဦးသာကျောက်သည် ဧည့်ခံ ဆိုင်းများတွင် "နဲသက်ပြန်" ဟုခေါ်သော နဲသံမစဲဘဲ နာရီဝက် ကျော်မျှ ရှည်လျားစွာမှုတ်ကာ နဲစွမ်းပြလေ့ရှိ သည်။ သူ နဲသက်ပြန်မှုတ်နေစဉ် ဧည့်ပရိသတ် များ ထိုင်နေရာမှ ထ၍ထ၍ကြည့်ရသည့်အဖြစ် ရောက်အောင် နဲစွမ်းပြ မှုတ်နိုင်သူဖြစ်သည်။

ဦးသာကျောက်သည် အင်ပူမြို့သားဖြစ်သည်။ ဟသာတမြို့နယ် ဆိုင်းဆရာကြီး ဦးသောကြာ၏ ညီ ဖြစ်သည်။ ဦးသာကျောက်သည် ခရစ် သက္ကရာဇ် ၁၉၁၀ ခုနှစ်ခန့်က ဆိုင်းဆရာကြီး ဆရာစိမ်းနှင့် တွဲဖက်လုပ်ကိုင်ခဲ့သည်။

"မောက်တသိန် တောက်ထိန်လျှပ်ပါလို၊ ကျောက်စိန်နဝရတ်တွေနှင့် ရွှေဆိုင်းတော်" ဟူ သော ကတ္တိပါတေးသွားကို ဆရာစိမ့်က ပတ်လုံး ကလေးများဖြင့် အမျိုးမျိုး လက်စွမ်းပြတီးပြီး ဦးသာကျင်၏အလှည့်ကို ပေးလိုက်သောအခါ ဦးသာကျင်က နဲမှုတ်နေရာမှ နဲအော်လံကို ဖြုတ်ပစ်လိုက်၍လည်းကောင်း၊ နဲတံကို ဖြုတ်ပစ် လိုက်၍လည်းကောင်း တစ်ဆင့်ချင်း တစ်ဆင့် ချင်း နဲအစိတ်အပိုင်းများကို ဖြုတ်၍သွားကာ နောက်ဆုံး နဲခင်ကလေးတစ်ခုတည်းသာ ကျန်ရစ် သည့်တိုင် တေးသွားကို ပီသစွာ မှုတ်ပြနိုင်စွမ်း ရှိသည်။

## ဦးထိအောင်

ဦးထိအောင်သည် မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ် ဖွားမြင်သည်။ ပြည်မြို့နေ ဆရာဖေကြီး၏ တပည့်ရင်းဖြစ်သည်။

ခရစ်သက္ကရာဇ် ၁၉၂၁ ခုနှစ်ခန့်က မြန်မာ ပြည်၌ မယ်ဒလင်အပြင် ဘင်ဂျိုကြီးများ ခေတ်စားနေချိန်တွင် ဟွန်းတယောများလည်း ခေတ်စားလာလေသည်။ ထိုအချိန်တွင် ဦးထိအောင် သည် ဟွန်းနဲကြီးနှင့်ငယ်များကို သေသပ်စွာမှုတ်ပြ အသုံးတော်ခံသူဟု ထင်ရှားလေသည်။ ရိုးရိုးနဲ ကဲ့သို့မဟုတ်ဘဲ "ဟွန်း" များ တပ်ဆင်ထားသော ကြောင့် အမြင်အားဖြင့် တစ်မူထူးခြားနေလေရာ အသွင်ဆန်းမှုကြောင့် တစ်မျိုးထင်ရှား၏။ တစ်ခါ တစ်ရံ နဲဆရာကြီး ဦးဒီလုံးကဲ့သို့ လျှာကစား၍ မှုတ်တတ်သည်။ ဦးထိအောင်၏ ပင်ကိုနဲသံမှာ အသံသာယာ၍ ယဉ်ကျေးသိမ်မွေ့လှသည်။

## ဦးချစ်ဖေ

ဦးချစ်ဖေသည် မြန်မာသက္ကရာဇ် ၁၂၅၅ ခုနှစ်ဖွားဖြစ်သည်။ နာမည်ကျော် နဲဆရာကြီး ဦးဒီလုံး၏ အဆက်အနွယ်များထဲမှ အထူးထင်ပေါ် ကျော်ကြားခဲ့သူဖြစ်သည်။

ခရစ်သက္ကရာဇ် ၁၉၂၄ ခုနှစ် အင်္ဂလန်ပြည် ဝင်ဘလီပြပွဲကြီးသို့ ရွေးချယ်စေလွှတ်ခြင်းခံရ သည့် အနုပညာရှင်ထဲတွင် ဦးချစ်ဖေတစ်ယောက် အပါအဝင်ဖြစ်လေသည်။ ထိုစဉ်က ဦးချစ်ဖေ၏ အသက်မှာ ၃၁ နှစ်ပင် ရှိသေးသည်။

မြန်မာတို့၏ ဂီတ အနုပညာအစွမ်းကို ဖော်ထုတ်ပြသရာတွင် တိုင်းတစ်ပါးသားတို့အလယ် တွင် အံ့သြ ချီးကျူးလောက်အောင် ထင်ပေါ် အောင်မြင်ခဲ့သဖြင့် ဂုဏ်ပြု မှတ်တမ်းတင်ခြင်း ခံခဲ့ရသည်။

## မြန်မာညွန့် ဦးချစ်မောင်

ခရစ်သက္ကရာဇ် ၁၉၁၀ ပြည့်နှစ်လောက်က စန္ဒရားဝိုင်းများတွင် တယောနှင့် နဲကလေးသံ

ခွဲခြား၍မရအောင် စတင်မှုတ်ခဲ့ပြီး ထင်ရှားကျော်ကြားခဲ့သူမှာ မြန်မာညွှန့် ဦးချစ်မောင်ပင်ဖြစ်သည်။

ဦးချစ်မောင်သည် မြန်မာသက္ကရာဇ် ၁၂၅၃ ခုနှစ် တန်ခူးလကွယ်နေ့တွင် ဖွားမြင်သည်။ ပခုက္ကူမြို့ အောင်သာကန်ရပ်နေ တတ်ဗိန္ဒော ဆရာကြီး ဦးထွန်းမြို့နှင့် အမိ ဒေါ်စိန်ပွင့်တို့မှ မွေးဖွားခဲ့သည်။ သားလေးယောက်နှင့် သမီးလေးယောက်တို့အနက် အကြီးဆုံးသားဖြစ်သည်။

ဦးချစ်မောင်သည် အသက် ၁၂ နှစ်အရွယ်တွင် ပခုက္ကူမြို့ အင်္ဂလိပ် ဝက်စလီ ခရစ်ယာန်သာသနာပြုကျောင်းမှ နုတ်ထွက်၍ နဲပညာကို မက်မက်မောမော လေ့လာခဲ့သည်။ ကျောင်းနေစဉ် ပလွေစမ်းမှုတ်၍ ပခုက္ကူမြို့မှ ဆိုင်းဆရာကြီး ဦးစံဦး၊ နဲဆရာကြီး ဦးဖိုးခင်တို့ထံတွင် စတင်၍ နဲပညာ သင်ကြားခဲ့၏။ ထို့နောက် မန္တလေးမြို့ရှိ ဆရာစိမ်းထံတွင် ပညာဆက်လက်သင်ယူကာ ဆိုင်းနှင့်တွဲဖက်၍ မှုတ်ခဲ့၏။ မြန်အောင်မြို့မှ ဆိုင်းဆရာ ဦးသောကြာအဖွဲ့နှင့် အလုပ်လုပ်ခဲ့ရာတွင် အလွန်နာမည်ကျော်ကြားခဲ့၏။

ထို့နောက် မန္တလေးမြို့သို့ ပြန်ရောက်ကာ ဆရာဦးစိန်ဗေဒါ၏အဖွဲ့တွင် ဝင်ရောက်လုပ်ကိုင်ရာ ငွေနဲကြီး ဆရာကိုချစ်မောင်ဟု မြန်မာပြည်ကစ်လွှားတွင် ထင်ရှားခဲ့သည်။ မန္တလေးသို့ ဦးဟန်ပ ရောက်လာသောအခါ နှစ်နှစ်ခန့် တွဲခဲ့သေး၏။ ထိုစဉ် ကျန်းမာရေး ချွတ်ယွင်းလာသဖြင့် အားအင်အလွန်စိုက်ထုတ်ရသော နဲမှုတ်ခြင်းအလုပ်မှ နားခဲ့ရ၏။ ထိုသို့နားနေစဉ် ဒေဝဣန္ဒာ မောင်မောင်ကြီးထံတွင် စောင်းတီးသည့်ပညာကို သင်ယူသည်။ ရှာစားကြီး စိန်ဗေဒါထံတွင် ပတ္တလားတီး သင်ယူသည်။ စန္ဒရားနှင့် တယောလည်း သင်ခဲ့သေးသည်။

ပညာစုံသောအခါ မန္တလေးမြို့ မြန်မာညွှန့် ရုပ်ရှင်ရုံတွင် တီးဝိုင်းထောင်သည်။ မြန်မာညွှန့် တီးဝိုင်းဟု အမည်တွင်၏။ ထိုအချိန်ကစ၍ မြန်မာညွှန့် ဦးချစ်မောင်ဟု နာမည်ကျော်လေသည်။ မကြာမီ မြန်မာညွှန့်အငြိမ့်ကို တည်ထောင်၏။ မြန်မာညွှန့်အဖွဲ့ကို "တင်သုံးတင်" အဖွဲ့ဟုလည်း ခေါ်ပေသေးသည်။ စာရေးဆရာ အကျော်အမော်များဖြစ်ကြသည့် နန်းတော်ရှေ့ ဆရာတင်၊ ဝိုင်အမ်ဘီအေ ဆရာတင်၊ မြန်မာညွှန့် ဆရာတင် စသည့်ပုဂ္ဂိုလ်ကြီးသုံးဦး ပါဝင်ခဲ့သောကြောင့်ဖြစ်သည်။ မြန်မာညွှန့်အငြိမ့်အဖွဲ့သည် ထိပ်တန်းကျသော အငြိမ့်အဖွဲ့ဖြစ်ခဲ့ပေသည်။

ခရစ်နှစ် ၁၉၂၆ ခုနှစ်တွင် မြန်မာပြည် ဘုရင်ခံ "ဆာဘာကုတ်ဘတ္တလာ" က ရွှေတံဆိပ်တစ်ခု၊ နာမည်ကောင်းလက်မှတ်တစ်ခုနှင့် ရွှေဘယက်ကြီးတစ်ခု ချီးမြှင့်ခဲ့သည်။

ဦးချစ်မောင်၏ ဇနီးမှာ ဝဏ္ဏကျော်ထင် ဒေါ်အောင်ကြည် ဖြစ်သည်။ ဦးချစ်မောင်သည် ရန်ကုန်မြို့ ယဉ်ကျေးမှုဌာန ပန်တျာကျောင်းတွင် ပတ္တလားနည်းပြအဖြစ် အမှုထမ်းခဲ့သည်။ ပညာစုံသော ပညာရှင်ကြီးဖြစ်သဖြင့် ရန်ကုန်မြို့ ဆိုင်းအစည်းအရုံးကြီး နာယက၊ ပခုက္ကူမြို့သမဂ္ဂ အသင်းကြီး၏ နာယက၊ နိုင်ငံတော် ယဉ်ကျေးမှုဝန်ကြီးဌာန ပန်တျာမှုမှန်ပြုလုပ်ရေး ဘုတ်အဖွဲ့ဝင် လူကြီး၊ မြန်မာနိုင်ငံတော် ဂီတသုခုမ သုတေသန အဖွဲ့ချုပ်ကြီး၏ ဒုတိယ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရသည်။

ခရစ်နှစ် ၁၉၅၈ ခုနှစ်၊ ဇွန်လ ၁၄ ရက် သောကြာနေ့တွင် ကွယ်လွန်ခဲ့သည်။

## နဲ့ဝိဇ္ဇာ ဦးမြမောင်

နဲကောင်းတစ်လက်သည် လက်ပေါက်များ အကုန်လွတ်ပြီး တွင်းကုန်အောင် မှုတ်နိုင်ပါက နဲဝိဇ္ဇာဟု သတ်မှတ်ခြင်းခံရသည်။ ပခုက္ကူသား နဲဝိဇ္ဇာ ဦးမြမောင်သည် ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြစ်၏။

ဦးမြမောင်ကို မြန်မာသက္ကရာဇ် ၁၂၈၇ ခုနှစ်တွင် အဘ သစ်တောအုပ် ဦးဘိုးထူးနှင့် အမိ

ဒေါ်မယ်ပြည်တို့က ပခုက္ကူမြို့ ဇွန်သိုက်ရပ်ကွက်တွင်မွေးဖွားခဲ့သည်။ မွေးချင်းသုံးယောက်ရှိသည့်အနက် ဦးမြမောင်က အထွေးဆုံးဖြစ်သည်။ ဆယ်နှစ်သားခန့်ကတည်းက ပလွေကို စမ်းမှုတ်ကြည့်သည်။ အစ်ကိုဖြစ်သူက အတင်းအကျပ်တားမြစ်သည့်ကြားထဲမှ မရ ရအောင် ခိုးခိုးမှုတ်ခဲ့ရာ အတော်လေး ကျွမ်းကျင်လာခဲ့သည်။ ပလွေလက်စွမ်း လက်တော်သော ဦးမြမောင်ကို အောင်သာကန်အရပ်ထဲမှ ဦးသာလုက ဆရာထာဆီ ခေါ်သွားပြီး အပ်နှံပေးခဲ့၏။ ဆရာထာသည် ပခုက္ကူတွင် ခေတ်ပြေးနေသော စိန်ဘယူဆိုင်းထဲမှ နဲ့ကောင်းတစ်လက်ဖြစ်၏။ ဆရာထာထံတွင် နဲ့ပညာကို ဇွဲကောင်းကောင်းဖြင့် သင်ကြားခဲ့ပြီး အမှုတ်အကျင့်များလာသောအခါ ဆရာထာက သူနှင့်တွဲပြီး အမှုတ်ခိုင်းသည်။ ဆရာ့နဲ့ကို တွယ်ပြီး လိုက်မှုတ်ရသဖြင့် တွယ်နဲ့ဟုခေါ်သည်။ ဦးမြမောင်သည် အသက် ၁၇ နှစ်ခန့်လောက်တွင် နဲ့ကောင်းတစ်လက်ဟု လူထုက ချီးမွမ်းခြင်းကို ခံခဲ့ရလေပြီ။

နဲ့ခေါင်းဆောင်အဖြစ် စ၍ မှုတ်ရသောဆိုင်းမှာ ဦးဘိုးကြူ၏ဆိုင်းဖြစ်သည်။ ထို့နောက် စိန်ဘညိုဆိုင်းနှင့် တွဲခဲ့သည်။ ရန်ကုန်သို့ဆင်း၍ ဗြိတိသျှဘားမား၊ အေဝမ်း စသည့် အသံသွင်းအဖွဲ့များတွင် ခြောက်လခန့်ကြာအောင် မှုတ်ခဲ့ဖူးသေးသည်။

ဦးမြမောင်မှုတ်သည့်လက်ပေါက်များထဲမှ "ငါးပေါက်လက်ကပ်" မှုတ်နည်းမျိုးကို ယခုခေတ်နဲ့ပညာရှင်များ လိုက်မှုတ်၍ မရသေးပေ။ ဦးမြမောင်က လက်ပေါက်လွှတ်ပြီး သက်ပြန်ရှုကာ မှုတ်သည်။ ယခုခေတ်နဲ့များက နားပြီး သက်ပြန်ရှုပြီးမှ မှုတ်ကြသည့်အလေ့ရှိသည်။

## ဦးစိန်ဗလ

နဲ့ဝိဇ္ဇာဆရာညွှန့်၏တပည့်ဖြစ်ပြီး ဗလာဆိုင်းအမှုတ်ကောင်းကာ ဇာတ်ပို့အလွန်တော်သည်ဟု



နဲ့ဆရာကြီး ဦးစိန်ဗလ

နာမည်ကြီးခဲ့သည့် နဲ့ဆရာမှာ ဦးစိန်ဗလဖြစ်သည်။

ဦးစိန်ဗလကို ဧရာဝတီတိုင်း မအူပင်မြို့နယ် ကျုံကြိုက်ကျေးရွာတွင် အဖ ဦးဘသောင်း၊ အမိ ဒေါ်မိတင်တို့မှ မွေးဖွားခဲ့သည်။ သားချင်းခြောက်ယောက်ရှိသည့်အနက် ဦးစိန်ဗလမှာ တတိယသားကြီး ဖြစ်သည်။ အမိဖြစ်သူ ဒေါ်မိတင်မှာ အညာအဆက်အနွယ်ဖြစ်သည်။ မိတ္ထီလာမြို့အောက်ဘက်ရှိမလှိုင်ဇာတိဖြစ်သည်။ ရွာစားကြီး စိန်ဗေဒါ၏ လက်ရင်းတပည့်ဖြစ်သူ ဆိုင်းဆရာ ဦးငှက်ရိုးသည် အမိ ဒေါ်မိတင်နှင့် မောင်နှမ တစ်ဝမ်းကွဲ တော်စပ်သူဖြစ်သည်။ ဦးငှက်ရိုးသည်လည်း မလှိုင်သား ဖြစ်သည်။ ဦးငှက်ရိုး၏ သားများမှာ ဆိုင်းဆရာ စိန်မောင်ကိုကြီးနှင့် စိန်နက်ကြီးတို့ဖြစ်ကြသည်။ ထို့ကြောင့် အမိဘက်မှ အနုပညာမျိုးရိုးဆက်ဖြစ်သည်ဟု ဆိုနိုင်သည်။

ဦးစိန်ဗလသည် ဗလာဆိုင်း အမှုတ်ကောင်းသဖြင့် ဗလာဆိုင်းဆရာ ရွှေတိုင်ညွှန့် ဦးအေး

မောင်၊ ဘိုကလေး ကျောက်စိမ်း၊ ဘိုကလေး ဘိုကေဆိုင် စသည့် ဆိုင်းများနှင့် တွဲခဲ့သည်။ ထိုအချိန်က အောက်ပြည် အောက်ရွာတွင် "ဆိုင်နှစ်ဆိုင်" ဟု အလွန်နာမည်ကြီးနေချိန် ဖြစ်သည်။ "ဆိုင်နှစ်ဆိုင်" ဆိုသည်မှာ တစ်ဦးက ဝိုင်းတော်တီး ဘိုကေဆိုင်ဖြစ်၍ ကျန်တစ်ဦးမှာ ဝိဇ္ဇာနှင့် ခေတ်ပြိုင်ဖြစ်သော နဲ့ဆရာ ဦးကံဆိုင် ဖြစ်သည်။

ဦးစိန်ဗလသည် ဇာတ်ပို့ကောင်းသောနဲ့ဆရာ ဖြစ်သောကြောင့် ဇာတ်များနှင့် တွဲဖက်လုပ်ကိုင်ခဲ့သည်။ အများဆုံး တွဲဖက်မှုတ်ခဲ့သောဇာတ်များမှာ ဦးအောင်မောင်း၊ ရွှေမန်းတင်မောင်နှင့် စိန်အောင်မင်း စသည့် နာမည်ကျော် ဇာတ်ကြီးများဖြစ်သည်။

ဦးစိန်ဗလသည် ၁၉၈၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် အသက် ၆၆နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

## ဦးကျော်စိန်

ဦးကျော်စိန်သည် ပန်းတနော်မြို့နယ်သား ဖြစ်သည်။ ပန်းတနော်မှ စိန်ချစ်တီး ဗလာဆိုင်းမှ နဲ့ဆရာအဖြစ် ရန်ကုန်သို့ရောက်လာခဲ့ပြီး နောက်ပိုင်းတွင် ဇာတ်နှင့် တွဲ၍လည်း မှုတ်ခဲ့သည်။ တွဲဖက်မှုတ်ခဲ့သော ဆိုင်းများမှာ အောင်လံတော် မောင်ခင်စိန်၊ ဦးစိန်နွဲ့တို့၏ ဆိုင်းများဖြစ်သည်။ တစ်ဖန် အငြိမ့်အဖွဲ့များတွင်လည်း ဝင်ရောက်လုပ်ကိုင်ရာ လူသိများ ထင်ရှားခဲ့သည်။ ထိုအငြိမ့်များမှာ သူ၏လက်ဦးဆရာဖြစ်သူ ဇာတ်ဆရာ ဦးချစ်ဦး တည်ထောင်သည့်အငြိမ့်၊ ယုဇနတီစီ ရွှေနှင်းဆီ အငြိမ့်၊ ဖက်ရှင်အောင်ငွေ အငြိမ့်၊ လင့်လေဒီ အငြိမ့်၊ ရွှေလိပ်ပြာအငြိမ့် စသည်တို့ ဖြစ်ကြသည်။ ခေတ်ပေါ်သံစဉ်များကို မှုတ်နိုင်သည့်အပြင် ဇာတ်ပို့ကောင်းသဖြင့် အသံတိတ်ခေတ် ရုပ်ရှင်မှစ၍ အသံထွက်ခေတ် ရုပ်ရှင်များအထိ ဇာတ်ကားပေါင်းများစွာတွင် မှုတ်ခဲ့သည်။ စန္ဒရား စစ်ကိုင်းလှရွှေ၊ အဆိုတော် စိန်ပါတီတို့မှာ ဦးကျော်စိန်နှင့် အသံတိတ်ခေတ် ရုပ်ရှင်များကတည်းက တွဲဖက်သီဆို တီးမှုတ်ခဲ့သူများဖြစ်လေသည်။ တစ်ဖန် ကာလပေါ်ဓာတ်ပြားများသွင်းရာတွင်လည်း ပါဝင်သေးသည်။ အလင်္ကာကျော်စွာ စိန်ဝေလျှံ၊ အလင်္ကာကျော်စွာ ရွှေပြည်အေး၊ အေဝမ်းခင်မောင်၊ စန္ဒရား ထွန်းညွန့်၊ စန္ဒရားချစ်ဆွေ၊ စန္ဒရားလှထွတ် စသူတို့နှင့် သွင်းထားသော ဓာတ်ပြားများတွင် ငွေနဲ့ကျော် ဦးကျော်စိန်၏နဲ့သံကလေးကို ကြားနိုင်ပါသည်။

ဦးကျော်စိန်သည် နဲ့မှုတ်ရုံမျှသာမက နဲ့ကိရိယာအစိတ်အပိုင်းများကိုပါ စိတ်ဝင်စားမြတ်နိုးတတ်သူဖြစ်သဖြင့် ကြိမ်နဲ့ရိုး၊ ကြိမ်နဲ့ခြေ၊ ထင်းရှူးသားနဲ့ရိုးများကို စမ်းသပ်တီထွင်ပြုလုပ်ခဲ့ပေသည်။

ဦးကျော်စိန်သည် ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့၊ အသက် ၇၁ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

လုံးပေါ်၊ ရှုလိုက်ပြန်သော် ပြည်တော်နှင့်တနဲ မျှော်လိုက်ပြန်သော်၊ ပြည်တော်နှင့်မဝေး၊ သစ်ရွှေတောက်ကယ် မျောက်ပိုနှင့် (ပင်ရုံညို)၂ ပင်ရုံညို သာတဲ့စခန်းမှာ တောသူတို့ပျော်ပွဲ၊ တောသူတို့ပျော်ပွဲ။

## ပြောသီချင်း

အရှေ့ကိုလျှောက်ပါလို့၊ အနောက်ကလေးကိုတဲ့ မျှော်လိုက်လျှင်၊ တံခွန်တိုင် ရွှေကုက္ကားနှင့် (ဘုရားလေးလေ)၂ ဘုရားကိုမြင်၊ မလေးတို့ မင်းဥယျာဉ် အဝင်မှာ သာပေတောင်း၊ ဗောဓိ ရွှေကျောင်း။

## သင်္ကေတများ

### သာကွင်း (၁)

နှဲ

ဆိုင်း 15 - - 176. 6 176 6 176 6 3 2 1 7 6 5 4 3 2 1 ဝိုင်း

7 6 5 6 767 | 1 - 5 4 | 3 .1 7 1 | 53 41 37 15 |

| 56 51 5 4 3 21 37 | 212 | 3 - 71 21 |

| 75 43 7 1 | 53 41 37 15 | 56 51 5 4 3 21 37 1 212 |

3 - 6 64 | 65 14 6 5 | 13 13 45 65 |

| 6 - 3 2 1 7 6 5 4 3 2 1 ဝိုင်း 7 65 6 767 |

| 1 - 51 2327 | 1 3 4 5 ဝိုင်း | 1 - 54 37 |

| 21 6 5 | 0 0 3 7 | 2 1 6 5 | 54 37 13 45

217 6 5 4 3 2 1. 7 212 | 3 - 51 27 |

| 13 4 5 ဝိုင်း | 1 - 13 43 | 45 43 7 |

| 54 3 7 | 2 1 6 5 | 0 0 3 7 | 2 1 6 5 |

| 00 34 56 | 5 64 52 17 | 3 - 13 43 | 45 43 7 1 |

| 17 64 7 1 | 2 1 6 5 | 4 - 3 7 | 2 1 6 5 |

| 5 - 6 - | 32 16 15 65 | 1 65 61 21 | 23 21 61 21 |

| 43 21 17 64 | 65 14 6 5 | 0 5 1 5 | 45 43 7 1 |

| 43 37 21 17 | 65 21 176 57 | 45 65 34 54 | 15 43 7 1 |

| 43 37 21 17 | 65 21 176 57 | 3 - 6 64 | 17 64 7 1 |

| 54 3 7 | 2 1 6 5 | 2 - - - | 32 21 17 65 |

| 21 23 45 76 | 65 14 6 5 | 1 - 13 43 | 45 43 7 1 |

| 54 3 7 | 2 1 6 5 | 0 0 54 37 | 2 1 6 5 |

| 00 34 56 | 5 64 52 17 | 3 - 13 43 | 45 43 7 1 |

| 17 64 7 1 | 3 2 1 7 | 6 5 4 - | 45 671 21 4 21 |

| 4 - 3 2 1 7 6 4 5 6 - - 3 2 1 7 6 5 - - - |

စည်ကိုးလုံးပြော

4 21 17 64 - 17 64 71 27 1 - 3 2 1 7 6 5 4

43 27 13 - 371 71 5 12 17 3 45 - 6 -

17 65

ငှက်ညည်း

1 2 32 31 2 4 - 3 43 45 - 65 43 51 2327

3 5 1 27 - 213 4 3 2 31 2 4 - 5 4 3

4 6 - 1 7 6 3 5 4 2 1 4 1 2 1 4 3 4 6

- 1 7 6 3 54 21 - 3 5 43 543

21 23 53 21 12 6 75 56 76 1 2 76 5 —

ဗုံထောက်

ဗုံထောက်ချပြီး တျော့တျာသပ်နည်း

|| 12 36 | 15 65 | 156 7671 | 2123 2175 |

| 7563 2175 | 6156 7635 | 163 2176 |

| 6543 4565 | 1767 1767 | 1762 1765 |

| 13 2 1 7 6 5 - 5 - - -

သော်တာပေါ်လာ

|| 5 6 5 4 | 3 2 1 2 | 3 2 6 5 |

| 4 21 24 54 | 0 56 16 54 | 3 2 1 2 |

| 3 6 3 2 | 1 65 61 21 | 02 23 53 21 |

| 06 35 65 61 | 4 32 45 42 | 17 34 51 42 |

အခေါက်

| 1 71 27 | 1 71 27 | 1 15 01 5 |

| 43 21 512 32 | 1 |

နှဲခုနစ်သံလှည့်၍မှတ်ရသော အသံများ

|| 73 45 67 1764 | 71 27 16 4 |

| 43 23 2171 17 164 | 4337 2117 6521 17657 |

| 43 21 17 164 | 13 46 51 65 |

||:0 16 4 16 | 6416 416 6515 65 |

| 1 664 7 1 | 3432 1737 21 65 |

|017 4543 1317 5717 | 5717 1343 4543 71 |

|3432 1737 21 65 | (၁) 13 46 51 65 : ||

(၂) | 11 54 33 71 | 4323 2171 1767 6545 |

| 13 5437 176 71 | 4 - - 5 2 - 3 4 3 21| ----

ဒိုးပတ်သီချင်း (၁)

||:01 76 65 43 | 65 42 342 35 :||: 06 15 65 67 |

| 67 65 65 43 : ||: 53 231 21 23 | 21 75 65 61 :|

| 53 231 2 5 - 7 6 5 4 64 32 | 3 - - 5 3 2 1 3

76 56 767 | 1 - - - ||

| 5 3 2 6 | 5 3 2 1 | 2 5 2 3

| 65 43 53 21 | 05 76 57 6 | 31 26 15 65 |

| 1 . . . |

အိုးစည်သီချင်း (၁)

||:0 54 34 34 | 5 - - - :||: 0 6 5 4 |

| 54 31 2 ·5 | 0 3 2 1 | 21 75 6 1 :||

| 01 12 32 31 | 06 54 32 31 ||: 31 32 13 2 |

| 27· 21 72 1 :|| 0 56 3 - 6 - - 7 6 5 4

3 2 31 76 56 767 1 - - - | 32 12 3 6 |

| 5 - - - | 65 54 43 21 | 43 72 17 65 |

| 1 0 0 0 ||

စည်တော်သံ (၁)

||:0 1 - 212 | 3 - 43 21 :||: 02 17 33 45 |

| 45 43 43 21 :|| 53 21 23 21 | 65 12 35 32 | 1

|| 0 45 4 - | 0 3 43 21 | 0 3 4 212 |

| 3 - 43 21 | 0 6 65 4 | 0 3 43 21 |

| 0 3 4 212 | 3 - 43 21 | : 02 17 33 45 |

| 45 43 43 21 :|| 53 21 23 21 65 12 35 32 || 1

ဗုံကြီးသံ (၁)

||:0 76 53 21 | 01 26 1 - :||:0 1 2 4 |

| 56 54 64 32 :|| 53 21 23 21 | 6 6 54 32 || 1

စခန်းချ

54 53 45 6 --- 66 6 54 3 43 21 - 44 4 33 41

27 - 3 4 212 3 21 71 76 32 127 12 34

4 3 27 321 - 32 127 12 34 - 4 3 27

3 2 1 - - 634 3 4 2 127 ||: 0 67 1 - |

||0 65 4 - :|| 04 44 33 41 -

5 1 27 12 32 5 3 2 1 2 31 75 6 767 - 1 ---

သပြေ (၁)

6 5 4 2 1 6 5 4 1 2 4 65 4 65 4 65 61

65 4 - 45 65 45 2 - 3 43 21 - 2 1

765 6 7 - 17 64 71 2 3 2 3 5 6 3 2

176 4 6 7 6 5 | 4 21 23 45 |

|43 21 71 21 | 4 21 23 45 | 43 21 71 21 |

|45 65 61 65 | 43 21 71 21 |

သပြေ (၂)

6 5 4 2 1 6 5 4 1 2 4 - 65 4 65 4 65

61 65 4 45 65 45 2 3 - 4 3 2 1

23 21 - 2 1 7 6 5 4 5 6 7 - 17 64

71 2 3 2 3 5 6 3 2 1 7 6 4 6 7 6 5- |

|55 6765 12 3 | #4332 2175 63 65 |

| 1 - 5 - - - -

နရည်း

21 7 12 32 5 32 12 323 4 - 45 65 45 2

3 - 43 21 - - 2 1 7 6 5 6 7 17 64 71 2 - -

3 2 3 5 6 3 2 1 7 6 4 6 5 | 4 21 23 45 |

| 43 21 71 21 | 4 21 23 45 | 43 21 71 21 |

| 45 65 61 65 | 43 21 71 21 ||

ဘွဲ့ခံ

||: 4 - 1 4 | 11 65 43 21 | 73 43 54 37 |

| 2 1 6 5 :|| 4 - 1 6 | 4 - 1 6 |

| 64 16 41 6 || 53 75 37 5 | 17 6 7 1 |

| 2 1 6 5 | 4 32 1 4 | 65 45 43 21 |

| 73 43 54 37 | 2 1 6 5 | 4 - 54 54 |

| 3 - 43 43 | 43 21 4 - | 4 - 6 5 |

| 4 5 3 45 | 65 45 43 21 | 73 43 54 37 |

| 2 1 6 5 | 6 - 3 2 1 7 6 | 5 4 3 21 |

2321 4 - - -

## ပတ်ပျိုးခံ

4 - 2 1 13 71 67 65 | 4 21 17 64 | 65 21 - 67 2 |

1 7 6 5 4 3 2 1 6521 5 17 1.212 | 3 - 2 27 |

|43 27 3 4 | 6 5 2 1 | 5 1 764 57 54 |

| 37 71 1764 71 | 74 37 21 65 | 43 21 17 6 |

| 17 6 71 27 | 1 - 11 1 | 62 175 61 65 |

| 4 41 26 15 | 64 52 41 21 | 4 - 2 1 | 13 71 67 65 |

| 4 21 17 64 | 65 21 - 67 | 2 1 7 6 | 5 4 3 2 |

| 1 6521 5 17 3 - 4327 33 45 65 45

54 34 3 7 1 17 6 7 1 74 37 21 65

21 71 67 64 65 1 656 7 - - - 3 - - 3 43 45

65 43 21 23 27 1

## ကြိုးခံ

|| 0 0 2 2 | 21 47 2 1 | 4 - 2 2 |

|21 47 2 1 | 0 45 65 54 | 43 21 71 21 |

| 0 45 65 54 | 43 21 71 21 | 43 21 43 21 |

| 43 21 71 21 | 43 21 43 21 | 43 21 71 21 |

| 63 46 34 63 | 17 63 54 21 | 26 72 67 2 |

| 21 47 2 1 | 63 46 34 63 | 17 63 54 21 |

| 26 72 67 2 | 21 47 2 1 | 71 21 76 54 |

| 76 34 11 21 | 71 21 76 54 | 76 34 11 21 |

| 4 - 2 2 | 21 47 2 1 | 4 - 2 2 |

| 21 47 2 1 | 54 46 71 32 | 21 47 2 1 | 4

ပြော

|| 03 34 57 54 | 3 7 1 6 | 5 56 5 1 |
| 43 21 57 17 | 3 43 45 43 | 45 43 7 1 |
| 34 32 17 37 | 2 1 6 5 | 0 43 32 21 |
| 56 53 56 1 | 71 21 73 45 | 43 21 57 17 |
| 3 43 45 43 | 45 43 7 1 | 34 32 17 37 |
| 2 1 6 5 | 0 21 24 54 | 56 54 24 54 |
| 52 17 33 45 | 65 45 43 21 | 5 7 1 7 |
| 1 3 4 | 53 41 3 7 | 2 1 6 5 ||

ပြောအဆုံးသတ်တီးချက်များ

||:0 0 6 5 | 6 5 6 1 | 71 21 73 45 |
| 43 21 57 17 | 3 43 45 43 | 15 43 7 1 |
| 34 32 17 37 | 2 1 6 5 :|| 1 1 21 27 |
| 1 - 5 - | 4 - 3 7 | 2 1 6 5 |
5 2 1 7 6 5 4 - 5 4 3 2 1 3 7
212 3 - - 4 - 2 1 7 1 65 6 7 - -
17 6 71 2 - 32 35 6 3 2 1 7
6 4 6 7 6 5 - - -

တေးထပ်ငိုချင်း

|| 12 32 12 12 323 |: 4 - 2 1 | 4 21 4 5 |

| 6 65 6 65 | 6 1 6 5 :|| 4 21 4 5 |

| 65 45 65 61 || 0 23 21 76 | 21 76 56 54 |

| 0 21 4 5 | 65 45 65 61 | 0 23 21 76 |

| 21 76 56 54 | 6 - 5 - | 4 - 5 - |

| 2 - - - 12 32 1212 5 323 4 -

3 - - 4 3 2 1 - 12 7675 56 767 1

2 76 5 - - -

အိနှောင် (ယိုးဒယား) ငိုချင်း (၁)

|| 35 32 15 12 | 32 12 32 35 | 2 35 35 35 |

| 1 - 3 - | 2 - 1 - | 2 32 15 12 |

| 35 67 65 32 | 1 32 12 12 | 32 12 32 35 |

| 0 67 65 #43 | 65 #43 23 21 | 0 67 65 #43 |

| 65 #43 23 21 | 3 - 2 - | 1 - 31 76 |

| 56 76 56 56 | 31 76 56 767 |

| 1 - 61 23 21 61 61 5 - 3 2 1 5 - - -

အိနှောင် (ယိုးဒယား) ငိုချင်း (၂)

5 - 1 - 21 7 - 7121 2327 1

4 - 32 21 17 1 - || 32 12 | 21 71 | 17 67 |

| 1 - |32 12 | 21 71 | 17 67 | 1 4 | 4 4 ||

| 24 54 | 24 21 | 7 4 | 4 4 | 24 54 | 24 21 |

| 7 54 | 7 1 | 21 71 | 2 4 || : 0 56 | 54 32 |

| 54 32 | 12 17 :|| 2 - | 1 - | 7 - | 1 - |

| 5 - | 45 65 | 45 45 | 1 656 | 7 - | 4 - |

32 - 21 17 12 32 17 65 -

ငိုချင်းရှည်မှတ်နည်း

||: 02  22 02 41 |: 04 21 42 16 | 54 32 21 76 |

| 02  76 27 6 : || 45 65 45 65 | 45 65 41 26 |

| 6  2  43 21 | 4  26 5432  4216 | 4 - - -  နဲ့စိမ်

ဗျိုင်းတောင်မှတ်နည်း

| 76  217  65 54 | 76 217  65 54 | 76 217  65 54 |

| 12  41 24 12 | 4 - - 45 65 45 2 - 3 - - 43

21 23 21 - 2 - - 1 7 6 5 6 7 - 17 64

71  2 - - 32 35 63 2 1 7 6 4 6 7 6 5 - -

# ကိုးကားသော ကျမ်းများနှင့် စာအုပ်များ


၁။ ကျော်မြင့်၊ မြန်မာဂုဏ်၊ **စာပေရိပ်မွန်**၊ ဩဂုတ်လ၊ ၁၉၆၇။

၂။ ဂုဏ်ဘဏ်၊ ဦး၊ **ဂီတသံစဉ် နည်းလမ်းယဉ်**၊ စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်၊ ၁၉၆၂။

၃။ ဖေမောင်တင်၊ ဦး၊ **ပုဂံကျောက်စာညွန့်ပေါင်း**။

၄။ ဖိုးလတ်၊ ဦး၊ **မြန်မာစကားအဖွင့်ကျမ်း**။

၅။ မာဏဝ၊ **မဟာဂီတပေါင်းချုပ်ကြီး**။

၆။ မောင်မောင်လတ်၊ ဦး၊ **ဂီတဝိသောဓနီကျမ်း**၊ ၁၉၅၃။

၇။ မြင့်အောင်၊ ပန်တျာ၊ **မြန်မာ့ဆိုင်းနဲ့ပညာကျော်များ**၊ ၁၉၇၇။

၈။ မြင့်အောင်၊ ပန်တျာ၊ **မြန်မာ့တူရိယာဂီတပညာကျော်များ**၊ ၁၉၆၂။

၉။ အောင်ပြေညို (နံ့သာမြေ)၊ **ပခန်းအနုသဘင်ကျော်များ**၊ ၁၉၈၆။

၁၀။ အင်းဝခေတ်ပျို့များ။

၁၁။ ရှင်အဂ္ဂသမာဓိ၊ **နေမိဘုံခန်းပျို့**၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၅၇။

၁၂။ ရှင်အဂ္ဂသမာဓိ၊ **သုဝဏ္ဏလျှံ မြားပစ်ခန်းပျို့**၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၁။

၁၃။ Author Jacobs, **A New Dictionary of Music.**

၁၄။ K, **Burmese Music,** Vol: 30, part 3, p 387.

၁၅။ Percy. A. Scholes, **The Oxford Companion to Music,** Oxford University Press, London, New York, Toronto.

၁၆။ Percy A. Scholes, **The Concise Oxford Dictionary of Music.**

၁၇။ Shway Yoe, **The Burma, His Life and Nations,** London, Macmillan and Co, New York, 1986.

၁၈။ Symes, Michael, An accourt of on embassy to the Kingdom of Ava, sent by the Governor Genoval of India in the year 1715, London G & W Nicol, 1800.

၁၉။ Willie Apel, **Hervard Dictionary of Music,** Harvard University Press, Cambridge, Massachusettes, 1947.

# ကိုးကားမှီငြမ်းသည့် ဆောင်းပါးများ

၁။ စိန်ဝင်း၊ ဦး၊ **မြန်မာ့နဲ**၊ ယဉ်ကျေးမှုစာစောင်၊ အတွဲ ၃၊ အမှတ် ၁၂၊ ၁၉၆၂။

၂။ ဘရွှေ၊ မာန်အောင်၊ **မြန်မာ့ဂီတပညာရှင်ကြီး မြန်မာညွန့် ဦးညွန့်မောင်**၊ သပြေတေးမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၈၁။

၃။ မောင်မောင်၊ ခေတ္တရာ၊ **ဗမာ့ရှေးဟောင်းတူရိယာ သိမှတ်စရာ**၊ ရှုမဝရုပ်စုံမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၁၉၆၄။

၄။ လှသမိန်၊ **မြန်မာ့နဲ**၊ မြဝတီမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၈၄။

## တွေ့ဆုံမေးမြန်းသည့်ပုဂ္ဂိုလ်များ

၁။ ဦးစံရင်

၂။ ဦးစိန်ညွန့်

၃။ ဦးစိန်နွဲ့ (ရွာစား)

၄။ ဦးစိန်မောင်တင် (မုံရွာ)

၅။ ဦးညွန့်ဖေ (မုံရွာ)

၆။ ဦးလှတင် (လှသမိန်)

၇။ ဦးမြအေးစိန်

၈။ ဦးမြဦး (သန်လျင်)

၉။ ဦးအောင်သိန်း (နန်းညွန့်ဆွေ)

၁၀။ ဒေါ်အောင်ကြည်

ပ၊စ၊လ/၈၈၀–၉၄/စာတည်း၄၁န/၁၆၅၀၀ + ၁၅/စာပေဗိမာန်ပုံနှိပ်စက်ရုံ။

## စာကြည့်တိုက်တွင်သုံးရန်


တိုက်ပိုင်အမှတ်

၇၈၈.၅ မြကြီး၊ နဲ၊ ဦး၊ (ကော့မှူး)
မြ **မြန်မာ့နဲ**။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၉၅။
စာမျက်နှာ၊ (ပြည်သူ့လက်စွဲစာစဉ်)

မြန်မာ့တူရိယာတစ်မျိုးဖြစ်သော နဲပညာရပ်ကို စာတွေ့၊ လက်တွေ့ ပညာရပ် အကိုးအထောက်များဖြင့် တင်ပြထားသည်။ ၁၉၉၂ ခုနှစ် စာပေဗိမာန် စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ ပထမဆုရသည်။

အဖိုး ၂၃ ကျပ်



၁၉၉၂ ခုနှစ် စာပေဗိမာန်စာမူဆု

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ ပထမဆုရ

"မြန်မာ့နဲ"

ရေးသူ- နဲဦးမြကြီး (ကော့မှူး)

ဦးအုန်းချိန်၊ ဒေါ်ရွှေပုတို့မှ ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ဆုံရှမ်းကျေးရွာတွင် မွေးဖွားခဲ့သည်။ ၁၉၄၀ ပြည့်နှစ်မှစ၍ နဲဆရာ ဦးဗလထံတွင် နဲပညာများကို စတင်သင်ကြားခဲ့သည်။ အာဇာနည် လှကြည်၊ ဦးအောင်မောင်း၊ ဦးအောင်ငြိမ်း၊ တက်ခေတ်စိန်၊ စိန်အောင်လွင်၊ စိန်ဗိတန်၊ စိန်ကျော်မင်း၊ ဆောင်တော်ကူး အေးဖေ စသောဇာတ်များနှင့် ဦးဟန်ပ၊ ဦးစိန်နွဲ့၊ ဦးစိန်ခ၊ ဦးစိန်သောင်း (စန္ဒရား)၊ ဦးစိန်ဗိုလ်တင့်၊ စိန်ချစ်တီး စသောဆိုင်းအဖွဲ့များတွင် နဲဆရာအဖြစ် လုပ်ကိုင်သည်။

၁၉၅၂ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းအဖွဲ့တွင် နဲဆရာအဖြစ် တာဝန် ထမ်းဆောင်သည်။ ၁၉၇၂ ခုနှစ်တွင် ရန်ကုန် ပန်တျာကျောင်း နဲနည်းပြနှင့် သင်ရိုးညွှန်းတမ်းကော်မတီဝင်၊ ၁၉၇၆ မှ ၁၉၈၂ ခုနှစ်အထိ နိုင်ငံတော်ဆိုင်း အုပ်ချုပ်သူတာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၄ ခုနှစ်တွင် နဲပညာ အခြေခံအကြောင်း မြန်မာ့အသံမှ ဟောပြောခဲ့ဖူးပြီး ၁၉၈၈ ခုနှစ် တွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဆိုင်ရာစာတမ်းဖတ်ပွဲတွင် နဲစာတမ်း ရေးသားတင်သွင်း ဖူးသည်။ ပြည်တွင်းပြည်ပမှ ဆုတံဆိပ်များစွာ ရရှိခဲ့သည်။

ထိုင်း၊ တရုတ်၊ ရုရှား၊ ယူဂိုဆလပ်၊ ဗီယက်နမ်၊ ပိုလန်၊ ဂျာမနီ၊ ချက်၊ အိန္ဒိယ၊ နီပေါ၊ အင်္ဂလန်၊ အီတလီ၊ အမေရိကန်၊ ကနေဒါ၊ ပြင်သစ်နိုင်ငံများသို့ တာဝန်ဖြင့် သွားရောက်ခဲ့သည်။ ၁၉၈၈ ခုနှစ် တွင် အငြိမ်းစားယူသည်။

အမည်ရင်း ဦးမြကြီး ဖြစ်သည်။